
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ၊ ၅၀၀၄၀၂၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၊ ၅၀၀၃၅၆၀၃၀၉

ပုံနှိပ်ခြင်း ၊ မေ၊ ၂၀၀၉

ထုတ်ဝေသူ

ဦးစန်းမွန်အောင်(ငါတို့စာပေ)

75 (D) ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်မေသက်ခိုင်(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ

၅၀၀

တန်ဖိုး ၊ ၅၀၀ ကျပ်

၈၉၅·၈၃

ဒဿကျော်စွာ

အမြင်ပေါက်သူ/ဒဿကျော်စွာ ။ ရန်ကုန် ။

ငါတို့စာပေ၊ ၂၀၀၉။

(၇၈) စာ၊ ၁၂ စင်တီမီတာ x ၁၈.၅ စင်တီမီတာ

(၁) အမြင်ပေါက်သူ


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အထင်ရှားဆုံး သူမှတ်မိနေသည့် တစ်ခုတည်းသောအရာမှာ ချောက်ကမ်းပါးအောက်သို့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျခဲ့ခြင်းကို ဖြစ်လေသည်။

ထိုအချိန် သူ့ရင်ထဲ၌ တစ်ခုတည်း တွေးတောနေမိခဲ့သည်မှာတော့ ငါသေတော့မှာပဲ ဟူ၍ပင်။

ထူးဆန်းစွာပင် ... ကြောက်ရွံ့ခြင်းတို့ သိပ်ကြီးကြီးမားမား ပေါ်မလာ။ နာကျင်လွန်းသော ဝေဒနာအတွက် အခံရခက်ခြင်းမျှသာ ရှိ၏။

အရှိန်ပြင်းလွန်းစွာ တောက်လျှောက်ပြုတ်ကျနေခြင်းသည် တော်တော်နှင့် ရပ်တန့်မသွား။ တစ်ခါတည်း

www.burmeseclassic.com

www.burmeseclassic.com



တမလွန်ဘဝထိ အရောက်သွားနေပြီလားဟုပင် ထင်ခဲ့မိသည်။

ခန္ဓာကိုယ်သည် ကျောက်သားစိုင်များ ဂမူအချွန်အတက်များနှင့် ကြိမ်ဖန်များစွာ ဝင်ရောက်ထိခိုက်မိ၏။ သစ်ပင်ခြုံနွယ်များ၊ ဆူးခက် ဆူးလက်များဖြင့်လည်း မကြာခဏပင် ခြစ်ရှမိခဲ့သည်။

လူတစ်ကိုယ်လုံး တစ်စစီ၊ တစ်ပိုင်းစီ ပြုတ်ထွက်သွားနေသည့်ပမာ ထင်ရသည်။ သွေးတို့သည် ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးမှ စိမ့်ယိုပေါက်ကျနေသည့်နှယ်။

ဝေဒနာ၏ သည်းမခံနိုင်လွန်းလှစွာသော အခေါင်အဖျားသို့ ရောက်ရှိချိန် …

လိမ့်ကျလာသော အရှိန်အဟုန်၏ အပြင်းထန်ဆုံးသော လျှင်မြန်မှုသို့ ရောက်ရှိချိန်တွင် …

မာကျောခက်သရော်လှစွာသော ကျောက်စွန်းကြီးတစ်ခုနှင့် သူ့ ရုတ်တရက် ဝင်ဆောင့် တိုက်ခတ်မိလေတော့သည်။

BURMESE CLASSIC



ဝုန်းကနဲ အသံကျယ်ကြီးတစ်ခု မြည်ဟီးသွားခဲ့သည်။ ချက်ချင်းပင် သူ့အသိအာရုံများအားလုံး ရပ်ဆိုင်းသွားခဲ့၏။

ထို့နောက် … ပကတိ … အမှောင်။

✸

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်လိုလို သူ့အာရုံတွင် ကြိုးကြာတွေ အကောင်ရေ အများကြီးကို မြင်တွေ့ခဲ့ရ၏။

ကြိုးကြာတွေ၊ ကြိုးကြာတွေ။

အများကြီးမှ တကယ့်ကို အများကြီးပါပဲ။

ကောင်းကင်ကြီးတစ်ခုလုံးအနှံ့ ကြိုးကြာအုပ်ကြီးကို သူ မြင်တွေ့ခဲ့ရ၏။ ကြိုးကြာကောင်းကင်ကြီးသည် သူ့မျက်နှာပေါ် တည့်တည့်၌ ဖြန့်ကျက်အုပ်မိုး၍နေသည်။

ဆူညံ၊ ပွက်ထ၍နေသော ကြိုးကြာငှက်သံများကိုပင် နားထဲ၌ ကြားယောင်လာမိခဲ့၏။



ဘာတွေကို လာမြင်နေရပါသလဲ။

ကယောင်ကတမ်းတွေ ဖြစ်နေသည်ထင်၍ မျက်စေ့ကို ပြန်၍မှိတ်သည်။

မခံမရပ်နိုင်အောင် နာကျင်လွန်းလှခြင်းကို အာရုံပြုမိလာခဲ့၏။ ပါးစပ်မှ မသဲမကွဲတစ်ချက် ညီးညူလိုက်သည်။

"ရေဆာလိုက်တာ … ရေ … ရေ"

မဟာတာဟ သူ့ပါးစပ်ထဲ ရေကြည်ပေါက်ကလေးများ ကျ၍လာသည်ကို ခံစားရလေ၏။ အငမ်းမရပင် လျှာကိုထုတ်ကာ သူငုံ့လင့်၏။

ထို့နောက် …

ပြန်လည်၍ …

သူ သတိလစ် မေ့မြောသွားခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သတိကောင်းစွာ ပြန်ရလာသောအခါမှာတော့ ညနေချိန် မှောင်စပျိုးနေခဲ့ပြီ ဖြစ်သည်။

ထူးဆန်းစွာပင် သူ့ဝေဒနာအားလုံးမှာလည်း ပျောက်ကွယ်၍ နေလေပြီ။ အိပ်ရာမှနိုးကာစလို လူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်း၍ပင်နေ၏။

အကယ်၍ ယခုထိ ချောက်ကမ်းပါးအောက်ခြေ၌ ရှိနေသေးခြင်းသာ မဟုတ်ပါက ချောက်ထဲ ပြုတ်ကျခဲ့သော အဖြစ်ကိုပင် သူ အိပ်မက်မက်ခဲ့ခြင်းဟု ထင်ယောင်မိလောက်ပါသည်။ အလွန်ကြမ်းတမ်းလှသော အိပ်မက်ဆိုးကြီးတစ်ခုလို့ပေါ့။



ယခုတော့ နိုးနိုးခြင်းမှာပင် သူ ချောက်ပေါ်သို့ ပြန်ရောက်ရန် အမြန်ဆုံးလမ်းရှာ၍ တက်ခဲ့ရသည်။ နို့မဟုတ်ပါက ဆေးမြစ်သွားတူးနိုင်းလိုက်တာ ကြာလည်းကြာ ဘာမှလည်းပါမလာသည့်အတွက် ဆရာဖြစ်သူ၏ မြည်တွန်တောက်တီးခြင်းအား နားမဆံ့လောက်အောင် ကြားရပေလိမ့်မည်။

ဆရာ့ကို စိုးရိမ်နေသည့်အတွက် ဘယ်လိုထူးခြားနေမှုများကိုမှလည်း သူဂရုမထားနိုင်ခဲ့ပဲ ရှိပါချေသည်။

အပြန်လမ်းတစ်လျှောက်၌ အဝေးကောင်းကင်မှ ငှက်တစ်ကောင်က သူ့အား စောင့်ရှောက်လိုက်ပါလာသလို ထင်ရလေ၏။

ဝေးလွန်းသဖြင့် ဘာငှက်များလည်း မသဲကွဲ။

ကြိုးကြာတစ်ကောင်လိုလိုတော့ ထင်ရပါလေသည်။

✸

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



[၁]

သူပြန်ရောက်ရောက်ချင်းမှာပင် ဆရာဖြစ်သူ၏ ဆူပူပြောဆိုသံများက အသင့်ဆီးကြို၍ နေသည်။

"ဟော့ကောင် … ပြေည့်၊ မင်းက ဘယ်ကို အလေလိုက်နေရတာလဲကွ ဟေ၊ တကတည်း တောထဲမှာ ဆေးမြစ်လေးတစ်ခု သွားတူးခိုင်းမိပါတယ်၊ တစ်နေကုန်ကို ပေါ်မလာတော့ဘူး၊ ဘယ်မလဲ … ငါမှာလိုက်တဲ့ ဆေးမြစ်"

"မနက်ဖြန် ထပ်သွားပေးပါ့မယ် ဆရာ"

"ရှာမတွေ့လာခဲ့ဘူး မဟုတ်လား၊ အေး ငါ ထင်တော့ ထင်သားပဲ၊ မင်းကိုခိုင်းလိုက်ရင်



ဘယ်တော့မှ အဆင်ပြေပြေနဲ့ ပြီးလာခဲ့မှာ မဟုတ်ဘူး ဆိုတာ"

"တောင်းပန်ပါတယ် ဆရာရယ်"

"အေးပေါ့၊ မင်းကတော့ တောင်းပန်ပါတယ် ဆိုတဲ့ စကားလေးတစ်ခွန်းနဲ့တင် ပြီးသွားပြီ ပေါ့၊ ငါ့မှာတော့ တစ်နေကုန် တစ်ယောက်ထဲ ဘယ်လောက် ပင်ပန်းတယ်မှတ်သလဲ၊ ဒီနေ့မှ ပဲ လူတွေကလည်း လာလိုက်တာ မပြောပါနဲ့ တော့၊ နတ်လာမေးတဲ့သူရော၊ ယတြာ အစီ အရင်တွေ လာလုပ်တဲ့သူရော၊ ဒီကြားထဲ လူ နှစ်ယောက်ကိုလည်း ဆေးကုပေးလိုက်ရသေး တယ်၊ တခါတည်း ဖတ်ဖတ်ကိုမောလို့၊ မင်း ကတော့ စားချိန်၊ သောက်ချိန်နီးမှ ပြန်လာ တယ်၊ တယ်ကောင်းပဲ"

ဆက်ပြောနေလျှင် စကားထပ်ရှည်နေရုံသာ ရှိမည်မို့ မီးဖိုခန်းထဲ ဝင်လာခဲ့လိုက်သည်။

"မင်းလိုကောင်မျိုးကိုမှ လက်သပ်မွေးပြီး ငါ

www.burmeseclassic.com

www.burmeseclassic.com



တတ်ထားသမျှပညာတွေ အိပ်သွန်ဖာမှောက်
သင်ပေးထားမိတာ တကယ့်ကို မှားတာပဲ”

ဟူသော စကားသံက နောက်မှကပ်ကာ လိုက်ပါလာလေသည်။

မီးဖိုထဲ၌ အသင့်ရှိနေသော ဦးသာဝက သူ့ကို ပြုံးပြရင်း တီးတိုးဆီးပြော၏။

“ဘာပညာတွေ သင်ပေးတာလဲ၊ လိမ်နည်း
ညာနည်းတွေလားဆရာ လို့ ပြန်မေးလိုက်လေ
ကွာ”

သူ … ပြုံးသာ နေလိုက်မိခဲ့သည်။

ဘာပဲဖြစ်ဖြစ် သူ့ဆရာသည် မိဘမဲ့ တစ်ကောင်ကြွက်ဖြစ်သော သူ့ကို ငယ်ငယ်လေးကတည်းက ခေါ်ယူကျွေးမွေးကာ ပညာလည်း သင်ပေးခဲ့သူဖြစ်၏။

ယင်းတတ်ထားသည်က လိမ်သည့်ညာသည့် ပညာဆိုတော့လည်း သူ့ကို သင်ပေးနိုင်သည်မှာ အလိမ်အညာ ပညာများသာ ဖြစ်လိမ့်တော့မပေါ့။



သူသိသလောက်တော့လည်း မှော်ဆရာ၊ နတ်ဆရာအများစုမှာ အလိမ်အညာတွေသာ များကြပါလေသည်။ တခြားသူတွေထက်စာလျှင် သူ့ဆရာကမှ စင်မှန်တာလေး အနည်းအပါး ရှိပေလိမ့်ဦးမည်။

ထိုအကြောင်းများကိုတော့ ဦးသာဝအား ရှည်ရှည်ဝေးဝေး သူဆက်မပြောနေလိုတော့ပါ။

“ဦးသာဝရေ၊ ထမင်း ဟင်းတွေ ကျန်သေးရဲ့
မဟုတ်လား”

“ကျန်ပါ့ကွာ၊ မင်းပြန်လာသံ ကြားကတည်း
က ဟောဒီမှာ အသင့်ပြင်ထားပြီးသားပါ၊ ရော့
စားပါလေ ပြည့်ရယ်၊ မင်းကလည်း ဆရာ
ပြောလည်း ပြောချင်စရာ ဆာမှ ပြန်လာတာ
ကိုးကွ”

ဘာမျှ စကားမတုံ့ပြန်ပဲ ထမင်းကိုသာ သူ အငမ်းမရ ငုံ့ကာ စားသောက်နေခဲ့လိုက်သည်။ ဦးသာဝကြီးကတော့ သူထုံးစံအတိုင်း စကားအမျှင်တွေတန်းနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



… နေခြင်းပိုင်းကဆို မင်းကို သူ အရမ်းကို စိတ်ဆိုးနေတာဟေ့၊ မင်း ကံကောင်းလို့၊ ဟို ညှော်သည်တွေသာ မလာရင် သူ့ဒေါသတွေ အရမ်းကြီးပြီး မင်းဖို့ ထမင်း ဟင်းတွေတောင် ချန်ထားခိုင်းမှာ မဟုတ်ဘူး၊ စိတ်ပေါက်ပေါက်နဲ့ အကုန်သွန်ပစ်မှာ"

"ဘယ်ညှော်သည်များ ထူးထူးခြားခြားလာလို့လဲဗျ"

"နတ်လာမေးတာလား ဘာလား မသိပါဘူးကွာ၊ ဟို မြို့ဝန်သမီးဆိုလားပါပဲ"

သူ့ရင်ထဲ ဒိန်းကနဲ ဖြစ်သွားခဲ့ရလေသည်။ မြို့ဝန်သမီးဆိုပါလား !

"ဘာ … ဘာ လာလုပ်တာလဲဟင်"

"သြော်၊ ခုနက ပြောတယ်လေ၊ နတ်လာမေးတာလားမသိပါဘူး ဆို၊ ယတြာတွေလည်း ချေတယ်ကွ၊ ဆရာ့ကို ငွေစတော်တော်များများကန်တော့သွားလေရဲ့၊ နောက်တစ်ပတ်တောင် ထပ်လာဦးမယ်ဆိုလား၊ ငါ … နားစွန်နားဖျား ကြားလိုက်လေရဲ့"



နောက်တစ်ပတ် ထပ်လာဦးမယ်ဆိုပါလား။ သူ့ရင်းထိုင်ရင်း ချွေးစေးတွေ ပျံလာမိသည်။

မြို့ဝန်သမီး … တဲ့။

ဒီမြို့မှာ မြို့ဝန်သမီးဆိုလို့ ဘယ်နှစ်ယောက်များ ရှိလို့ပါလဲ။

သူမ၏အမည်မှာ 'ကလျာ' ဖြစ်သည်။

ယခင်ကဆိုလျှင် သူတို့ဆီ ကလျာ ခဏခဏ လာလေ့ရှိသည်။ မိန်းကလေးဆိုတော့လည်း လောကီပညာများကို အထင်ကြီး အားကိုးသည်ပေါ့။

မြင်ပါများတော့ သူကလျာ့အပေါ် စွဲလမ်း၍ လာသည်။ ကလျာ့အလှကလည်း တစ်ခါမြင်ဖူးရုံနှင့် ယစ်မူးလောက်ချင်စရာမျိုး မဟုတ်လား။

မမှီသည့်ပန်းမှန်းသိပေမယ့် တန်းခုလို့ လှမ်းချင်မိသည်။ သူခုသည့် တုံးကတော့ သူ့ဆရာသင်ပေးထားသည့် ပညာရပ်များပင်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းကို ဆေးစီရင်ပြီးပေးလျှင် ထိုပန်းကို မွေးကြူမိက ချက်ချင်းမေတ္တာတုံ့ပြန်လာလိမ့်မည်ဟု ဗိယ်သျှိပညာတစ်ရပ်တွင် ပါရှိ၏။

ကလျာကိုပေးဖို့ နှင်းဆီပွင့်ကို သူတစ်ယောက်တည်း ခဲပ ဉ-င်ပန်းစွာ စီရင်ခဲ့ရသည်။ ထို့နောက် ကိန်းခန်းကျသော အချိန်အခါ၊ ကိန်းခန်းကျသော အခြေအနေတွင် သူကိုယ်တိုင် ကလျာထံ သွားပေးခဲ့၏။

သူ့အဆင့်က ကလျာနှင့် မျက်နှာချင်းဆိုင် ပေးအပ်ခွင့်တော့ ရနိုင်ခဲ့သည်မဟုတ်ပါ။

ကလျာတို့အိမ် ခြံဝန်းကြီးအပြင်ဘက်တွင် ယောင်လည်လည် ရပ်နေမိစဉ် ...

အကျိုးအကြောင်းလာမေးသော ခြံစောင့်ကြီးကို သာ ငွေစအနည်းငယ် တံစိုးလက်ဆောင်ပေး၍ တစ်ဆင့်ပေးခိုင်းခဲ့ရ၏။

ခြံစောင့်ကြီးကတော့ ပေး,ပေးပါမည်ဟု အကြိမ်ကြိမ်အထပ်ထပ် ကတိပေးသွားခဲ့သည်ပဲ။ ထိုစဉ်ကတော့ သူ စိတ်ကူးယဉ်မိသလို တုံ့ပြန်မှုကိုများရလေ



မလားဟု ရက်အတန်ကြာ မျှော်လင့်မိခဲ့သေး၏။

သို့သော် ဘာတစ်ခုမျှ ထူးခြားမလာခဲ့။

ခြံစောင့်ကြီးကပဲ နှင်းဆီပန်းကို တကယ်သွားမပေးခဲ့၍လား မပြောတတ်ပါချေ။

မနေနိုင်လွန်းစွာ သူလိုက်လံစုံစမ်းဖြစ်ခဲ့သည်။ သူပေးခဲ့ဖူးတဲ့ နှင်းဆီပန်းကလေးရပါရဲ့လားဟု ရုံရွေတော်တို့မှတစ်ဆင့် အမှာစကားပါးမိတော့ သူ့တုံ့ပြန်ရရှိလာသည်က တစ်ခုတည်း။

ဘာတွေ လာပြောနေရတာလဲ? အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ ... တဲ့။

ထိုအချိန် နောက်ပိုင်းများတွင် ကလျာမှာ သူ့တို့ဘက်ဆီ အလာကြဲသွားခဲ့၏။ သူကလည်း တတ်နိုင်သမျှ သူမနှင့် မတွေ့အောင်ရှောင်ခဲ့သည်။

ယနေ့ကျမှ ...

ဘာကြောင့်များ သူမ ရောက်လာရပါသလဲ? ပြီးတော့ ဦးသာဝပြောပုံအရ နောက်အပတ်မှာလည်း ထပ်လာခဲ့ဦးမည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



လွင့်မျောသွားခဲ့မိသော အတွေးအလျှင်သည် ဦးသာဝမေးလိုက်သော စကားတစ်ခွန်းကြောင့် ရုတ်တရက် ပြတ်တောက်သွားရလေ၏။

"ဒါနဲ့ နေပါဦး ပြေည့်ရဲ့ မင်းကရော ဘာလို့ ဒီလောက်တောင် နောက်ကျနေရတာတုန်း"

"ဗျာ"

"ငါမေးလိုက်တာ မကြားဖူးလား၊ ဘာလို့ မင်း ဒီလောက်တောင် နောက်ကျနေရသလဲလို့လေ၊ ဆေးမြစ်လည်းရမလာပဲနဲ့ ခုချိန်ထိအောင် မင်း နောက်ကျနေတာက နည်းနည်းတော့ တွေးရခက်နေတယ်"

သူ့ဖို့လည်း အဖြေရခက်သည်ပဲ ဖြစ်၏။

အမှန်အတိုင်း ပြောပြလို့ကလည်း မဖြစ်။ ချောက်ထဲ ပြုတ်ကျလာခဲ့တယ်လို့ ပြောရအောင် ပွန်းရာခြစ်ရာကလေးမျှလည်း သူ့ကိုယ်ပေါ်မှာ မတွေ့ရပဲ ရှိနေခဲ့သည်။

တကယ်တမ်း သူ ချောက်ကမ်းပါးအောက်ခြေ



မှ ပြန်တက်လာခဲ့ရတာတော့ အသေအချာပဲဖြစ်သည်။

ဒါပေမယ့် ဒါဏ်ရာတွေ နည်းနည်းမှ မရှိတာကလည်း အသေအချာ။

တကယ့်ကို
အဖြေရှာမရသော
ပုစ္ဆာတစ်ရပ်ပင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[၂]

သူ့ဆရာ ရှေ့ဖြစ်ဟောစဉ်တိုင်း၌ ပြည့်တစ်ယောက် အနားမှာ ရှိနေခဲ့ရတာက ထုံးစံပဲဖြစ်သည်။

ဆရာ့အတွက် လိုအပ်သမျှဝေယျာဝစ္စတွေကို အနားတွင်နေကာ သူ အသင့်ကြည့်ရှု လုပ်ကိုင်ပေးနေကျ။ သိပ်လိုအပ်လှ၍မဟုတ်ဘဲ လူရှေ့သူရှေ့မှာ အထင်ကြီးခံရစေဖို့က အဓိကဖြစ်သည်။ ဗေဒင်ဆရာ၊ နတ်ဆရာဆိုသည်က ဟိတ်ဟန်ကောင်းဖို့ အရေးကြီးဆုံး မဟုတ်လား။

တစ်ခါတစ်လေတော့လည်း သူလုပ်ပေးရတာ ခတွေက အတော်လေး ရယ်စရာကောင်းနေတတ်၏။



လူတွေ နတ်လာမေးတဲ့ အခါမျိုးမှာပေါ့။

သူ့ဆရာ နတ်ဝင်ပူး၍ တစ်ကိုယ်လုံးတုန်ကာ ဟောချက်တွေ အမျှင်မပြတ်ထုတ်နေချိန်ဆို အနားမှာ သူဘယ်တော့မှ မရှိ။

ထိုအချိန်တွင် ဆရာဖြစ်သူ၏ ဟောပြောချက်များနှင့် အလိုက်သင့်ပင် ဓာတ်ခန်း၏ တစ်နေရာမှ စကားပြောသံ၊ ခြေသံ၊ မသဲမကွဲညီးညူသံ၊ မွှေးရနံ့ (သို့) ထူးခြားသောရနံ့များ ထူးဆန်းစွာ ထွက်ပေါ်လာတတ်သည်။

တကယ်တော့ ထိုအရာများ၏ လက်သည်မှာ ပြည့်သာလျှင် ဖြစ်ပါသည်။

သူတို့ဓာတ်ခန်း၏ ပတ်ပတ်လည်ကို အနက်ရောင်ခန်းဆီးများဖြင့် ကာရံထားပြီး ထိုခန်းဆီးများနောက်တွင်မှ နံရံအကာရှိသည်။

သို့သော် အနောက်ဘက်နံရံ၌မူ လျှို့ဝှက်စွာ ပြုလုပ်ထားသော အံဝှက်ခန်းလေးတစ်ခုရှိ၏။ ခန်းဆီးများက ပိတ်ကာနေသဖြင့် ယင်းကို ဘယ်သူကမှ ရိပ်မိ

www.burmeseclassic.com

www.burmeseclassic.com



သိရှိခဲ့ခြင်းမရှိ။

ဆရာနတ်ဝင်နေသည့်အချိန်မျိုး၌ သူက ထို အံ့ဖွက်ခန်းကလေးထဲ ကြိုတင်ဝင်ရောက်နေကာ နတ် လာမေးသူများ ထူးဆန်းအံ့ဩသွားအောင် လုပ်ပြနေရ ခြင်းဖြစ်၏။

အတော့်ကလေးကလားဆန်သော လုပ်ရပ်ဖြစ် သလို ထိုသို့ပြုမူပြနေသည့်အပေါ် ယုံကြည်နေသည့် အဖြစ်ကလည်း အတော်အံ့ဩဖို့ကောင်းပါသည်။

ထိုအတွေးအား ပြေည့်က ဆရာ့ကို ဖွင့်ပြောပြ ခဲ့မိတော့ ဆရာက အသိရခက်စွာ ပြုံးပြခဲ့သည်။

"ဟုတ်တယ်ကွ၊ ဟော့ဒီလောကမှာ လူတွေကို ညာရတာဟာ နည်းသိရင် သိပ်လွယ်ကူတဲ့ကိစ္စ ပဲ၊ တကယ်တော့ ပြောရရင် ဒီရောက်လာတဲ့ လူအများစုက အညာခံဖို့ အသင့်ဖြစ်နေကြတာ၊ သူတို့ရင်ထဲမှာ သိပ်ကြီးမားတဲ့ မျက်ကန်း ယုံ ကြည်မှုကြီးတွေနဲ့ လာကြတာလေ၊ သူတို့ ကိုယ်နှိုက်က ဒီကိုရောက်ရင် ထူးဆန်းအံ့ဩ



စရာတွေနဲ့ ကြုံရတော့မယ်လို့ လုံးဝတွက်ဆ ထားပြီးသား၊ ကိုယ်က သူတို့ရဲ့ကြိုပြင်လာတဲ့ အထင်အမြင်ကို နည်းနည်းလေး တွန်းအားပေး ဖို့ပဲလိုတယ်"

ထိုစဉ်က သူ အရဲစွန့်ကာ တစ်ခုထပ်မေးခဲ့ဖူး ၏။

"အဲဒီလို နတ်ဝင်နေတဲ့အချိန်မှာ ဆရာလုပ် သမျှ၊ ပြုမူပြောဆိုသမျှတွေဟာ အတုအယောင် တွေချည်းပဲလား ဟင်"

"ဒီလိုတော့ ပြောလို့မရဘူးကွ၊ ငါ့စိတ်အာရုံ ပေါ်လိုက်ပြီး နတ်ဝင်တဲ့အဆင့် အမျိုးမျိုး ရှိ တယ်၊ တစ်ခါတစ်လေတော့လည်း တကယ့် ကို မိန်းမောကျသွားပြီး သိစိတ်ကင်းသွားတော့ တာကွ၊ အဲဒီလိုအခါမျိုးကတော့ တကယ် နတ် ဝင်တာနဲ့တူတယ်၊ သတိရလာတဲ့အခါ ငါ့ကိုယ် ငါ ဘာလုပ်မိမှန်း ဘာပြောမိခဲ့မှန်းကို မသိ တော့ဘူး၊ ငါ့ခန္ဓာကိုယ်အခွံထဲကို တခြားစိတ်

www.burmeseclassic.com

www.burmeseclassic.com



တ စိတ်က ဝင်ရောက်လုပ်ရှားသွားခဲ့သလိုပဲ၊ ဒါပေမယ့် များသောအားဖြင့်ကတော့ အာရုံစိုက်ဝင်မသွားတာက များပါတယ်ကွာ”

“ဟိုလေ … ဆရာ့ကိုယ်ကြီး တုန်တုန်၊ တုန်တုန်ဖြစ်လာပြီး ပါးစပ်က ဝူးဝူးဝါးဝါးတွေ ဖြစ်လာတာက နတ်ဝင်လို့လား ဟင်”

ဆရာက ရယ်သည်။

“ဒါကတော့ ဟန်လုပ်တာပေါ့ကွာ၊ နတ်ဝင်ရင် အဲဒီလို အပြုအမူမျိုးတွေဖြစ်တယ်လို့ အများက လက်ခံထားကြတော့ အဲဒီပုံစံတွေအတိုင်း လုပ်ပြရတော့တာပေါ့၊ အဲ့ဒီနောက်ပိုင်းမှာမှ အရေးကြီးတာက လာတာ၊ တကယ်နတ်ဝင်တာမျိုးရှိခဲ့ရင်လည်း အဲဒီနောက်ပိုင်းမှ လာတာကွ”

“လူတွေက နတ်ဝင်ရင် အဲဒီလို တုန်တုန်တုန်တုန်ဖြစ်လာတယ်လို့ ဘာကြောင့်ထင်ကြတာလဲ ဟင်”

“ပြောတတ်ဘူးလေကွာ၊ သူတို့ကို အဲဒီလိုလုပ်



ပြတာမျိုး မြင်ခဲ့ဖူးလို့ဖြစ်မှာပေါ့၊ အမှန်ကတော့ကွာ တကယ်နတ်ဝင်တယ်ဆိုတောင် ပုံစံတစ်မျိုးတည်းတော့ တသမတ်ထဲ ဖြစ်နိုင်လိမ့်မယ် မထင်ပါဘူး၊ ခံယူတဲ့သူအလိုက် ပူးဝင်သူအလိုက် အမျိုးမျိုးဖြစ်လိမ့်မယ် ထင်တာပဲ”

“တကယ် နတ်ဝင်မှပဲ ဟောလို့ပြောလို့ မရဘူးလား ဆရာရယ်၊ ဒါဆို လူတွေကို လိမ်သလို မဖြစ်တော့ဘူးပေါ့”

“မရဘူးကွ၊ တကယ်နတ်ဝင်တယ် ဆိုတာမျိုးက ဆယ်ခါရံတစ်ခါလောက်မှ ဖြစ်တာ၊ များသောအားဖြင့်က နက်နက်ရှိုင်းရှိုင်း မိန်းမောသွားတာမျိုးမဟုတ်ပဲ ငါ့ကိုယ်ထဲမှာ စိတ်နှစ်စိတ် တစ်ပြိုင်ထဲ ဖြစ်နေသလိုပဲ၊ တစ်မျိုးက ညှို့သည်စိတ်လို့ခေါ်ရမယ့် ပူးဝင်လာတဲ့ အပစိတ်၊ နောက်တစ်မျိုးကတော့ ငါ့ရဲ့ ကိုယ်ပိုင်စိတ်ပေါ့ကွာ၊ တကယ်ဟောတာပြောတာတွေက ငါ့အသိစိတ်နဲ့ ငါဟောရတာပေါ့၊ အများ

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် အပစိတ်က ရှုးရှူးဝါးဝါးလောက် အမြင် ဘာမှ လုပ်တာပြောတာမဟုတ်ဘူး၊ သူ့ချည်းသာအားကိုးနေရင် ငါထမင်းငတ်တာကြာပေါ့''

ဒီတစ်ခါတော့ ပြေညှ့်ပါ ရယ်မိတော့သည်။

''ကျွန်တော်ကတော့ လိုက်ကာအကွယ်ကနေ လုပ်ပြရတာတွေကို တစ်ခါတလေ လိပ်ပြာမသန့်မိသလိုပဲ ဆရာရယ်၊ အဲဒီလောက်ကြီး လုပ်ပြဖို့လိုလို့လား၊ မတော်လို့ တစ်ယောက်တလေများ ရိပ်မိသွားခဲ့ရင် …''

''ငါပြောပြီးပါပကော၊ လူတွေက အလိမ်ခံချင်လို့ ဒီလာကြတာပါလို့၊ သူတို့ ကြိုတွေးထားသလို အံ့ဩဘနန်း အဆန်းတကြယ်တွေ မကြုံတွေ့ရရင် ဘဝင်မကျတတ်ဘူး၊ ဝိဉာဉ်လောကဆိုတာ မရှိဘူးမဟုတ်ပါဘူး၊ ဘုရားတောင် ဟောထားခဲ့သေးတာပဲ၊ တကယ့်ကို အသေအချာရှိပါတယ်၊ ဒါပေမယ့် ဝိဉာဉ်



လောက ဟာလည်း လူတွေထင်သလောက်တော့ အံ့ဩစရာ အဆန်းတကြယ်တွေနဲ့ချည်း ပြည့်နှက်နေတာမဟုတ်ပါဘူး၊ စာဆိုရှိသလိုပေါ့၊ ဘီလူးတောင် ရုပ်ပုံထဲမှာလောက်တော့ တကယ်တမ်းရုပ်မဆိုးဘူးတဲ့၊ ငါတို့တွေ အမြင်မှာသာ ဘီလူးဆိုတာကို တကယ်တမ်းမြင်ရရင် ဘီလူးလို့ ထင်ချင်မှတောင် ထင်မှာ၊ ဒီတော့ မင်းလုပ်ရတာတွေကို ဘာမှ တွေးပူမနေနဲ့၊ ငါလည်း ဟိုးအရင်က အဲဒီလိုလှည့်စားမှုတွေ မသုံးတတ်ခဲ့ဘူး၊ ဒီတော့ဘာဖြစ်လဲ နာမည်မကြီးပဲ ထမင်းငတ်ခဲ့ရတာပေါ့၊ အခုလည်း ကျရော ငါ့အဆင့်ကို မင်းအမြင်ပဲ၊ ဒီမြို့တော်ကြီးတစ်ခုလုံးမှာ နာမည်အကြီးဆုံး၊ အို ဒီမြို့တင်မကပါဘူး၊ ဟော့ဒီတစ်ပြည်လုံးမှာတောင် ငါ့လောက် နာမည်ကျော်တဲ့ လောကီပညာရှင် မင်းကြားဖူးလို့လား၊ ရွှေနန်းတော်ကြီးကတောင် အရေးကိစ္စရှိတိုင်း ငါ့ဆီကိုပဲ ပြေးလာနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟာ''

''ဒါဆို ဆရာက ဘာလို့ နန်းတော်ကြီးမှာ မနေရတာလဲဟင်''

''ဟဲ ဟဲ ဟဲ၊ အမှန်အတိုင်း ပြောရရင်တော့ ငါ့ကိုယ်ငါ မလုံလို့ပေါ့ကွာ၊ ငါ့အလုပ်မျိုးနဲ့ မင်းစိုးရာဇာဆိုတာက သိပ်နီးစပ်လွန်းလို့ ဘယ်ဖြစ်မလဲ၊ မင်း ခုနကပြောသလို မတော်တဆ ရိပ်မိတာမျိုး မဖြစ်ရအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကိုယ့်နေရာလေးမှာပဲ ကိုယ်နေတာပေါ့၊ ပြောရရင် ကိုယ့်ပိုင်နက်မှာကိုယ် စိတ်တိုင်းကျ လိမ်စားနေတာပေါ့ကွာ ဟား ဟား ဟား''

ဘာပဲဖြစ်ဖြစ် သူ့ဆရာကိုသူ သဘောကျမိတာ တစ်ချက်က အဲဒီလို ပွင့်ပွင့်လင်းလင်းရှိတတ်တာကြောင့် ဖြစ်ပါသည်။ သူ့ကိုယ်သူ ညာဝါးဖြန်းသန်းစားသောက်နေသူမှန်းလည်း သိပြီး ထိုအဖြစ်ကိုလည်း ခပ်တည်တည်ပင် ခံယူ၏။



ငါ မဟုတ်တာလုပ်တယ်၊ လုပ်တော့ ဘာဖြစ်လဲဆိုသော ပုံစံမျိုး။ ပြောရရင် ပြောင်လိမ် ပြောင်စားပေါ့။ အဲဒီလိုမျိုးက တခြား ကိုယ်တာလည်း မဟုတ်တာလုပ်သေး၊ ကိုယ့်ကိုယ်ကိုလည်း အကောင်းထင်နေသေးဆိုသူတွေထက်တော့ အများကြီးသာသည် ထင်မိ၏။

သူ့ဆရာသည် တခြားသူတွေကိုတော့ လိမ်ညာ၏။ သူကိုယ်သူတော့ မလိမ်ညာ၊ အမှန်အတိုင်း ရှင်းရှင်းလင်းလင်းမြင်သူ ဖြစ်လေသည်။

ယင်း၏ အလုပ်ကို ကောက်ချက်ချပုံလေးက တော်လှ၏။

''ငါတို့ရဲ့ အလုပ်ဟာ ဘာလဲ မင်းသိသလား''

ပြည့် နည်းနည်းအဖြေရခက်သွားမိသည်။

''နတ်ဆရာ၊ မှော်ဆရာ အလုပ်မျိုး လုပ်တယ်လေ၊ ဗေဒင်ယတြာတွေလည်းလုပ်ပေးတယ်၊ ဆေးကုတာတို့ ဘာတို့လည်း လုပ်တယ်၊ ပြောရရင် လောကီပညာရှင်ပေါ့''

သူ့အဖြေက ဘယ်လိုမှ လွဲစရာမရှိ။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



လုပ်သောအလုပ် အကျန်ဂုဏ်း ပါဝင်နေခဲ့လေပြီ။ သို့သော် ဆရာက ခေါင်းခါပြလိုက်၍ ပြည့်ဖုံ့အားသင့်သွားမိခဲ့ရသည်။

"မဟုတ်ဘူးကွ၊ တကယ်တမ်း ငါတို့ အလုပ်က လူ့ပဟေဠိရဲ့ အံ့သြချင်စိတ်၊ အားကိုးချင်စိတ်၊ ပြီးတော့ ကိုးကွယ်ရာရှာချင်စိတ်ကိုဖြည့်ဆည်းပေးတာ၊ ကံမကောင်း အကြောင်းမလှတဲ့အခါမှာပဲဖြစ်ဖြစ် ကံကောင်းနေလို့ အဲဒီအခြေအနေကို ဆက်ထိန်းထားချင်တဲ့ အခါမှာပဲဖြစ်ဖြစ် လူတွေဟာ ငါတို့ဆီပြေးလာတော့တာပဲ၊ သူတို့မစွမ်းနိုင်တဲ့ ကံကြမ္မာအတွက် သူတို့တစ်ခုခုလုပ်လိုက်ချင်တယ်၊ ဒါပေမယ့် ဘာလုပ်ရမယ်မှန်း မသိဘူး၊ အမှန်က ကိုယ့်ကိုယ်ကို အားကိုးရမယ်ဟာ၊ သူကိုယ်သူ ယုံကြည်မှု အပြည့်မရှိဘူး၊ ဒီတော့ ငါတို့ဟာ လူတွေ သူတို့ရဲ့ ယုံကြည်မှုကို အစားထိုးဖို့အတွက် အခကြေးငွေနဲ့ ဝန်ဆောင်ခံယူပေးသူတွေပေါ့၊ တကယ်တမ်း



ကိုယ့်ကိုယ်ကို ယုံကြည်မှုအခိုင်အမာရှိနေတဲ့ လူတစ်ယောက်အတွက် ငါတို့ လုံးဝကို မလိုအပ်ပါဘူး၊ ဒါပေမယ့် အဲဒီလိုလူမျိုးကလည်း အင်မတန် နည်းပါးလွန်းလှတော့ ငါတို့ ဘယ်တော့မှ မတိမ်ကောနိုင်ဘူးပေါ့၊ ချောင်းရိုး မြောင်းရိုးသာ တိမ်ကောချင်တိမ်ကောမယ် မှော်ဆရာ၊ နတ်ဆရာမျိုး ဘယ်တော့မှ တိမ်ကောမှာ မဟုတ်ဘူးပေါ့ကွာ ဟား ဟားဟား"

ထိုစကားများ ပြောဖြစ်ခဲ့ကြသည်မှာ အတော်ကို ကြာမြင့်ခဲ့လေပြီ။ ထိုမှနောက်ပိုင်းတွင် သူလည်း စိတ်လုံ့စွာဖြင့်ပင် ဆရာ့ဆီမှာ ဆက်လက်နေထိုင်ရင်း ဝတ်ကြီးဝတ်ငယ်ပြုခဲ့သည်မှာ ယနေ့အထိပါပဲ။

အခုလို ထူးထူးခြားခြားတွေ ကြုံတွေ့မလာခင် နေ့ရက်များအထိပေါ့။

✸

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း သူ့ဆရာ ရှေ့ဖြစ်ဟောနေချိန်များ၌ ပြေည့် ဘယ်တော့မှ စိတ်ဝင်တစားမရှိခဲ့။

မေးမြန်းသူများအား ဆရာက ယတြာတွေ ဘာတွေပေးလျှင် သူက ကူညီလုပ်ပေးတာမျိုး၊ ဆရာ ဟောပြောရာတွင် လိုအပ်သည့်ပစ္စည်းများအား ယူဆောင်ပေးခြင်းမျိုးသာ ရှိခဲ့လေသည်။

တကယ်တမ်း ဒီနေ့မှာလည်း အစပိုင်း တလျှောက်မှာတော့ သူ ပုံမှန်အတိုင်းပင် ထူးမခြားနားရှိခဲ့ပြီး ပူလောင်အိုက်စပ်လှသော နွေလည်နေ့တစ်နေ့မို့ ငြီးငွေ့သလိုပင် ရှိခဲ့ပါသည်။



သို့သော် ပထမဦးဆုံး လာမေးသူအား ဆရာ စတင်ဟောပြောပြီး မကြာခင်မှာပင် ထူးခြားမှုတို့သည် မထင်မှတ်လှစွာ ဆက်တိုက်ဖြစ်ပေါ်လာခဲ့လေ၏။

မေးမြန်းသူက ဆရာအား ရုတ်တရက် မေးခွန်း တစ်ခု မေးလိုက်သည်။

"ကျွန်တော့်ရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လည်း ဟောပေးပါဦး၊ ဆရာ"

ယင်း၏ အမေးစကားမဆုံးမီမှာပင် ပြေည့် ရုတ်တရက် မိုက်ခနဲတစ်ချက် ဖြစ်သွားခဲ့ရ၏။

မူးခနဲ၊ မိုက်ကနဲ ဖြစ်သွားခဲ့သည့်အခါ ထင်မိထင်ရာ မြင်သွားတတ်သလိုမျိုး သူ့အာရုံတွင် မြင်ကွင်း တစ်ခုကို ဖျပ်ကနဲ မြင်ယောင်လာမိသည်။

ထို ဖျိုးဖျိုးဖျပ်ဖျပ်မြင်ကွင်းထဲတွင် အခု ရှေ့မှာ မေးခင်မေးနေသူအား တွေ့လိုက်ရ၏။

အိပ်ရာညောင်စောင်းတစ်ခုပေါ်တွင် လဲလျောင်း နေပြီး လူးလိမ့်ညီးညူနေလေ၏။ အပြင်းအထန် နာဖျား မကျန်း ဖြစ်နေဟန်မျိုးပင်။

www.burmeseclassic.com

www.burmeseclassic.com



ပြေည့်ပါးစပ်က လွှတ်ကနဲ တစ်ခုခုပြောထွက်မိတော့မလိုပင် ဖြစ်သွားခဲ့ရသည်။

ထိုစဉ်မှာပင် သူ့ဆရာက ...

"ဘာမှမပူပါနဲ့ဗျာ၊ ခင်ဗျား ခုဖြစ်နေတဲ့ရောဂါတွေအားလုံး မကြာခင်ပဲ သက်သာသွားမှာပါ"

ဟု ပြောလိုက်သံက သူ့အာရုံမြင်ကွင်းများအား ပြတ်တောက်သွားစေခဲ့လေ၏။

"ဒါပေမယ့် ခုတော့ ကျွန်တော့်ကိုယ်ကျွန်တော် အားမရလှဘူး ဆရာရယ်၊ ရောဂါဟောင်းက ခဏခဏ ထဖောက်ချင်လာတယ်"

"ဘာလဲ၊ ခင်ဗျားက ကျုပ်ပြောတာ မယုံဘူးလားဗျ၊ ကျုပ်က ကောင်းလိမ့်မယ်ဆို ကောင်းမှာပေါ့၊ ဘာ ထပ်တွန့်တက်ချင်ရတာလဲဗျ ဟင်.. ပညတ်သွားရာ မှတ်သက်ပါကုန်မယ်နော် ဘာမှတ်သလဲ"

"ခွင့်လွှတ်ပါဆရာရယ်၊ ခွင့်လွှတ်ပါ၊ ကျွန်တော် မသိနားမလည်လို့ စကားရှည်မိတာပါ၊



အမိုက်အမဲမို့ ဗွေမယူပါနဲ့နော်"

ထိုသူမှာ နဖူးကို ကြမ်းပြင်နှင့်ပြေးဆောင့်မိမတတ် အကြိမ်ကြိမ်ဦးညွှတ်ကာ တောင်းပန်လေ၏။

ဆရာက ခဏတာ အင်တင်တင်လုပ်ပြီးမှ

"အိမ်း နောက်ဆို အပြောအဆို သတိထားကွဲ့နော်၊ ဒါမျိုး အထက်ပုဂ္ဂိုလ်တွေက မကြိုက်ဘူးကွဲ့"

"ဟုတ်ကဲ့ပါဆရာ၊ ဟုတ်ကဲ့ ဟုတ်ကဲ့"

ရယ်စရာပင် ကောင်းသေးတော့သည်။ အထက်ပုဂ္ဂိုလ်တွေက မကြိုက်ဖူးဆိုသည်နှင့် ပေဒင်လာမေးသောသူမှာ အရမ်းပင် ကြောက်ရွံ့သွားလေတော့၏။

အထက်ပုဂ္ဂိုလ်ဆိုသည်မှာ ဘယ်လိုဟာမျိုးလဲ။

ဒီဆရာကရော ထို အထက်ပုဂ္ဂိုလ်များ ကြိုက်မကြိုက် ဘယ်လိုလုပ်ပြီး သိသလဲ? ဘာမှ မစူးစမ်းတော့။ ဆရာ့အားသာလျှင် အကြိမ်ကြိမ်တောင်းပန်ကာ အလှူငွေတော်တော်များများ ပေးအပ်ပြီးပြန်သွားခဲ့လေ၏။

သူ့ဆရာ ရှေ့ဖြစ်ဟောပုံက ထိုနည်းအတိုင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

အခြောက်အလှန်တစ်ခုခု သို့မဟုတ် စိတ်လှုပ်ရှားစရာတစ်ခုခုနှင့် အဆုံးသတ်တတ်မြဲ။ လာမေးသူမှာလည်း ကြောက်လန့်ကာ (သို့) စိတ်လှုပ်ရှားကာဖြင့် အလှူငွေတွေ ခပ်များများထည့်ကာ ခပ်သုတ်သုတ် ပြန်လွှက်သွားကြမြဲပင် ဖြစ်လေသည်။

ထိုသူပြီးတော့ နောက်ထပ် လာမေးသည်က မိန်းမကြီးတစ်ယောက် ဖြစ်လေသည်။

ထိုမိန်းမကြီးသည် သူတို့ဆီ ခဏခဏ လာနေကျဖြစ်ကာ လာတိုင်းလည်း သားရေးသမီးရေး၊ ခင်ပွန်းဖြစ်သူ၏အရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး … စသဖြင့် အကြောင်းအရာ မကျန်လောက်အောင် အရစ်ရှည်စွာ မေးမြန်းတတ်သူဖြစ်လေသည်။

ပြီးတော့ ယင်း၏ ထူးခြားချက်မှာ အသံအလွန်တိုးလှခြင်းဖြစ်၍ ဦးတည်အမေးမြန်းခံရသော ဆရာသော်မှ ယင်း၏အနားခေါင်းတိုးကပ်ကာ မနည်းနားစိုက်၍ထောင်မှ ကြားရလေသည်။



ထိုမိန်းမကြီး ဗေဒင်မေးနေပုံကို မသိသူများအဖို့ အဝေးမှကြည့်ပါက ဆရာ့အား နမ်းနေသည်ဟုပင် အထင်မှားလောက်ပါသည်။

ဒီတစ်ခါမှာတော့ ဆရာက ထို မိန်းမကြီးအား အမေးမြန်းရသက်သာလေအောင် အစီအစဉ်တစ်ခုကို လုပ်ခဲ့၏။

"ကဲ ဒေါ်ရွှေအိမ်ရေ ဒီတစ်ခါမှာတော့ ခင်ဗျားကို ကျုပ် ဓာတ်ဖန်လုံးကြည့်ပေးမယ် ဟုတ်လား၊ ဖန်လုံးထဲမှာ မြင်သမျှကို ကျုပ်ပြောသွားမယ်၊ ခင်ဗျားအတွက်လည်း အမေးရသက်သာသွားတာပေါ့ဗျာ"

"ဟို ဓာတ်လုံးက စုံစုံစေ့စေ့ပြောပြနိုင်ပါ့မလား ဆရာ၊ ကျွန်မက သိချင်တာတွေ နည်းနည်းများနေမိလို့ပါ"

"ဟာ ဒါတော့ ဘာမှမပူနဲ့၊ ဓာတ်ဖန်လုံးက တကယ့်ကို ပြည့်ပြည့်စုံစုံပြောပြနိုင်ပါတယ်၊ ခင်ဗျား မမေးမိတာတွေတောင် ပြောပြဦးမှာ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ စိတ်သာချ"

"ဟုတ်လား၊ ဒါဆို ကောင်းတာပေါ့ ဆရာ၊ ယော ယော ဓာတ်ဖန်လုံးနဲ့သာ ယော"

ဆရာက ပြေည့်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။ ပြေည့် အလိုက်သိစွာဖြင့်ပင် အနီးရှိ ဗီရိုတံခါးကို ဖွင့်ကာ ကတ္တီပါအနီရောင်ဖြင့် အုပ်ထားသော ဓာတ်ဖန်လုံးကို ထုတ်ယူပေးလိုက်၏။

ဆရာက ကတ္တီပါစကို ယူငင်ဖယ်ရှားကာ ဓာတ်ဖန်လုံးအား ယင်း၏မျက်စိရှေ့မှောက်တည့်တည့်သို့ ဆွဲယူလိုက်၏။

ထို့နောက် လက်ဝါးနှစ်ဖက်လုံးအား ခွက်ခွက်ခုံးခုံးပြုကာ ဓာတ်လုံးဘေးတစ်ဖက်တစ်ချက်စီမှ အုပ်ဆိုင်းလျက် လက်ချောင်းကလေးများ တလှုပ်လှုပ်ပြုရင်း မမြင်ရသော အားအရှိန်များ ထည့်သွင်းနေသည့်သဖွယ် ပြုလုပ်လိုက်လေ၏။

ပါးစပ်ကလည်း တတွတ်တွတ်ရွတ်လျက် မန်းမှုတ်သည့်သဖွယ် ပြုလုပ်နေသေး၏။



ဒေါ်ရွှေအိမ်မှာ လေးစားကြောက်ရွံ့သည့် သဖွယ် မျက်လုံးဝိုင်းကြီးများဖြင့်ကြည့်ကာ ငြိမ်သက်နေလေ၏။

ဆရာရွတ်ဆိုနေခြင်းမှာ တဖြည်းဖြည်း စကားသံများ လုံးထွေးကာ မပီမသဖြစ်၍လာသည်။ တကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်လာလျက် ရင်ဘတ်ကြီးမို့မောက်ကာ အသက်ကိုပြင်းထန်စွာ ရှူသွင်းရှူထုတ်ပြုလုပ်ခဲ့လေ၏။

ထို့နောက် ...

ရုတ်တရက် မျက်ဖြူကြီးလန်ကာ ငြိမ်သက်၍သွားသည်။

ပြေည့် သိလိုက်ပေပြီ။

ဆရာက ဓာတ်ဖန်လုံးထဲတွင် မြင်ရသလိုဖြင့် ဟောချက်များ တောက်လျှောက်ထုတ်ပေတော့မည်။

တကယ်တမ်းတွင် သာမာန်ကျောက်သလင်းလုံးတစ်ခုသာဖြစ်သော ဓာတ်ဖန်လုံးထဲမှာ ဆရာ ဘာကိုမျှ မြင်ရ၍မဟုတ်။ ထင်မိထင်ရာ လျှောက်ပြောခြင်းမျှ

www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်လေသည်။

ပြေည့် အတွေးမဆုံးခင်မှာပင် ဆရာ့စကားသံများမှာ ခရားမှရေလွှတ်သလို တတွတ်တွတ် ထွက်ပေါ်၍လာလေ၏။

"ဟဲ့ ကြည့်စမ်း ကြည့်စမ်း၊ ဓာတ်ဖန်လုံးထဲမှာ မြင်လား၊ အနက်ရောင်အရိပ်တွေ အများကြီးပဲ၊ ထူလာပြီ တဖြည်းဖြည်း ... တဖြည်းဖြည်း ... ပိုပြီး ထူလာပြီ၊ အရမ်းကို ပိန်းပိန်းပိတ်အောင် မှောင်သွားပါလား၊ ဟော ... အနက်ရောင်လိုက်ကာခန်းဆီးစကို ဆွဲဖယ်လိုက်သလို ဖြန်းကနဲ ပွင့်သွားပြီဟေ့၊ ဟင် ဒါ ဘာပါလိမ့်၊ ခြော် အိမ်တစ်လုံး ထင်ပါရဲ့၊ အမယ် အိမ်ထဲမှာ ဒေါ်ရွှေအိမ်ပါလား"

ဒေါ်ရွှေအိမ်မှာ ကိုယ်တိုင်ပင်မြင်ရသည့်အလား ဓာတ်ဖန်လုံးကို ပြူးတူးပြဲတဲ လိုက်ကြည့်၍ နေလေ၏။ ဆရာက ဖန်လုံးထဲမှ (သူမြင်ရသည်ဆိုသော) ပုံရိပ်တစ်ခုခု အကြောင်း ပြောပြလေတိုင်း ခေါင်းတညိတ်ညိတ်



လုပ်ကာ မျက်ခုံးတို့အား ပင့်၍ပြလေ၏။

တုတ်လုပေသည်၊ မှန်လုပေသည်ဆိုသောသဘော၊ ဆရာပြောသော (ဓာတ်ဖန်လုံးထဲမှ ပုံရိပ်များအား) သူကိုယ်တိုင် မြင်တွေ့နေရသည့်အလားပင်။

လိုက်လည်း လိုက်လုပေသည်။ ညာဝါးဖြန်းသန်းသူနှင့် အညာဝါးခံသူတို့မှာ အတိုင်အဖောက်ညီလှ၏။ ဒီလိုလူတွေကြောင့်လည်း ဆရာပိုပြီး နာမည်ကြီးနေတာထင်ပါရဲ့။

ပြေည့်မှာ ကဲ့ရဲ့ချင်စိတ်တဝက်ဖြင့် ဒေါ်ရွှေအိမ်၏ မျက်နှာအား အကဲခတ်ကြည့်နေမိရာမှ ဓာတ်ဖန်လုံးဆီသို့ မမျှော်လင့်ပဲ အကြည့်ရောက်သွားခဲ့လေ၏။

ထိုအခါ ...

ပြေည့်တစ်ယောက် သူ့မျက်စိပင် သူမယုံသလိုဖြစ်သွားခဲ့ရလေသည်။

ဓာတ်ဖန်လုံးတွင် ...

ပုံရိပ်တစ်ခု ပေါ်နေလေ၏။

ပြတင်းပေါက်သေးသေးလေးမှ မြင်ရသလိုပင်

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဖန်လုံးထဲ၌ ရှုကွင်းရှုကွက်တစ်ခုကို မြင်တွေ့နေရ၏။

အကြိမ်များစွာ မြင်တွေ့ဖူးနေကျဖြစ်သော ဤခေတ်ဖန်လုံးကို ထူးခြားသည်ဟု ပြည့်ဘယ်တုန်းကမှ မထင်မိခဲ့။ ဘယ်လိုပုံရိပ်ကမလေး တစ်စွန်းတစ်စမှ လည်း မြင်တွေ့ခဲ့ဖူးခြင်း မရှိပါချေ။

ကြည့်ရင်းကြည့်ရင်းမှပင် ရှုကွင်းရှုကွက်တို့သည် တဖြည်းဖြည်းပို၍ ပေါ်လွင်ထင်ရှားလာခဲ့သည်။ မြစ်ကမ်းပါးလိုလို နေရာတစ်ခုရှေ့၌ ဒေါ်ရွှေအိမ် နှင့် မိသားတစ်စုတို့ ရပ်၍နေကြ၏။

သူတို့ ဘာတွေများ လုပ်နေကြတာပါလိမ့်။

ကြည့်နေရင်းမှပင် မြင်ကွင်းသည် ပြောင်းသွားခဲ့၏။ ဒေါ်ရွှေအိမ်၏ သားအငယ်ဆုံး ဖြစ်သော သာအောင်ကို လှေကြီးတစ်စင်းပေါ် တက်သွားတာ မြင်ရသည်။ သာအောင်သည် လှေကြီးပေါ် ရောက်သည်နှင့် အနောက်ဘက်လည်ပြန်ကြည့်ကာ လက်များ ဝှေ့ယမ်းပြနေလေသည်။



ထို့နောက် သာအောင်မှာ မြင်ကွင်းမှ ပျောက်သွားပြန်၏။ ကမ်းပေါ်မှ ဒေါ်ရွှေအိမ်တို့ တစ်သိုက်ကို ပြန်တွေ့ရသည်။ ဒီတစ်ခါ ခုနကထက် ပို၍အနီးကပ်၏။

သာအောင်ကို လိုက်ပို့နေတာနှင့်တူသော်လည်း နည်းနည်းတော့ ထူးခြားနေ၏။

ကမ်းပေါ်တွင် ...

ကျန်သူများက လက်ပြနေကြသော်လည်း ဒေါ်ရွှေအိမ်နှင့် မိန်းကလေးတစ်ဦးမှာ ခွန်းကြီးခွန်းငယ် စကားများနေကြပုံ ပေါ်လေသည်။

သတိမထားလိုက်မိခင် ပြည့်မှာ ဒေါ်ရွှေအိမ်အား ကောက်ကာငင်ကာ မေးလိုက်မိသည်။

"သာအောင် ခရီးထွက်ဖို့ရှိလို့လား ဒေါ်ရွှေအိမ်"

ဆရာဆီလှည့်မေးနေရာမှ ဒေါ်ရွှေအိမ်မှာ ပြည့်ဘက် ဖျပ်ကနဲလှည့်လာလေသည်။ ယင်း၏ မျက်နှာက တကယ်ကို အံ့သြတကြီး။ စဉ်းစားမရနိုင်အောင် ဖြစ်နေပုံပေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမှာ သူပြောနေစဉ် ထိုကဲ့သို့ ဖြတ်ဝင်နှောင့်ယှက်တာမျိုး နည်းနည်းမှ သဘောကျတတ်သူ မဟုတ်ပါ။

ပြည့်ဘက်သို့ မာန်မဲကြိမ်းမောင်းရန် ဆရာ လှမ်းကြည့်လိုက်စဉ်မှာပင် ဒေါ်ရွှေအိမ်မှာ ခဏတာ မင်သက်မိသလို ဖြစ်နေရာမှ တအံ့တသြ ပြောဆိုလေတော့သည်။

"ဟုတ် … ဟုတ်ပါတယ်၊ သာအောင့်ကို အထက်ဘက်ဆီ ကုန်ရောင်းကုန်ဝယ် လွှတ်မလို့ပါ၊ သူ့ကိုက အိမ်မှာ အလိုလိုက်ထားမိတော့ ဆိုးချင်တိုင်း ဆိုးပြီး အပေါင်းအသင်းလည်း စုံလှတာနဲ့ ကြာရင် ပျက်စီးမှာစိုးလို့ပါ၊ ဒါပေမယ့် ဒီတိုင်းတော့ မလွှတ်သေးပါဘူး၊ အိမ်ထောင်ရက်သား အရင်ချပေးဦးမယ်၊ ရည်စူးထားတဲ့ မိန်းကလေးကလည်း မျက်နှာသိထဲကပါပဲ၊ သဘောသဘာဝ အင်မတန်ကောင်းပါတယ်၊ သူ့အဖေက ကုန်ကူးဖို့ လှေကြီးတွေ



ထောင်ထားတယ်လေ၊ အဲဒီ လှေကြီးတွေနဲ့ သာအောင့်ကို ထည့်ပေးလိုက်မှာပါ"

အံ့သြနေသဖြင့် ဒေါ်ရွှေအိမ်မှာ စကားပင် တဆက်တည်း မပြောနိုင်သလို ဖြစ်သွားခဲ့ရသည်။

တံတွေးနင်နေသလို ခဏဒလောက်ရပ်လိုက်ပြီးမှ ဆက်ပြော၏။

… ဒါပေမယ့် အဲ့ဒါတွေအားလုံးက စိစဉ်ဆဲပဲ ရှိပါသေးတယ်၊ ကျွန်မနဲ့ ကျွန်မခင်ပွန်း ခုမှ တိုင်ပင်နေကြတုန်း၊ သာအောင့်တောင်မပြောရ သေးပါဘူး၊ အဲ့ဒါကို မောင်ရင်လေးက ဘယ်လိုလုပ် … ကြိုသိ …"

ဒီတစ်ခါတော့ သူ့ကို ဆူပူမာန်မဲဖို့ ပြင်နေသည့် ဆရာရော၊ ပြည့်ပါ ရှုတ်တရက် ဘာဖြေရမယ် မသိပဲ အိုးတိုးအန်းတမ်း ဖြစ်သွားကြရ၏။

မြိုင်တူလိုလိုပင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

ယင်းအပြုအမူကို မြင်သော ဒေါ်ရွှေအိမ်က

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး အတွေးပေါက်သွားလေ၏။

"ဪ … ကြည့်ရတာ၊ သူလည်း ဆရာ့ဆီမှာ နေလာတာကြာပြီဆိုတော့ ဆရာ့ပညာတချို့တဝက်ရနေပြီနဲ့ တူတယ်နော်၊ ဒါကြောင့် ရှေ့ဖြစ်မှာတွေ ဖန်လုံးထဲမှာ ကြိုမြင်လို့ မဟုတ်လား၊ ကဲ … ခုနသူပြောတဲ့ အကြောင်းကပဲ စဟော ပေးပါလားဆရာရယ် ကျွန်မသားလေး သာအောင်ကိစ္စ သိချင်လို့ပါ၊ ဒီနေ့လာရတာက လည်း သူ့ကိစ္စက အဓိကပါပဲ၊ ဖန်လုံးထဲမှာ မြင်သမျှတွေ မခြွင်းမချန်သာ ဟောပါဆရာ၊ ကျွန်မမှာ သာအောင့်ကြောင့် ရင်မောလွန်းရလို့ပါ"

ဆရာက ပြေည့်အား အဓိပ္ပါယ်ပါပါ မျက်မာန်တစ်ချက်ခဲသည်။ တော်တော်ရှုပ်တဲ့ကောင် နေနှင့်ဦး ဆိုသော သဘော။

သို့သော် ဘာပဲဖြစ်ဖြစ် သူ့လုပ်ရပ်မှာ တစ်ဖက်က ကြည့်လျှင် ဆရာ့ကို မျက်နှာကောင်းရစေခဲ့



သလို ဖြစ်သွားတာကြောင့် ဆရာ့ဒေါသတို့ ပြေသင့်သလောက် ပြေသွားပြီမှန်းလည်း သူရိပ်မိလိုက်ပါသည်။

ကြုံလာသောအခွင့်အရေးအား အမိအရအသုံးချတတ်သူပီပီ ဆရာက ပေါ်ပေါက်သည့် အခြေအနေအတိုင်း အလိုက်သင့် ဝင်နင်းလေတော့သည်။

"ခါတ်ဖန်လုံးထဲမှာ မြင်သမျှကိုတော့ ကျုပ်တို့က ပြောခွင့်မရှိဘူးဗျ၊ ကျုပ်တို့လို မှော်ဝရာကြီးတွေဆိုတာက မိုးနတ်မင်းရဲ့ လျို့ဝှက်ချက်တွေကို ထိန်းသိမ်းရတယ်၊ ဒါပေမယ့် ကျုပ်မြင်တွေရတာတွေ အများကြီးထဲက အမြွက်သဘော ပြောပြရရင် ဒေါ်ရွှေအိမ်ရဲသားကိစ္စဟာ အရာရာအဆင်ပြေမှာပါ"

"အမယ်လေး၊ ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒါဆို ကျွန်မသားအတွက် အရာရာ စိတ်အေးရပြီပေါ့နော်"

"အဲ … ဒီလိုတော့ မဟုတ်သေးဘူးဗျ၊ ကံကြမ္မာဆိုတာမျိုးက အပြည့်အဝ စိတ်ချလုံးချ

www.burmeseclassic.com

www.burmeseclassic.com



ထားလို့တော့ မရဘူးလေ၊ ယတြာလေးဘာ လေး ချေရင်တော့ ပိုသေချာသွားတာပေါ့ဗျာ၊ ခုတ်ချင်သွားတဲ့ သဘောပေါ့''

''ချေပါ့မယ် ဆရာရယ်၊ ချေပါ့မယ်၊ ကျွန်မက လည်း အစောကြီးကတည်းက ချေမလို့ပါပဲ၊ အခုတော့ ပိုပြီး ဝမ်းမြောက်ဝမ်းသာ လုပ်ရတာ ပေါ့လေ''

ဒေါ်ရွှေအိမ်က ဆရာ့ရှေ့ရှိ အလှူခံဖလားအ တွင်းသို့ ငွေစခပ်များများ ထည့်လိုက်သည်ကို တွေ့ရ သည်။

ပြည့်က အလိုက်သိစွာပင် ယတြာချေသူများ အား သူ့ဆရာပေးလေ့ရှိသော ငှက်ပျောပေါင်း၊ ပန်းပေါင်း၊ အင်းချပ်များ၊ အဆောင်လက်ဖွဲ့များ စသည်တို့ ထားရှိရာ ယွန်းသေတ္တာလေးတစ်ခုကို ယူဆောင်လာကာ ဆရာ့ အနီးတွင် ချပေးခဲ့၏။

ခါတိုင်း သူ့အား မတူသလို မတန်သလို၊ ဆက်ဆံလေ့ရှိသော ဒေါ်ရွှေအိမ်သည်ပင် ယခု လှမ်း



ကြည့်သော မျက်ဝန်းများ၌ အထင်ကြီးလေးစားဟန်တစ် စွန်းတစ်စကို မြင်တွေ့ရလေ၏။

ဆရာက သေတ္တာထဲမှ လက်ဖွဲ့နှစ်ခုထုတ်ကာ ပန်းပေါင်းများနှင့် သုတ်လိမ်း၍ ဒေါ်ရွှေအိမ်အား ပေး သည်။ အင်းနှစ်ကွက်လည်း ပေးလိုက်သေး၏။

ထို့နောက် ယတြာလုပ်ရမည့် အစီအစဉ် အ သေးစိတ်အား ပြောပြနေလေသည်။

ပြည့်တစ်ယောက် မဝံ့မရဲနှင့် ခုတ်ဖန်လုံးကို ခိုးကြည့်မိလေသည်။ ဒီတစ်ခါတော့လည်း ဖန်လုံးမှာ ဘာမှ မမြင်ရတော့။

ခုနက သူ့အမြင်ပဲ မှားလေသလား။

ဘာကျင့်စဉ်မှလည်း ကျင့်သူမဟုတ်၊ ဘာမှ လည်း သိပ်ယုံတတ်လှသူ မဟုတ်၍ အမြင်ထူးတွေ နေရင်းထိုင်ရင်းတော့ ရလာစရာမရှိဟု သူယူဆမိသည်။

သို့သော် ထိုကဲ့သို့သော အဖြစ်အပျက်တို့သည် နောက်ထပ် အခေါက်များစွာ ဆင့်ကာ၊ ဆင့်ကာ ဖြစ်လာ လေသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တစ်နေ့လုံး၌ ဆရာ့ဆီလာသမျှသော ညှော်သည်တို့နှင့် ပတ်သက်၍ ဆရာ မပြောပြောရသေးမီ၊

တစ်ခါတလေ သူတို့ကပင် မမေးမီ၊

အာရုံအထူးအဆန်းတို့ကို ဆန်းပြားစွာ ရရှိနေသောအခါ ...

သူ့ရင်ထဲ အဖြေမဲ့မေးခွန်းများစွာဖြင့်သော ချာချာလည် ခေါင်းရှုပ်ခဲ့ရပါလေတော့၏။



[၃]

အစကတော့ ...

ဆရာက သူ့အားခေါ်တွေ့ခဲ့ခြင်းကို သူ သိပ်ထူးခြားလှသည်ဟု ထင်မထားခဲ့မိပါ။

ခိုင်းစရာ တစ်ခုခုရှိတာမျိုး၊ ဆူပြောစရာ တစ်ခုခုရှိတာမျိုးမှာ ဆရာက သူ့အား ဒီလိုပဲ တစ်ယောက်ထဲ အမြဲ ခေါ်တွေ့နေကျမဟုတ်လား။

အထူးသဖြင့် အခုလို သူနဲ့တိုက်ရိုက်ပတ်သက်သော ကိစ္စတစ်ခုဖြစ်နေလိမ့်မယ်လို့တော့ သူထိုစဉ်က လုံးဝထင်မထားမိခဲ့ရိုး အမှန်ပင်ဖြစ်သည်။

သူ့အားတွေ့တွေ့ချင်း၌ ...

www.burmeseclassic.com

www.burmeseclassic.com



"လာလေ၊ ပြည့် ... ထိုင်ထိုင်"

ဟုပြောဆိုကာ ယင်းရှေ့ရှိ ထိုင်ခုံအားညွှန်ပြလိုက်သော ဆရာ့အသွင်ကပင် ထူးထူးခြားခြား ဖြစ်နေလေ၏။

"ဘာကိစ္စရှိလို့လဲဟင် ဆရာ"

ဆရာက သူ့မျက်နှာအား တစ်ချက် မျက်တောင်ပင့်ကြည့်လိုက်ပြီးမှ မျက်ဝန်းများအား တခြားနေရာသို့ လွှဲဖယ်သွားသည်။ ပြီးနောက် အနည်းငယ်တိုးသွားသလို အသံဖြင့် ...

"မင်းအတွက် ကိစ္စလေးတစ်ခုရှိလို့ကွ"

"ကျွန်တော့်အတွက် ... ဟုတ်လား"

"အေး၊ ဟုတ်တယ်ကွ၊ ဒီလိုကွာ မင်းကငါ့ဆီမှာ နေလာတာလည်း ကြာပြီမဟုတ်လား၊ ဒီတော့ ငါ့ဖို့ သားအရင်းလိုဖြစ်နေတော့ ဘာပဲဖြစ်ဖြစ် မင်း ဘဝအတွက် ငါ့မှာ တာဝန်ရှိတယ်လေ"

"ရပါတယ် ဆရာရယ်"



သူ မသဲမကွဲပြောလိုက်ပြီး ဘာဆက်ပြောရမယ်မှန်း မသိ။ သူ့ဆရာ သူ့ကို ခုလောက်တစ်ခါမှ စကားမချိုခဲ့ဖူးဘူးဟု စိတ်က အမှတ်ရနေမိသည်။

တစ်ခါတလေ စိတ်အခန့်မသင့်ရင် ဆဲဆိုတတ်သေးသော သူ့ဆရာ့ပါးစပ်က ခုတော့ နူးညံ့လွန်းလှချေလား။ ပြည့်မှာ အံ့သြမကုန်နိုင်အောင် ဖြစ်နေခဲ့ရလေ၏။

"ရတယ်မလုပ်နဲ့ ကွ၊ မင်းဘဝဟာ ဒီတိုင်းနေရင် ဒီလိုပဲ ဖြစ်သွားတော့မှာ၊ တစ်ချိန် ငါမရှိတော့တဲ့အခါ အားကိုးရာရှာမရလို့ ဒုက္ခတွေ့မှာ စိုးတယ်၊ မင်းဘဝ အဆင့်မြင့်တက်ဖို့အတွက် ငါ့ဆီမှာ အကြံရှိတယ်ကွ"

"ခုအတိုင်းလည်း ..."

ဆရာက လက်ကာပြကာ တားလိုက်သဖြင့် သူ့စကားမှာ လမ်းတဝက်တစ်ပျက်၌ ရပ်တန့်သွားရလေ၏။ ဆရာက စဉ်းစားရင်း ပြုံးလာကာ အားကြိုးမာန်တက် ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အိမ်ထောင်ချပေးရမယ်ကွ"

"ဗျာ"

"တို့ မြို့ဝန်မင်းကြီးလေ မင်းသိတယ်မဟုတ်လား"

သူ့ရင်ထဲ ဒိန်းကနဲ အခုန်မြန်သွားရ၏။ သူမျက်လုံးထဲ၌ ကလျာကို ပြေးမြင်လိုက်မိ၏။ ယုံပင်မယုံရဲအောင် ဖြစ်နေမိသည်။ ဆရာ ဘာတွေများ ပြောနေရတာပါလိမ့်လေ။ သူ အီးအီးအအ ဖြစ်နေမိတုန်းမှာပင် ဆရာက ဆက်ပြောလေ၏။

... ဟိုနေ့ကတောင် အဲဒီမြို့ဝန်ကြီးရဲ့သမီးနဲ့ ခယ်မတို့ ငါတို့ ဓာတ်နန်းဆီလာကြသေးတယ်ကွ၊ ငါပြောချင်တာက အဲဒီ မြို့ဝန်မင်းခယ်မအကြောင်းပဲ"

"ဗျာ ! မြို့ဝန်မင်းခယ်မ၊ ဟုတ်လား"

"အေး၊ မြို့ဝန်ကြီးညီရဲ့ မိန်းမပေါ့ကွာ၊ အသက်လည်း သိပ်မကြီးသေးဘူး၊ မြို့ဝန်ကြီးရဲ့ညီက မိန်းမငယ်ငယ်လေး ယူထားတာကွ၊ ဒီလိုယူပြီး



သိပ်မကြာခင်မှာပဲ သူသေသွားရော၊ ဟိုမုဆိုးမငယ်ငယ်လေးခမျာ စည်းစိမ်တွေအပြည့်နဲ့ တစ်ယောက်ထဲ ကျန်ရစ်ရရှာတာပေါ့ကွာ"

"ကျွန်တော့ကို အိမ်ထောင်ချပေးဖို့ဆိုတာ သူ့ကိုပြောတာလား ဟင်"

ရင်ထဲ မျှော်လင့်မိသည်နှင့် တခြားစီ ဖြစ်နေခဲ့ရလေပြီ။ ဆရာ ခေါင်းညိတ်လိုက်သည်ကို မြင်သောအခါ သူ့စိတ်ထဲ အားကုန်မောလျှသွားသလို ခံစားလိုက်ရလေသည်။

"ဒါပေါ့ကွ၊ ကောင်မလေးက မုဆိုးမလေးပေမယ့် မင်းနဲ့ အသက်သိပ်မကွာဘူး၊ ပြီးတော့ သူ့ဆီမှာ ကျန်ခဲ့တဲ့စည်းစိမ်တွေက အများကြီးကွဲ့၊ သူသာ ရလိုက်လို့ကတော့ တို့ဖို့ အပိုင်ပဲ၊ အဲ ... အဲ့ဒီကျရင် ဆရာ့တော့ မမေ့နဲ့ပေါ့ကွယ်၊ အို ဒါတွေကတော့ နောက်မှ ပြောပါ့မယ်လေ"

"ဖြစ်နိုင်မယ် မဟုတ်ပါဘူး ဆရာရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာအား ကြောက်ရသူမို့ မရဲတရဲ ငြင်းမိသည်။ သို့သော် ဒါကို သူ့ဆရာက တစ်မျိုးအဓိပ္ပါယ် ပေါက်သွားခဲ့၏။

"ဘာလဲ မင်းက သူ မင်းကို ပြန်မကြိုက်မှာ စိုးလို့လား၊ အဲဒီကိစ္စ ငါတာဝန်ထားပေါ့၊ ဆရာ တစ်သက်လုံး ဆည်းပူးလာခဲ့တဲ့ပညာတွေကို ဒီနေရာမှာ ထုတ်အသုံးချရမယ်၊ ငါတတ်သမျှ ပီယသျှိုပညာတွေနဲ့ သူမင်းကို မကြိုက်ကြိုက် အောင် လုပ်ပေးရမယ်ကွ"

"ဟို ... ဟိုလေ"

"ဟေ့ ...ဒီမှာ၊ ပြေည့်၊ ဘာမှ ထပ်ထွန့်တက် မနေစမ်းနဲ့၊ မင်း ငါ့ကိုမယုံဘူးလား၊ ငါ့သေချာ ကြည့်စမ်း၊ ငါဟာ ဒီနယ်တလွှားမှာ အစွမ်းဆုံး မှော်ဆရာကြီးကွ၊ ငါလုပ်ရင် ဘာမဆို ဖြစ်ကို ဖြစ်စေရမယ် မှတ်ထား၊ မင်း ဘက်က လုပ် စရာက တစ်ခုထဲရှိတယ်၊ ဒီနေ့ကစပြီး ငါပြော တဲ့အတိုင်း တသွေမတိမ်းလိုက်လုပ်ဖို့ပဲ၊ တစ်ခ



မှ မလွဲချော်စေနဲ့၊ အေး ... အပေါက်လမ်း မတည့်အောင် လုပ်လိုက်တော့ မင်းနာပြီသာ မှတ်"

ယင်းမှာ သူ့ဆရာ၏ ရာဇသံဖြစ်သလို ... သူ့အား

နောက်ပိုင်းတွင် အလွန်ရှုပ်ထွေးပွေလီ လာမည့် ကိစ္စရပ်များ၌ အဓိကလူအဖြစ် နက်နက်ရှိုင်းရှိုင်း ပါဝင် ပတ်သက်မိစေခဲ့ခြင်းလည်း ဖြစ်ပါသည်။

ဖဖဖဖ

www.burmeseclassic.com

www.burmeseclassic.com



[၄]

ပြည့်မှာ စိတ်မပါလှသော်လည်း ဆရာက ဘကယ်ပင် တလေးတနက် ရှိလှန်းနေ၏။

ပြည့်ပင် တစ်ခါမှမမြင်ဘူးသော အဆောင် လက်ဖွဲ့ပေါင်းစုံ၊ အစီအရင်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံ တို့ဖြင့် သူ့အား စီရင်မန်းမှုတ်ပေးလေတော့၏။

တစ်မျိုး လုပ်ပေးပြီးစဉ်တိုင်း၌ သူ့ဆရာက အားရဝမ်းသာ ပြောတတ်လေသည်။

"ကျိန်းသေတယ်၊ မင်းကိုမြို့ဝန်ခယ်မ ခင်လေး မကြိုက်ပဲ ဘယ်လိုမှကိုနေနိုင်တော့မှာ မဟုတ် ဘူး၊ မင်းနဲ့ တစ်ကြိမ်မျက်နှာချင်းဆိုင် တွေ့



လိုက်တာနဲ့ပဲ တန်းတန်းစွဲကို ဖြစ်နေတော့မှာ"

ကြာလာတော့ သူပင် ယုံထင်ကြောင်ထင်တွေ ထင်လာမိ၏။ ဆရာက ...

"ဒါတွေဟာ အစွမ်းတကာ့အစွမ်းဆုံး ဆေးတွေ ကွနော်၊ မထူးရင် ဓာတ်ဖြုတ်ခံဝံ့သကွဲ့"

ဟုလည်း မကြာခဏ ကြွေးကြော်သေး၏။

သူ့တွင် အပြင်ပိုင်း ကိုယ်ကာယအားဖြင့်တော့ သိပ်ထူးခြားလှသည် မထင်မိပါ။

ဆန်းပြားသည်ဟု ပြောနိုင်သော အခြင်းအရာ တစ်ခုကိုတော့ သူကြုံတွေ့ခဲ့ရပါသေး၏။ သို့သော် ယင်းမှာ ခြားနားသော အခြေအနေတစ်ရပ်အနေဖြင့် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာက အစီအရင်တွေ လုပ်အပြီးတွင် နောက် တစ်မျိုး လှည့်လာပြန်၏။

"ငါ နတ်ဝင်ပြီး မင်းကိစ္စ ပို လွယ်လွယ်ကူကူ အောင်မြင်ဖို့လည်း လမ်းညွှန်မှုခံရမယ်ကွ၊ ကဲ နတ်ဝင်နေကျပစ္စည်းတွေ ပြင်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်အတိုင်းဆိုပါက သူ့ဆရာသည် နတ်ဝင်လာဖို့အတွက် စိတ်သွင်း စောင့်ဆိုင်းရသည်မှာ ကွမ်းတစ်ယာညက်မျှသာ ကြာမြင့်တတ်ပါသည်။

သို့သော် ...

ယခုတော့ ...

အချိန်အတော်သာ ကြာသွားသည်အထိ ဘာမှထူးခြားမလာသောအခါ သူတို့ နှစ်ယောက်လုံး အလွန်ပင် အံ့သြတကြီး ဖြစ်မိခဲ့ကြတော့၏။

"ဘယ်လိုဖြစ်ရတာလဲ မသိဘူး"

သူ့ဆရာက နားမလည်နိုင်သလို ရေရွတ်သည်။

"ဆရာ ဘာအဆင်မပြေလို့လဲဟင်"

"မသိဘူးကွ၊ ငါ့မနောမှာ ဘာမှ ပုံဖော်မရဘူးဖြစ်နေတယ်"

"ဟို ဆရာ ခါတိုင်းရော ဒီလိုဖြစ်ဘူးသလားဟင်"

"တစ်ခါမှကို မဖြစ်ဖူးဘူး၊ နက်နက်ရှိုင်းရှိုင်း နတ်ဝင်တာမျိုး မဟုတ်တောင် မနောမှာ ရေးရေးလေးပဲဖြစ်ဖြစ် သဏ္ဌာန်တော့ ထင်လာတာချည်းပဲ၊ အခုက ငါ့အာရုံထဲ လုံးဝကိုဗလာဖြစ်နေတာ"

"ခဏလောက်တော့ နားလိုက်ပါဦး၊ ဆရာရယ်"

သူ့ဆရာတစ်ကိုယ်လုံးမှာ ချွေးများစွဲနစ်လျက်။

အနီးရှိ ထိုင်ခုံတစ်လုံးတွင်ထိုင်စေကာ သူ့အနီးမှ ယပ်ခတ်ပေး၏။ ဆရာ့အသွင်ကို ကြည့်ရသည်မှာ ဝင်ပန်းလွန်းလှချေသည်။

ခုထိ သူတွေ့ကြုံဖူးသလောက် ဒီလောက်ထိ ဆရာ ပင်ပန်းတာမျိုး မကြုံဖူး။ လည်ပင်းကြောကြီးများ တင်းတင်းထောင်ထလျက်၊ ရေမွန်းနေသူတစ်ယောက်လို အသက်ကို ခဲယဉ်းပင်ပန်းစွာ ရှူသွင်းရှူထုတ် ပြုလုပ်နေရလေ၏။

အချိန်အတန်ငယ်ကြာမှပင် ဆရာက နောက်တစ်ကြိမ် နတ်ဝင်ဖို့ ပြန်စတင်နိုင်လေ၏။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ...

ဆန်းကြယ်လွန်းလှစွာပင် ဆရာတစ်ယောက်နဲ့မှပင် နတ်ဝင်၍မရခဲ့ပါချေ။

အကြိမ်ကြိမ်အဖန်ဖန် ကြိုးစား၏။

သို့သော် အကြိမ်ကြိမ်အဖန်ဖန်လည်း အဆင်မပြေနိုင်ပဲ ဖြစ်နေရလေသည်။

နောက်ဆုံး ဆရာကပင် သံသယဝင်သလို ဖြစ်လာခဲ့ရသည်။

"မင်း ငါမသိအောင် ဘာတွေများ မှဟုတ်တရုပ်တွေ လုပ်ထားသေးလဲ ဟင်"

"ကျွန်တော် ... ဘာမှ မလုပ်ရပါဘူးဆရာရယ်"

"အေး ဒါဆိုရင်တော့ အတော်စဉ်းစားရကြပ်တာပဲ၊ ဘာကြောင့်များ ဒီလို ဖြစ်နေရတာပါလိမ့်နော်"

"ဟို ဆရာ ကျွန်တော့်အတွက် လုပ်ပေးတဲ့ အစီအရင်တွေကြောင့်များလား"



"မဆိုင်ပါဘူး၊ အဲဒါတွေလုပ်တဲ့အတွက် ပိုတောင် နတ်ဝင်လို့ အဆင်ပြေရဦးမယ်ကွ"

သူကိုယ်တိုင်လည်း လုံးဝ မစဉ်းစားတတ်တော့ပါချေ။

ခေါင်းထဲတွင် တစ်စုံတစ်ခုကိုတော့ ဖျပ်ကနဲ သတိရသွားမိ၏။ ချောက်ထဲကျစဉ်က ကြုံတွေ့ခဲ့ရသည့် ထူးထူးခြားခြား အဖြစ်တွေကြောင့်များလား။

ဘာပဲဖြစ်ဖြစ် ထိုမှနောက်ပိုင်းတွင် သူ့အတွက် အနည်းတဖုံ ထူးခြားနေတာတော့ အသေအချာပဲဖြစ်သည်။

သို့သော် ထိုအကြောင်း ပြောပြလို့ကလည်း ဆရာက ယုံကြည်မည်မဟုတ်။ ယုလောက်စရာ လက်ဆုပ်လက်ကိုင်ကလည်း သူ့မှာ ဘာမှ မရှိသည်ကိုး။

ထို့ကြောင့်လည်း သူ မပြောပြဖြစ်တော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



[၅]

ဆရာအကြံအစည်၏ အရေးပါဆုံးအဆင့်သည် နောက်ထပ်ရက်အနည်းငယ်အကြာမှာပင် စတင်၏။

ထိုနေ့ နံနက်အစောပိုင်းကတည်းက ပြေညှိကို ဆရာက ကြိုမှာ၍ထားသည်။

"ဒီနေ့ကို ငါပြောတဲ့ မြို့ဝန်မင်းရဲ့ ခယ်မနဲ့သမီး တို့တတွေ ရောက်လာလိမ့်မယ်ကွ"

သူ့ရင်ထဲ ဒိန်းကနဲ အခုန်မြန်သွားရလေ၏။

"ဟုတ် ဟုတ်ကဲ့ပါဆရာ"

"အေး အဲဒါ မင်းက ဟောဒီဆေးလိပ်ကိုယူ ထား"



"ဒါနဲ့ ကျွန်တော် ဘာလုပ်ရမှာလဲဟင်"

"အဲဒါ ပီယဆေးလိပ်ကွဲ့၊ မြို့ဝန်မင်းခယ်မ ခင်လေးကို ဒီဆေးလိပ်ငွေ့တွေသာ များများရှူရ စေအောင်လုပ်ပေး မင်းကိုမုချပြန်ကြိုက်လာစေ မကွဲ့"

"သူ့ဆီကို ဆေးလိပ်ငွေ့တွေရောက်အောင်လုပ် ဖို့က လွယ်ပါ့မလား ဆရာရယ်၊ ဆရာဟော နေတုန်းဆို ကျွန်တော်က အနောက်ဘက် ခပ် လှမ်းလှမ်းမှာ နေရတဲ့ဥစ္စာ"

"ဒါမပူစမ်းပါနဲ့၊ ငါကြံပေးပါ့မယ်ကွာ"

✸

www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်မင်းတို့အိမ်တော်မှ စီးတော်လှည်း သူတို့ခြံတံခါးပေါက်သို့ ဆိုက်ရောက်မလာခင်လေးမှာပင် ဆရာက သူ့အား သူတို့ဓာတ်ခန်းနှင့် မနီးမဝေးတွင်ရှိသော ဂမုန်းခြံသို့ ကြိုတင်သွားရောက်နေခိုင်းလေ၏။

ကြည့်ရတာ ခင်လေးတို့ ရောက်လာရင် သူ့ဆီ တနည်းနည်းနဲ့ လွှတ်လိုက်ဖို့နဲ့ တူတယ်။

ဆရာ့အကြံကို သူရိပ်မိလိုက်သဖြင့် ဂမုန်းခြံဆီ ခပ်သွက်သွက် ထွက်ခွာသွားလိုက်လေသည်။ သူ့ရင်ထဲမှာတော့ မောနေ၏။ ဆရာ့အကြံ အဆင်မှပြေပါ့မလား။

ဘာပဲဖြစ်ဖြစ် သူ့ဖို့တော့ ပေါက်တဲ့နဖူး



မထူးတော့ပြီ။ ဆရာခိုင်းသည့်အတိုင်း တသွေမတိမ်း လုပ်ဖို့သာ ရှိတော့၏။

ဂမုန်းခြံမှာ သူ့ဆရာလိုအပ်မည့် ဆေးအမယ်များ လွယ်လင့်တကူရရှိအောင် အသင့်ပျိုးထားခြင်းဖြစ်သည်။

ခြံထဲ ခပ်လေးလေးပင်ပင် လျှောက်ဝင်လာခဲ့ရင်း သူ တောင်တွေးမြောက်တွေး လျှောက်တွေးနေမိ၏။

အခါများစွာ ရောက်ဖူးနေကျဖြစ်သော်လည်း ဂမုန်းခြံအား ကြည့်ရသည်မှာ ဒီတစ်ခါ တစ်မျိုးပဲဟု သူ အောက်မေ့မိသည်။

တစ်နေ့ရာအရောက်တွင်မူ သူ့ခြေလှမ်းများအား ရုတ်တရက်တန့်ရပ်သွားစေသော ကိစ္စတစ်ရပ်အား ကြုံတွေ့ခဲ့ရလေ၏။ ဂမုန်းပင်တစ်ပင်အား သူ လှမ်းကြည့်လိုက်မိစဉ်တွင်ဖြစ်သည်။

အရင်ဆုံး ...

သူ့မျက်လုံးတွေထဲ ...

ထင်းကနဲ ဝင်ရောက်လာသောအရာမှာ ကြက်

www.burmeseclassic.com

www.burmeseclassic.com



သွေးရောင်ဆန့်ဆန့် အရောင်ဆန်းတစ်ခုပင် ဖြစ်လေသည်။

ကြက်သွေးရောင်ဟုသာ အနီးစပ်ဆုံးဆိုလိုက်ရသော်လည်း တကယ်တမ်း ဘာအရောင်ဟု တိတိကျကျ ပြောရန် တော်တော်ခက်ပါသည်။

ဂမုန်းပင်တွေထဲမှာ ထိုအရောင်မျိုးမမြင်ဘူးပါဘူးဟု တွေးမိလျက်က သူအံ့သြစွာ ငေးကြည့်နေမိ၏။

အရွက်၊ အခက်တွေနှင့် တည်နေပုံက ငုံးဂမုန်းနှင့်တော့ အတော်တူလှ၏။ သို့သော် အရောင်သာ ဆန်းပြာနေခြင်းဖြစ်သည်။

ငုံးဂမုန်း၏ မူလအရောင်ဖြစ်သော အစိမ်းရောင်ကို ရှက်ကြောပေါ်တွင် ပျပျကလေးမျှသာ မြင်ရလေ၏။

ဘယ်လို ဖြစ်ရတာပါလိမ့်။

ကမ္ဘာပေါ်မှာ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးခဲ့သော အရောင်မျိုးကို လာမြင်နေရပါလား။

ငါပဲ နေရာမှား ရောက်နေသလားဟုပင် သူ



ထင်ချင်လာမိ၏။ တခြား ဘောဂဗိဝယာသို့ ငေးကြည့်သည်။

ထိုစဉ်မှာပင် …

သတိထားကြည့်မိသောအခါမှ …

တခြားဂမုန်းပင်များကိုလည်း သူတစ်ခါမှ မမြင်ဘူးသော အရောင်ဆန်းများ ကိုယ်စီနှင့် မြင်တွေ့လိုက်ရလေတော့သည်။

နေရာကတော့ သူအမြဲရောက်ဖူးနေကျ ဖြစ်သော ခါတိုင်းနေရာဖြစ်သည်။

သို့သော်

သူတစ်ခါမှမမြင်ဘူးသော အရောင်တွေကို မြင်နေရ၏။ တစ်ချို့ အရောင်တွေဆိုလျှင် ဒီကမ္ဘာလောကထဲမှာ ရှိသည်ဟုပင်မထင်သော သူတစ်ခါမှ မမြင်ဘူးခဲ့သည့် အရောင်များ ဖြစ်လေသည်။

အံ့သြမင်သက်မိစွာ …

သူ ဂမုန်းပင်တွေကို အကြောင်သားငေးကြည့်နေမိသည်။ ထို့ထက်ပို၍လည်း ဘာလုပ်ရမယ်မှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



သိစိတ် ကင်းမဲ့သွားသူတစ်ယောက်လို ဂမုန်းပင်များရှေ့၌ တောင့်တောင့်ကြီးရပ်နေမိသည်မှာ ခြံစည်းရိုးအနီးမှ အသံတစ်ခုကို ကြားလိုက်ရချိန်ထိတိုင် ဖြစ်သည်။

အသံထွက်ပေါ်ရာမှာ သူနှင့် မလှမ်းမကမ်းတွင်ရှိ၏။

ထို့ကြောင့် သူ စူးစမ်းလိုစိတ်ဖြင့် လျှောက်သွားလိုက်သည်။ ခုနက ဂမုန်းပင်တွေပေါ် ဆန်းကြယ်အံ့သြစိတ် မကုန်သေးသဖြင့်လည်း ဘာထူးထူးခြားခြားများတွေ့ရမလည်းဟု သူသွားကြည့်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ထိုအနားရောက်သွားသည့်အခါ ရယ်ချင်စရာအချင်းအရာကိုသာ မြင်ရလေသည်။

ကောင်မလေးတစ်ယောက်က ဂမုန်းခြံစည်းရိုးမှ အပြင်ထွက်ရန် ကျော်ဆင်းနေခြင်းဖြစ်သည်။

ကြည့်ရတာ လူလစ်တုန်း ဂမုန်းခြံထဲမှ အပင်တစ်ချို့ လာခိုးတာဖြစ်နိုင်သည်။ လူမိသွားမှာစိုးလို့အမြန် ခြံစည်းရိုးကျော်ထွက်ကာမှ ဆူးခက်များနှင့်ညိကာ



စည်းရိုးပေါ်မှာပင် တန်းလန်းသား ရှေ့တိုးမရနောက်ဆုတ်မရ ဖြစ်နေလေ၏။

သူ ရယ်ချင်စိတ်တဝက်ဖြင့် လှမ်းအသံပြုလိုက်သည်။

"ဟေ့၊ ဘာလုပ်နေတာတုန်း"

ကောင်မလေးက သူ့ကို ဖျပ်ကနဲလှမ်းကြည့်သည်။ နှုတ်ခမ်းလေးကိုထော်လိုက်ပြီး တစ်စုံတစ်ခုပြန်ပြောရန်ပြင်၏၊

သို့သော် နောက်မှ အကြောင်းအချက်တစ်ခု သတိရသွားသလိုဖြင့် မျက်နှာချင်းတည့်တည့်မဆိုင်ပဲ ခေါင်းစောင်း မျက်နှာလွှဲ၍နေသည်။

မလုံတလုံ လက်ဖဝါးလေးတစ်ဖက်ကိုပင် သူ့မှ မျက်နှာရှေ့၌ ကာရံထား သေး၏။

"ဘာလုပ်နေတာလဲလို့ မေးနေတယ်လေ"

"ခင် ... ခင်ဗျား မကျိုန့်လိုက်နဲ့နော်"

ထစ်ငေါ့ငေါ့ စကားသံလေးတစ်ခွန်း ကောင်မလေးနှုတ်ဖျားမှ ထွက်ပေါ်လာလေသည်။ သူရယ်ချင်

www.burmeseclassic.com



သွားမိ၏။

"ဘာတွေ လျှောက်ပြောနေတာလဲကွ"

"ခင်ဗျား ကျွန်တော့်ကို ပြစားလို့မရနော်၊ ကျွန်တော့ ဘာမှတ်လဲ"

"အံမယ် မင်းကများ ရရစစ လူကိုကျိန်းလား မောင်းလားနဲ့ သူများခြံထဲလည်း ခိုးဝင်သေးတယ်၊ သူခိုးကမလေးကများ"

ကောင်မလေး ဆတ်ကနဲဖြစ်သွား၏။ ခြံစည်းရိုးပေါ် တန်းလန်းကြီးဖြစ်နေရာမှ သူ့ဘက် ပြန်ခုန်ဆင်းလာ၏။

"အောင်မာ လူကိုများ စွပ်စွပ်စွဲစွဲ ဘာ သူခိုးလဲ"

ကောင်မလေးကိုယ်ကို စေ့စေ့စပ်စပ် လှမ်းကြည့်လိုက်၏။ သိုင်းလွယ်ထားသော လွယ်အိတ်မှာ အနည်းငယ် ဖောင်းကားနေသည်ကို တွေ့ရသည်။

"ဟိုမှာလေ မင်းလွယ်အိတ်ထဲမှာ၊ ဒီခြံထဲက ခိုးထားတာတွေ မဟုတ်လား"



ကောင်မလေးက သူ့လွယ်အိတ်သူ တစ်ချက်ငုံ့ကြည့်လိုက်ကာ ဖျပ်ကနဲ လက်မောင်းသားဖြင့် ဖုံးကွယ်လေ၏။ ပါးစပ်မှလည်း ပွစိပွစိနှင့် …

"အံမယ်၊ ဘာမှတန်ဖိုးမရှိတဲ့ အပင်လေးတွေ အတွက်များ ဖြစ်နေတယ်"

"ဘာလို့ တန်ဖိုးမရှိရမှာလဲ၊ ငါက ဒါတွေကို ဟိုး တောနက်ထဲမှာ ခဲခဲယဉ်းယဉ်းသွားရှာထားရတာကွ"

"အေးလေ တောထဲမှာ အလကားရတဲ့ဟာ တွေပဲကို"

"လုပ်ပြန်ပြီ၊ ဒါ တကယ့်ရှားပါးအပင်တွေကွ၊ အလကားဟာတွေလို့ထင်နေရင် မင်း ဘာလို့ လာခိုးခူး နေသေးလဲ"

"ဒါနဲ့ ကျွန်တော်တို့ဆီက လူတစ်ယောက်ရဲ့ ရောဂါကို ကုဖို့လိုလို့ပေါ့ဗျာ၊ ခင်ဗျား မကြီးကျယ်စမ်းပါနဲ့"

ပြေညီစိတ်ထဲ ဒေါသထွက်ရမည့်အစား ရယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်သလို စိတ်များသာ ဖုံးလွှမ်းနေမိ၏။ ဒီကောင်မလေး နှင့် အရောတဝင် လုပ်ချင်နေမိသည်။

ကောင်မလေးပုံသွင်က တကယ့် အရိုင်းအစိုင်း အသွင်လေး။ မျက်နှာပေါ်မှာလဲ အိုးမဲတွေလား၊ ရွှံ့တွေ လားမသိ။ ပေလို့ ကျံလို့။ ဆံပင်ကိုလည်း မဖြီးမသင်။ ထိုကဲ့သို့ ကပိုကရိုပုံသွင်ကိုပင် ပြေည့်မှာ သဘောကျနေ မိသလို ရှိရ၏။

တစ်စိတ်တစ်ပိုင်းအားဖြင့်တော့ ပြေည့်တစ် ယောက် ကိုယ့်ကိုယ်ကိုလည်း အံ့ဩနေမိသည်။

သူက ခါတိုင်းဆို ဒီလိုဟာမျိုးတွေနှင့် ပတ် ပတ်သက်သက် မလုပ်တတ်ဘူး မဟုတ်လား။ မိန်းက လေးဆိုရင် ကြော့မော့နေအောင် ပြင်ဆင်ခြယ်သထားမှ မျက်စိကျတတ်၏။ မြို့ဝန်သမီး ကလျာတို့လိုမျိုးပေါ့။

အရင်ကတည်းက ဒီကောင်မလေးတွေမှာ သူတို့ ခြံထဲလစ်ရင်လစ်သလို ဟိုဟာလာခူး၊ ဒီဟာလာ ခူးနှင့်တွေ လုပ်တတ်နေကျ။

အများဆုံးခူးတတ်တာတော့ စွယ်တော်ရွက်တွေ



ဖြစ်သည်။ သူတို့က ထိုအရွက်များအား ကြော်စားတတ် ကြသတဲ့။ အဲဒီအခါတွေတုန်းကတော့ ခုလိုစကားပြောဖို့ ဝေးလို့ စေ့စေ့မျှပင် မကြည့်ချင်ခဲ့။

လူရိပ်လေးမြင်လိုက်တာနဲ့ အတင်းအော်ဟစ် မောင်းထုတ်နေကျ။ ဘာလို့ ခုမှ သူ့စိတ်ထားတွေ ဆန့် ကျင်ဘက်ကြီး ပြောင်းလဲနေရသလဲ မပြောတတ်ပါ။

ကောင်မလေးက ပြုံးပြီး သေချာစိုက်ကြည့်နေ မိသည့်သူ့ကို ဘုကြည့်ပြန်ကြည့်နေသည်။

သို့သော် ကြာကြာမကြည့်နိုင်ပဲ မျက်နှာပြန်လွှဲ သွား၏။ ထို့နောက် ဘောက်ဆတ်ဆတ်လေသံဖြင့်ပင်

"သွားတော့မယ်ဗျာ၊ ခုယူသွားတဲ့ အပင်တွေ အကြေး မှတ်ထား၊ နောက်တော့ပြန်ဆပ်မယ်၊ ဟုတ်ပြီလား"

ပြောပြောဆိုဆို ခြံစည်းရိုးအား ပြန့်ကျော်တက် ကာ ထွက်ခွာသွားရန်ပြုလေ၏။

ဒီတစ်ခါတော့ သတိထားကျော်သည်မို့ ခြံစည်း ရိုးနှင့် မငြိတော့ပဲ ကောင်းကောင်းလွတ်ကင်းသွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ လှမ်းအော်မေးလိုက်မိ၏။

"ဟော့ မင်းနာမည် ဘယ်လိုခေါ်သလဲကွ"

ခြံစည်းရိုးကျော်ထွက်နေရင်းမှ ကောင်မလေး က ပြန်အော်မေသည်။

"ခင်ဖျား နာမည်ကရော"

"ပြည့်တဲ့၊ မင်းနာမည်ကရော"

"ကျွန်တော့် နာမည်လား၊ မပြောပြဘူး"

ပြောပြောဆိုဆိုပင် ခြံဝင်းအပြင်ရောက်နေပြီ ဖြစ်သော ကောင်မလေးမှာ သူ့ဘက်တစ်ချက်ပြုံးကြည့် ကာ လှစ်ကနဲ ပြေးထွက်သွားလေတော့သည်။

မေးသည်ကို ကောင်းကောင်းမဖြေပဲ လူလည် ကျသွားသော်လည်း သူ့စိတ်မဆိုးမိ။ ရင်ထဲ ပျော်သလို ပင် ဖြစ်နေမိခဲ့လေသည်။

✸



တကယ်တော့ ပြည့်တစ်ယောက် လာရင်း ကိစ္စကိုပင် မေ့လျော့သွားသလို ဖြစ်နေခဲ့ရလေ၏။

ခြံဝင်းထဲသို့ ဝင်ရောက်လာသော ခြေသံများ ကြားစဉ်က ကြောင်အမ်းအမ်းပင် ဖြစ်မိခဲ့သေး၏။

နောက်မှ

သူ သတိရလာခဲ့သည်။

ဒီကို သူ ရောက်လာရသည်မှာ မြို့ဝန်မင်း ခယ်မ ခင်လေးကို လာစောင့်ဖို့ပေပဲ။

ဆရာကတော့ 'အင်မတန်ထူးခြားသော အကြံ အစည်ကြီး' ဟု ဆိုသည်။ သူကတော့ 'အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



မသတိ စရာကောင်းသော အကြံအစည်ကြီး’ ဟု ထင်မြင်နေမိသည်။

စိတ်မသက်မသာဖြင့်ပင်

ခြံအဝင်ဝဘက်ဆီ မျှော်ကြည့်မိတော့ …

နောက်လိုက်နောက်ပါ ဖြစ်ဟန်တူသူတစ်ဦးနှင့် အတူ မိန်းမရွယ်တစ်ဦး ဝင်ရောက်လာသည်ကို တွေ့လိုက်၏။

စိတ်မပါလက်မပါဖြင့်ပင်

သူပြုံးပြလိုက်ရင်း ခရီးဦးကြိုပြုရန် ရှေ့တိုးလျှောက်သွားလိုက်လေသည်။

“မြို့ဝန်မင်းကြီးရဲ့ ခယ်မတော် မခင်လေးတို့ပါလား၊ ခင်ဗျာ”

ပါးစပ်က ပြောရင်းမှလည်း သေချာ ကြည့်ရှုအကဲခတ်ကြည့်မိ၏။

ရုပ်ရည်ကတော့ သိပ်မခေလှဘူးပဲ။

ဒါကြောင့်ပဲ မြို့ဝန်မင်းခယ်မဖြစ်တာ နေမှာပေါ့လေ။ စိတ်ထဲတွင်မဆီမဆိုင် ခုနတွေ့လိုက်ရသော



ကောင်မလေးနှင့် နှိုင်းယှဉ်မိသလိုရှိ၏။ သူ့စိတ်တွေ ဘယ်လိုများ ဖြစ်နေရပါသလဲ။

“ကျွန်မကို မြို့ဝန်မင်းခယ်မတော်လို့ ခေါ်ဖို့မလိုပါဘူးရှင်၊ မခင်လေးလို့ ခေါ်နိုင်ပါတယ်”

မိန်းကလေးက တရင်းတနှီးပြောလာခဲ့သည်။

စိတ်ထားလေးလဲ မဆိုးဘူးပဲဟု သူ့စိတ်က အမှတ်ပေးလိုက်မိ၏။ သူ့သော် ခုနကောင်မလေးလိုတော့ သူ့စိတ်ကို မညှုတ်နှူးစေခဲ့။ ခမ်းနားတောက်ပစွာ ခြယ်သထားမှန်းသိသော်လည်း သူ့အမြင်တွင် သဘောမကျလှပဲ ဖြစ်နေခဲ့သည်။

ပါးစပ်ကတော့ အလိုက်အထိုက် ပြောဖြစ်ခဲ့သည်။

“ဟုတ်ကဲ့ပါ မခင်လေး၊ ဒီခြံထဲ ဘာအလိုရှိလို့များ ရောက်လာရပါသလဲ ခင်ဗျာ”

“ဆရာက ညွှန်လို့ပါ၊ ယတြာများလုပ်ဖို့ရန်အတွက် ဒီထဲက ဂမုန်းတစ်မျိုးကို ကိုယ်တိုင်ခူးချိုးစီရင်ရမယ်လို့ ဆိုပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဘာဂမုန်းများပါလဲ ခင်ဗျာ"

"ဒေါင်းဂမုန်းလို့ ဆိုတာပါပဲ"

"ဪ၊ ဟိုဘက်နားတင် ရှိပါတယ်၊ လာပါ ကျွန်တော် လမ်းပြပါ့မယ်"

ခင်လေးက ပြေည့်နှင့် ရင်ပေါင်တန်းကာ လျှောက်လေသည်။

ပြေည့်မှာ ဒေါင်းဂမုန်းများ စိုက်ပျိုးထားရာသို့ သွားရင်း ခင်လေးနှင့် စကားစမြည်ပြောဖြစ်ခဲ့ကြသည်။

"ဒေါင်းဂမုန်းက ဘာအစွမ်းတွေများ ရှိသလဲ ဟင်"

"မင်္ဂလာရှိတယ်၊ ကျက်သရေပြည့်စုံတယ်လို့ ဆိုကြတာပါပဲ၊ ဆရာ အသေးစိတ်ညွှန်ကြားပါ လိမ့်မယ်"

ထိုစဉ်မှပင် သူ့အား ဆရာညွှန်ကြားလိုက်သော ကိစ္စတစ်ရပ်ကိုလည်း သတိရလိုက်မိ၏။ ခင်လေးဆီသို့ ဆေးလိပ်ငွေ့များလွှတ်ရန် ဖြစ်လေသည်။

ဆရာကတော့ ဗီယဆေးလိပ်ဆိုကာ ပေးလိုက်သည်ပဲ။ ခင်လေးဆီ ထိုဆေးလိပ်ငွေ့တွေ များများ



လွှတ်ပေးရင် သူ့ကို ချက်ချင်းချစ်ခင် စုံမက်လာလိမ့်မည်တဲ့။

စိတ်မသတီသော်လည်း လုပ်ရပေတော့မည်။

'**သူ့ဆန်စား ရဲမှ**' ဆိုသည့် စကားလည်းရှိသည် မဟုတ်လား။

အိပ်ထဲမှဆေးလိပ်ကို ထုတ်ရင်း ခင်လေးကို တောင်းပန်လိုက်မိသည်။

"ဆေးလိပ်လေး သောက်ချင်လာလို့ ခွင့်ပြုပါနော်"

"ရပါတယ်လေ၊ သောက်ပါ"

ဆေးလိပ်ကိုထုတ်သောက်ရင်း ဆရာခိုင်းသလို ဆေးလိပ်ငွေ့များလဲ သူမဘက် မကြာခဏလွှတ်နေမိ၏။

ရိပ်မိမည်စိုး၍ ပါးစပ်ကလည်း စကားကို အမျှင်မပြတ် ပြောနေမိသည်။

"ကျွန်တော်က လူမမြင်ဘူးခင်တော့ မြို့ဝန်မင်း ခယ်မတော်ဆိုတာ အသက်ကြီးလောက်ပြီ မှတ်တာ၊ အခုတော့ တော်တော်ငယ်သေးသား

www.burmeseclassic.com

www.burmeseclassic.com



ပဲနော်”

“အင်း၊ သိပ်တော့လည်း မငယ်တော့ပါဘူး လေ၊ သုံးဆယ်နားနီးလှပါပြီ”

“ဘာပဲဖြစ်ဖြစ်လေ ဒါကိုက ငယ်သေးတယ် လို့ ဆိုရမှာပေါ့၊ ဒီလိုအရွယ်မှာဆိုတော့ တော် သေးတယ်လို့ ဖြေပေါ့လေ၊ အသက်ကြီးမှသာ ခင်ပွန်းသည်ဆုံးပါးခဲ့ရင် အိုမင်းမစွမ်းနဲ့အတော် ဒုက္ခတွေမှာ မဟုတ်လား”

ခင်လေးက နာနာကျင်ကျင် တစ်ချက်ရယ် သည်။

“ငယ်ငယ် ကြီးကြီး မုဆိုးမဆိုတာဟာ မုဆိုးမ ပါပဲလေ၊ လင်သေသွားလို့ခံစားရတဲ့ ဒုက္ခချင်း အတူတူပါပဲ”

“ဒါပေမယ့် မခင်လေးက အသိုင်းအဝိုင်းလဲရှိ ဥစ္စာပစ္စည်းလဲပြည့်စုံဆိုတော့ ခံသာသေးတာ ပေါ့”

“ဒီလို ဥစ္စာပစ္စည်းလဲပြည့်စုံတော့ ပိုဆိုးတာပေါ့



လေ၊ ဒါတွေကို လိုချင်နေသူတွေကြောင့် ဒုက္ခ ပိုရတယ်၊ ကျွန်မမှာ ထိန်းသိမ်းကာကွယ်နေရ တာကိုက တဒုက္ခပါရှင်”

“ဒါဆိုရင်လဲဗျာ ကိုယ့်စည်းစိမ် ဥစ္စာတွေကို မရှိဆင်းရဲသားတွေဆီ ပေးကမ်းစွန့်လှူလိုက်ပါ လား”

ပြောမိပြီးမှ သူ့အနေအထားသူ ပြန်သတိရ လိုက်မိ၏။ ဆရာ့အစီစဉ်အရဆိုလျှင် သူသည် ခင်လေး ဆီမှ ဥစ္စာပစ္စည်းများအား အမိကအရရချိုင်မည့်သူ မဟုတ် လား။

ဒီလိုလှူကမှ သူမကို ဥစ္စာပစ္စည်းတွေ စွန့်လွှတ် ဖို့ပြောနေတော့ အဆီအငေါ်မတည့်သလို ဖြစ်နေလေ၏။ ထိုစကားကြောင့်ပင် ခင်လေးများ သူ့အပေါ်တစ်မျိုးမြင် သွားမလား စိုးရိမ်လိုက်မိသေး၏။

သို့သော် သူ့စိတ်ထဲတွင်တော့ ရှင်းလင်းစွာ လိပ်ပြာသန့်နေမိသည်။ သူ့ရင်ထဲတွင် ခင်လေး၏ ပစ္စည်းဥစ္စာများအား တပ်မက်စိတ် စိုးစဉ်းမျှပြပေါ်

www.burmeseclassic.com

www.burmeseclassic.com



မလာ။ ဆရာခိုင်းသဖြင့် ဆေးလိပ်ငွေ့တွေ ခင်လေးဘက် တွင်တွင်လွှတ်တာကလွဲလို့ သူပြောဆိုသမျှသည် တကယ့်စိတ်ရင်းသာဖြစ်၏။

ခုအချိန် ဘူသာ ခင်လေးနေရာမှာ ရှိလျှင်လည်း ပစ္စည်းဥစ္စာများအား မမက်မောပဲစွန့်လွှတ်ဖို့သာ လုပ်မိမည်ပင်။

ခင်လေးကလည်း ပြောရှာပါသည်။

"ကျွန်မလည်း အဲဒီလို စဉ်းစားနေပါတယ်"

တဲ့။ စကားတပြောပြောပင် သူတို့မှာ ဒေါင်းဂမုန်းများ စိုက်ပျိုးထားရာဘက် ရောက်လာကြ၏။

ဒေါင်းဂမုန်းမှာ ပင်စည်မရှိဘဲ မြေကြီးမှ ရိုးတံနှင့် အရွက်များ ဖြာထွက်ခြင်းဖြစ်၏။ ဥမရှိ၊ ခေါင်းမရှိဘဲ အပင်ရင်းမှသာ အပင်ပေါက်များ ထွက်လေ့ရှိသည်။ သဲနှင့် မြေပွ ရောစပ်သော မြေမျိုးတွင်သာ များသောအားဖြင့် ပေါက်ရောက်ရှင်သန်တတ်လေသည်။

ခူးချိုးရန်သင့်တော်သော ဒေါင်းဂမုန်းပင်လေး တစ်ပင်ကို ပြည့်က ခင်လေးထံ ညွှန်ပြလိုက်၏။



ခင်လေးက မြေပြင်ဆီငုံကိုင်းကာ ဆရာညွှန်ကြားထားသည်များအတိုင်း စီမံလေ၏။

ထိုစဉ်မှာပင် သူတို့ခြံထဲလိုက်ဝင်လာသော သဏ္ဍာန်တစ်ခုကို မြင်တွေ့လိုက်ရသည်။

မြို့ဝန်မင်း၏ သမီးတော် '**ကလျာ**' ပင် ဖြစ်သည်။ သူ့ရှုံ့နှိမ့်မှုတို့အား မျက်ဝါးထင်ထင် ကိုယ်ထင်ပြနိုင်သောသူ တစ်ယောက်။

အခါများစွာ သူ ကြေကွဲခဲ့သတိရမိသော မျက်နှာရှင်ကလေးတစ်ယောက် ဖြစ်လေသည်။

အကျင့်ပါနေသည်မို့ သူ ကလျာကိုငေး၍ကြည့်နေမိသည်။

သို့သော် ...

ထူးဆန်းစွာပင် ကလျာလျှောက်လာသည်ကို မြင်သော်လည်း ခါတိုင်းလို ကြည်နူးရင်ခုန်ခြင်း မဖြစ်မိ။

ကလျာ့အလှကိုလည်း မခံစားရသလို ဖြစ်နေခဲ့ရလေသည်။

ကြည့်နေရင်းမှပင် ကလျာက သူတို့အနားသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့သည်။ သူ့ကို မျက်လုံးတစ်ချက်ဝေ့ကာ ကြည့်ပြီး ယောင်ယောင်လေးတစ်ချက်ပြုံးပြ၏။

ခါတိုင်းဆိုလျှင် ထိုကဲ့သို့ ပြုံးပြပါက သူ အရမ်းရင်ခုန်သွားလိမ့်မည် ဖြစ်သော်လည်း ယခုတော့ သူ့ရင်ထဲ သိပ်ထူးထူးခြားခြားမခံစားရပဲ ရှိလေသည်။

သာမာန်အသိအကျွမ်းတစ်ယောက်လို ပင် ကလျာကိုသူ တည်တည်ငြိမ်ငြိမ်ပြုံးပြနိုင်ခဲ့သည်။ ကလျာက အကြည့်ကို သူ့ဆီမှ ခင်လေးဆီရွှေ့သွားပြီး လှမ်းမေးလေသည်။

"မခင်လေးရေ၊ ပြီးပြီလားဟင်"

ခင်လေးက ဂမုန်းပင်ခူးယူပြီး အထလာနှင့် သွားရောက်ကြိုကြိုက်ခဲ့သည်။

"ပြော်ပြီးပြီလေ ညီမ၊ ညီမရော ဆရာကြီး ဆီမှာမေးလို့ ပြီးပြီလား"

"ဟုတ်ကဲ့၊ ကျွန်မက နဂိုကတည်းက သိပ် မေးစရာမရှိပါဘူးလေ၊ မခင်လေးအတွက် လိုက်လာတာပါ"



"အေးပေါ့လေ၊ အပူပင်မရှိတဲ့သူတွေအတွက် တော့ ကံကြမ္မာကို ကြိုပြီးသိချင်စရာ ဘယ် သိပ်ရှိပါ့မလဲ၊ လူဆိုတာမျိုးက စိတ်ညစ်စရာ ကြုံလာတော့မှသာ ကံကြမ္မာကို အားကိုးတတ် ကြတာမဟုတ်လား"

ခင်လေးက ခံစားချက်ပါသောစကားကို ဆို သည်။ အားလုံးက သူမ ခံစားချက်ကို နားလည်မှုရှိစွာ ဖြင့် ဘာမှပြန်မပြောတော့ပဲ နှုတ်ဆိတ်နေပေးလိုက်ကြ ၏။

ပြေည့်တို့သုံးယောက်သား ခဏချင်းပင် ဂမုန်း ခြံဝသို့ ပြန်ထွက်လာခဲ့ကြသည်။

ခင်လေးနှင့် ကလျာတို့က ခြံဝ၌အသင့်စောင့် နေကြသော မြင်းရထားပေါ်သို့တက်ကြသည်။

ခင်လေးကသွားကာနီးတွင် သူ့ဘက်တစ်ချက် ကြည့်ကာ …

"သွားတော့မယ်နော်"

ဟု နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလျာကလည်း အတူရောကာ ခေါင်းတချက်ဆတ်ပြ နှုတ်ဆက်လေသည်။

သူက ပြုံးပြရင်း …

“ဟုတ်ကဲ့ နောက်များလည်း လာခဲ့ပါဦးနော်”

ဟု ပြန်နှုတ်ဆက်လိုက်သည်။

ထို့နောက်

မြင်းရထားက ထွက်ခွာသွားပြီး ခဏချင်းမှာပင် အဝေးသို့ရောက်ရှိသွားတော့သည်။

သူ့ရင်ထဲတွင် ယခင်ကနှင့် ခြားနားသွားသော တစ်စုံတရာကို ခံစားသိရှိနေမိ၏။

ပစ်ပစ်ခါခါ ငြင်းပယ်ခံလိုက်ရပြီးသည့်နောက်ပိုင်း၌ ကလျာ့ကို သူ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ခဲ့သည်မှာ ဒါ ပထမဆုံးအကြိမ်ဖြစ်သလို …

ကလျာ့အလှတွင်လည်း လုံးဝမယစ်မူးမိပဲ (လှသည်ဟုပင် သိပ်သိသိသာသာ အသိအမှတ်မပြုမိပဲ) နေထိုင်နိုင်ခဲ့သည်မှာ ဒါ ပထမဆုံးအကြိမ်ဖြစ်ပါလေတော့သည်။



[၆]

ထိုနေ့သည် သူတို့ဓာတ်ခန်း၌ အလွန်အလုပ်များသော နေ့တစ်နေ့ဖြစ်သည်။

အစိအရင်တွေ လာလုပ်ကြသူ၊ ဗေဒင်မေးသူ၊ အကြားအမြင်မေးကြသူများနှင့် ပြည့်တို့ ဆရာတပည့်နှစ်ယောက်မှာ နည်းနည်းကလေးမျှ အနားရသည်ဟူ၍ မရှိ။

ဆရာမှာ ပင်ပန်းလွန်းလှသည်နှင့် သူ့အား အနားသို့ခေါ်ယူကာ တီးတိုးမှာကြားလေသည်။

“ဗေဒင်တွေ၊ အစီရင်ကိစ္စတွေပြီးရင် ဆရာ ခဏနားမယ်ကွာ၊ အကြားအမြင်မေးတဲ့သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို နောက်ဆုံးမှချန်ပြီးထားခဲ့မယ်၊ မင်းပဲ ဆက်လုပ်လိုက်တော့”

“ဟုတ်ကဲ့ပါ ဆရာ”

ခါတိုင်းလည်း ဒီလို လူရှုပ်တဲ့အခါမျိုးမှာ ဆရာ့ကိုယ်စား သူဝင်လုပ်နေကျမို့ ပြေညှိဖို့ မထူးခြားတော့ပြီ။

သူတို့ အစီအစဉ်ကလည်း အတော်လေး ပါးပါးနပ်နပ်ရှိ၏။ ဆရာက ပြေညှိကို ဓာတ်ကူးသလိုလိုနှင့် မျက်စိများမှိတ်စေကာ အနည်းငယ်ရွတ်ဖတ်ပေးပြီး တစ်ခုခု ပူးဝင်နိုင်းသလို လုပ်ခဲ့လိုက်သည်။

ပြီးရင် မေးဖို့ တန်းစီနေသူများအားလုံး တစ်ယောက်စီ စိတ်ကြိုက်သာမေးကြပေရော့။

လူတွေကို ဆရာပြောပြသည့်စကားလေးက အတော်သင်းသည်။

“ကဲ သူ့ကို အထက်ပုဂ္ဂိုလ်ကြီးရဲ့ နာမ်ဓာတ် အကိန်းခိုင်းလိုက်ပြီးပြီ၊ မေးလိုရာ မေးကြပေရော့”

တဲ့။ အထက်ပုဂ္ဂိုလ်ကြီး၏ နာမ်ဓာတ်ကိုပင်



သူ့ဆီမှာတောင် မဝင်စေပဲ သူနေစေလိုသည့် သူတပည့်ဆီမှာ ကိန်းခိုင်းတာဆိုတော့ ဘယ်လောက်များ အဆင့်မြင့်လိုက်သလဲ။

ဒီလို လုပ်ပုံကိုင်ပုံမျိုး ဘယ်ဆရာဆီမှာမှ မရှိ။

လူတွေက ခုလိုတစ်ခါတရံ ထူးထူးခြားခြား လုပ်ပြတာမျိုး ပိုလို့တောင် ကြိုက်ချင်မိကြသေးသည်။

ယခုလည်း သူတို့ ထိုအတိုင်းလုပ်တော့ လူတွေ တပြုံးပြုံး ဖြစ်သွားကြ၏။

ဆရာက လုပ်စရာရှိတာလုပ်ပြီးသည်နှင့် သူ့ဒုက္ခငြိမ်းသွားသည့်သဖွယ် အတွင်းခန်းသို့ ဝင်ရောက်ကာ နားခိုလေတော့သည်။

ဓာတ်ခန်းထဲတွင်တော့ အကြားအမြင်မေးသူ တစ်သိုက်နှင့် သူတစ်ယောက်တည်း။

တော်သလို၊ လျော်သလို ကြည့်စခန်းသွားပေတော့ပေါ့။

အရင်ဆုံး ရှေ့တိုးမေးမြန်းလာသည်က လူလတ်ပိုင်းအရွယ် ယောကျ်ားတစ်ဦးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သားလေးနဲ့ ပတ်သက်ပြီးမေးချင်လို့ပါ ခင်ဗျာ"

ခါတိုင်းဆိုလျှင်တော့ ဒီလိုမျိုး မေးလာခဲ့ပြီးဆိုသူ အာရုံခံချင်ယောင်ဆောင်ပြီး ခပ်ဆိုင်းဆိုင်းဟောပြနေကျ။

အသံကိုလည်း ခပ်ဩဩဖြစ်အောင် တုပြောနေကျဖြစ်၏။

သို့သော်

ဒီနေ့မှာတော့

ဘယ်လိုများ ဖြစ်သွားလေသည် မသိ။

ဟိုက မေးခွန်းတစ်ခု စမေးလိုက်သည်နှင့်ပင် ကြိုတင်ကြံစည်မထားပါပဲလျက် သူ့ပါးစပ်က စကားလုံးများ သွန်ချလိုက်သလို တောက်လျှောက်ထွက်ကျလာလေတော့သည်။

ကိုယ်ပြောလိုက်တာ မှန်မမှန်ကို နားထောင်သူ့အရိပ်အခြေကြည့်ပြီး ပြောဖို့ သတိမရ။

အသံကိုလည်း ဩဇာသံပါသည့် အသံမျိုးဖြစ်



အောင် တုပဖို့ သတိမရ။

ဘာကိုဘာမှ ... သတိမရတော့ပါချေ။

✷

"ခင်ဗျာ့သားက မရှိတော့ဘူးပဲ ဆုံးသွားခဲ့ပြီ၊ သူ့ဆုံးတုန်းက ငယ်ငယ်လေးရှိသေးတာပဲ"

"ဟုတ် ... ဟုတ်ပါတယ်ဗျာ"

"အသက်ငါးနှစ်လောက်မှာ ဆုံးသွားတာဗျ"

"ဟုတ်ပါတယ်"

"ကလေးက ချစ်ဖို့အရမ်းကောင်းတယ်၊ သွက်သွက်လက်လက်ကလေးနော်"

"ဟုတ်ကဲ့၊ တစ်ချိန်ကတော့ ကျွန်တော့် သားလေးဟာ အင်မတန် သွက်လက်ချက်ချာခဲ့ ပါတယ်"

"တစ်ချိန်ကပဲ သွက်လက်ချက်ချာခဲ့တာ မဟုတ်ပါဘူး၊ ခုလည်း သွက်လက်နေတုန်းပါ၊ ပျော်ပျော်ရွှင်ရွှင်လည်း ရှိနေတုန်းပါ၊ ရယ်သံ

www.burmeseclassic.com

www.burmeseclassic.com



လွင်လွင်လေးနဲ့ ရယ်တတ်တယ်၊ တီတီ တာ တာ ပြောတတ်တယ်၊ မျက်နှာလေးက ပြုံးရွှင်ပြီး ခုန်ပေါက်နေတာပဲ''

''ဟုတ်ပါတယ်ဗျာ၊ အဲဒါ ကျွန်တော့် သားလေးဆိုတာ အသေအချာပါပဲ၊ သူက ပျော်ရင် ခုန်ပေါက်မြူးတူးနေတာပါပဲ''

မေးမြန်းသူမှာ စကားပြောရင်း အသံများပင် မသိမသာ တုန်ယင်မိသည်။ ပြေညှိကတော့ ဆက်၍ ဆက်ကာ ပြောကောင်းနေဆဲ။

''ခင်ဗျားသားလေးဆုံးပြီးတော့ အိပ်မက်တွေ ဘာတွေ မမက်ဘူးလား''

''မက်ပါတယ်''

''ခင်ဗျားသားက ပြောပါတယ်၊ သူမရှိတော့တဲ့ နောက် ခင်ဗျားဟာ ပူဆွေးသောကတွေနဲ့ ကျိန်ရစ်ခဲ့ရတယ်တဲ့၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ သူဟာ ခင်ဗျားတို့နဲ့ အမြဲပဲ ရှိပါတယ်၊ မြင်နိုင်တဲ့ ရုပ်ခန္ဓာမရှိတော့ပေမယ့် နာမ် ဝိညာဉ်က



တော့ ခင်ဗျားတို့နားမှာ အမြဲနေပါတယ်တဲ့''

''ဟုတ် ... ဟုတ်ကဲ့ပါခင်ဗျာ''

''သူဟာ အသေဆိုးနဲ့ သေခဲ့ရတာပဲ''

''ဟုတ်ပါတယ်''

''သစ်ပင်ပေါ်ကကျ သေတာ မဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျာ''

''ခင်ဗျားတို့ အိမ်ခြံဝင်းထဲက သစ်ပင်ကနေကျသေခဲ့တာလို့ ဆိုတယ်၊ ဟုတ်သလား''

''ဟုတ်ပါတယ်''

''ဒါပေမဲ့ သူသေခါနီး ဘာဝေဒနာမှ မခံစားလိုက်ရပါဘူးလို့ ပြောပါတယ်''

''ကျွန်တော့သားလေးကို ပြောပေးပါဗျာ၊ သူ့ကို ကျွန်တော် အရမ်းချစ်ပါတယ်လို့''

''သူကလည်း ဒါကိုသိပါတယ်ဗျာ၊ ပြီးတော့ ခင်ဗျားမိန်းမဖြစ်တဲ့ သူ့အမေ့ကိုလည်း ပြောလိုက်ပါတဲ့၊ အမေ ပေါ့ဆလို့ သူ သေရတာ မဟုတ်ပါဘူး၊ သူ့မှာ ဒီလိုဖြစ်ဖို့ကံ နဂိုထဲကပါ

www.burmeseclassic.com

www.burmeseclassic.com



လာလို့ပါတဲ့၊ သူ့အတွက် စိတ်မကောင်း ဖြစ်မနေပါနဲ့တဲ့''

''ဟုတ်ကဲ့ ... ပြောလိုက်ပါမယ်''

''တကယ်တော့ သူသေရတဲ့အပေါ် ဘယ်သူမှ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်မနေစေချင်ဘူးတဲ့၊ ဘယ်သူ့မှာမှလည်း အပြစ်မရှိဘူးလို့ မှာပါတယ်''

မေးမြန်းသူမှာ ရုတ်တရက် စကားမတုန့်ပြန်နိုင်။ ကြေကွဲနေဟန် အံကိုတင်းတင်းကြိတ်၍ မျက်နှာကြီး နီမြန်းနေလေ၏။

''သူ့အစ်မလေးကိုလည်း ခင်ဗျားတို့တွေ ချစ်ပါ၊ ဂရုစိုက်ပါတဲ့''

''သမီးဟာ သားကိုတော့ အစားမထိုးနိုင်ပါဘူးဗျာ''

''ခင်ဗျားသားက ပြောပါတယ်၊ အဲဒီလို စိတ်မထားပါနဲ့တဲ့၊ **သေဆုံးသွားသူအတွက် လွမ်းဆွတ်တသမှုနဲ့တုံ့ပြန်သလို အသက်**



**ရှင် ကျန်နေသူကိုလည်း ဂရုစိုက် ကြင်နာခြင်းနဲ့ တုံ့ပြန်သင့်ပါတယ်တဲ့၊ ကိုယ်ချစ်တဲ့သူတစ်ယောက်ကို ဆုံးရှုံး လိုက်ရတာနဲ့ပဲ နောက်ထပ် ဘယ်သူ့ကိုမှ မချစ်နိုင်တော့ဘူးဆိုတာ မဖြစ်သင့်ပါဘူး** တဲ့''

''ဟုတ်ကဲ့ပါဗျာ''

''ပြီးတော့ ခင်ဗျားသားက ပြောသေးတယ်၊ ဖေဖေ ပျော်ပျော်ရွှင်ရွှင်နေပါတဲ့၊ လူဖြစ်လာတဲ့အတွက် လူသားတစ်ယောက်ရဲ့ တာဝန်ကျေအောင်ဆောင်ရွက်ပါတဲ့၊ အသက်ရှည်အောင်လည်း နေပါတဲ့၊ ခင်ဗျားက အခု ဒီဘဝမှာ မနေချင်တော့ဘူးဆို''

''ဟုတ်ကဲ့၊ သားမရှိတော့တဲ့နောက် ဘဝဟာ အဓိပ္ပာယ်မှ မရှိတော့တာ''

''ခင်ဗျားသားပြောတာက ခင်ဗျားကိုယ်ခင်ဗျား ပြောင်းလဲပစ်ရမယ်၊ ခုလုပ်ပုံတွေက မှားနေတယ်တဲ့၊ အရင်ဆုံး ခင်ဗျားနေမိုးကို ခွင့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ သူသေခဲ့တာ သူ့အမေပေါ့လျှော့လို့ မ ဟုတ်ပါဘူးတဲ့၊ ဒုတိယအနေနဲ့ ခင်ဗျားသမီး သူ့အစ်မကို ချစ်ပါတဲ့၊ တတိယအချက်က ဘာ၁ကို ပျော်ပျော်ရွှင်ရွှင် အစ်ပွားယ်ရှိရှိနဲ့ ဖြတ် သန်းပါတဲ့၊ **တကယ်တော့ လူဖြစ်လာကြရ တာဟာ ကိုယ့်ဝိညာဉ်အတွက် မပြီးပြတ်သေး တဲ့ လုပ်ငန်းဆောင်တာတွေ လုပ်ဖို့ရယ်၊ လောကကြီးရဲ့ အကြောင်းခြင်းရာတွေကို သင်ကြားဖို့ရယ်ပါ**တဲ့ ခင်ဗျား မလုပ်ဖြစ်တာ တွေ အများကြီးရှိသေးတယ်၊ အဲဒါတွေ အ တွက် လူ့ဘဝမှာ ပျော်ပျော်ရွှင်ရွှင် ဆက်နေထိုင် ပါဦး တဲ့"

"ဟုတ်ကဲ့ ကျွန်တော် ကြိုးစားပါ့မယ်"

"သူပြောသလိုလုပ်ပါ့မယ်လို့ သူ့ကို ကတိပေး စေချင်တယ်လို့ ဆိုတယ်"

"ကတိပေးပါတယ်ဗျာ"

"ဒါဆို ခင်ဗျားသားက ကျေနပ်နှစ်သိမ့်သွားပါ ပြီ၊ ခင်ဗျားကိုလည်း သူ သိပ်ချစ်ပါတယ်တဲ့၊ ကဲ … သွားတော့မယ်လို့ သူနှုတ်ဆက်နေပြီ"

နောက်ထပ်မေးမြန်းသူမှာ အမျိုးသမီးတစ်ဦး ဖြစ်လေသည်။

ဒီတစ်ခါကျတော့ ဟိုက ဘာမှမမေးခင် သူ့ ပါးစပ်က ခရားရေလွှတ်ပြောမိလေသည်။

"ဆုံးသွားတဲ့ ခင်ဗျားခင်ပွန်းဟာ အလုပ်ကို အရမ်းလောဘတကြီး လုပ်တတ်တဲ့သူပဲဗျ"

"ဟုတ်ပါတယ်ရှင်"

"သူ နေမကောင်းဖြစ်တော့ အလုပ် မလုပ်နိုင် တော့တဲ့အတွက် သိပ်စိတ်ဓာတ်ကျ သွားရ တယ်၊ ဒါ့အပြင် ဝေဒနာကလည်း သိပ်ပြင်း ထန်လာတော့ ဒေါသမထိန်းနိုင်တော့ဘူး၊ ခင်ဗျားတို့အပေါ်လည်း နင်ပဲငဆ ပြောဆိုမိခဲ့ တာတွေအတွက် ခွင့်လွှတ်ဖို့ တောင်းပန်နေပါ တယ်"

**ထိုစကားအရောက်တွင် အစောပိုင်းထဲက ကြေ**



www.burmeseclassic.com

www.burmeseclassic.com



ကွဲမှုတို့ ကြိတ်မှိတ်ခံစားနေရဟန်ရှိသော အမျိုးသမီးသည် စိတ်မထိန်းနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်တော့၏။

"သူက ဆက်ပြောတယ်၊ ခင်ဗျားငို့အပေါ် အပြောဆိုးခဲ့မိတာဟာ သူ့ရောဂါကြောင့်ပါတဲ့၊ တကယ်တော့ သိပ်ကြမ်းကမ်းခဲ့တဲ့ သူ့ဘဝဟာ ခင်ဗျားနဲ့ အိမ်ထောင်ကျမှ သာယာပျော်ရွှင်ခဲ့ရတာတဲ့၊ ဒါကြောင့် သူက သေကွဲ မကွဲချင်ဘူး၊ ဒါကြောင့် သေခါနီးမှာ ကြိတ်မနိုင်ခဲမရနဲ့ သူ သိပ်ဒေါသထွက်ခဲ့တယ်၊ နောင်တမလွန်ဘဝ ရှိသေးမှန်းတော့ သူသိတယ်၊ ဒါပေမဲ့ သူက ခင်ဗျားနဲ့သမီးကို မခွဲနိုင်ဘူးတဲ့၊ ဒါကြောင့် ခုထိ ခင်ဗျားတို့သားအမိနှစ်ယောက်ကို စောင့်ရှောက်နေတုန်းပဲတဲ့"

"ဟုတ်ကဲ့ပါရှင်"

"တကယ်တော့ ခွဲခွာရလို့ ပူဆွေးသောကရောက်ရတာဟာ ခင်ဗျားတစ်ယောက်တည်း



မဟုတ်ဘူး၊ သူလည်း ဒီအတိုင်းပါပဲတဲ့၊ သူက ခင်ဗျားနဲ့အတူ အမြဲဆက်ရှိနေပါတယ်၊ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့တဲ့"

"ဟုတ်ကဲ့ပါ"

"သေတဲ့သူကလည်း သေပြီးပြီပဲ၊ ဒါပေမယ့် သူသေသွားတာကြောင့် ခင်ဗျားမလဲ ရှင်လျက်ဘဝသေနေတာမျိုး မဖြစ်စေချင်ပါဘူးတဲ့"

"ဟုတ်ကဲ့ပါရှင်"

"ရှေ့လဆို ခင်ဗျားတို့ မင်္ဂလာနှစ်ပတ်လည်နေ့ရောက်ပြီဆို"

"ဟုတ်ပါတယ်"

"သူက ပြောတယ်၊ အဲဒီ နှစ်ပတ်လည်နေ့ကျရင် အနားမှာ သူရှိနေပါမယ်တဲ့"

"ဟုတ်ကဲ့ပါ"

"သူ့အတွက် ကောင်းမှုကုသိုလ်တွေ လုပ်ပေးတာလဲ သူ ရတဲ့အကြောင်း၊ ကျေးဇူးတင်တဲ့အကြောင်းလည်း ပြောနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ခင်ဗျားနဲ့ သမီးနဲ့ အလာကို သူ စောင့်နေပါ့မယ်တဲ့"

"ဟုတ်ကဲ့ပါ သူကွယ်လွန်ခါနီးရက်တွေမှာ ပြောဆိုပြုမူခဲ့သမျှတွေအတွက် ကျွန်မတို့ ဘယ်လိုမှဖွေမယူကြောင်းနဲ့ သူ့ကို အခုထိချစ်ခင်နေဆဲဖြစ်ကြောင်းလည်း ပြောပေးပါနော်"

ထိုနှစ်ယောက်ပြီးတော့လည်း နောက်ထပ် အယောက်ပေါင်း များစွာ။

မေးလာသမျှတို့ကို ငြေိမ့်တစ်ယောက် မနားတမ်း ပြောဟောနေမိ၏။

လူတစ်ယောက် ရှေ့ရောက်လာသည်နှင့် ပါးစပ်ထဲ စကားလုံးတွေက အစီအရီ။

လုံး၀

ထိန်းလို့မရတော့။

ကိုယ့်ကိုယ်ကို ဘာတွေပြောမိမှန်းပင်မသိတော့ပါချေ။



[၇]

ဆရာလုပ်ခဲ့သော အစီအရင်တွေက အစွမ်းပြလာသည်ဟုပင် ဆိုရမည်လား မသိပါ။

နောက်ထပ်တစ်ပတ်မျှအကြာမှာပင် သူတို့အား မြို့ဝန်မင်းအိမ်မှ အခေါ်လွှတ်လိုက်သူ ဆိုက်ရောက်လာလေတော့သည်။

မြင်းရထားနှင့် သူတို့လိုက်ပါလာကြရင်း ဆရာက သူ့အား တိုးတိုးပြောလေ၏။

"ငါတို့ လုပ်ထားတာတွေ အစွမ်းပြပြီနဲ့ တူတယ်၊ ဒီနေ့ခေါ်တဲ့ကိစ္စဟာ မဟုတ်မှလွဲရော၊ ခင်လေးနဲ့ တနည်းနည်းပတ်သက်နေရမယ်၊ မင်းဟိုရောက်တဲ့အခါ အခြေအနေကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနော်"

ပြေည့်မှာ ကြုံလာရနိုင်သည်များကို တွေးကာ စိတ်မသက်မသာ ဖြစ်နေခဲ့မိလေတော့၏။

ထိုသို့ဖြင့်ပင် သူတို့ဆရာတပည့်နှစ်ယောက်မှာ ခြားနားသောစိတ်ဆန္ဒကိုယ်စီဖြင့် မြို့ဝန်မင်းအိမ် ရောက်ခဲ့ကြရလေသည်။

သို့သော် သူ့ဆရာ တွက်ဆထားသည်များ မှားယွင်းခဲ့ပါပေသည်။

တကယ်တမ်း သူတို့ကိုခေါ်သည်မှာ ခင်လေးနှင့် ဘယ်လိုမှမသက်ဆိုင်။ မြို့ဝန်မင်းက မေးမြန်းလိုသည်များရှိ၍ ဖြစ်သည်တဲ့။

✸



ဆရာ့အား မြို့ဝန်မင်းက အတွင်းခန်းသို့ခေါ်ကာ သီးသန့်မေးနေစဉ်တလျှောက်၌ ပြေည့်တစ်ယောက် မြို့ဝန်မင်း၏အိမ်တော်အတွင်း လှည့်ပတ်ငေးမောနေခွင့်ရခဲ့လေသည်။

ဒီအိမ်ထဲသို့ ပြေည့် ရောက်ခဲ့ဖူးသည်မှာ ဒါပါနဲ့ဆို တတိယအကြိမ်မြောက် ဖြစ်လေသည်။

ရောက်တိုင်းလည်း ဒီအိမ်ကို တအံ့တသြငေးမောကြည့်ရှုနေကျ။ အိမ်တော်ကြီး၏ ခမ်းနားကြီးကျယ်မှုမှာ အားကျအထင်ကြီးရင်း နှစ်ခြိုက်မက်မောနေကျ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ကြိမ်မှာတော့ ...

ပြေည့်၏ ခံစားမှုက ထူးဆန်းစွာခြားနား၍နေသည်။

ရွှေရောင်ငွေရောင်တို့ ပြောင်လက်ဝင်းပသော၊ စုလျစ်မွမ်းချွန်တို့ဖြင့် တန်ဆာဆင်ခြယ်သအပ်သော အိမ်ကြီးအား လှည့်ပတ်ကြည့်ရှုကာ စိတ်အိုက်သလိုပင် ဖြစ်နေမိ၏။

'အိမ်' ဆိုတာက လူတွေနေထိုင်ဖို့အတွက်ပဲ မဟုတ်လား။

နွေးထွေးလုံခြုံဖို့၊ သဘာဝဘေးရန်ကို တတ်နိုင်သမျှ ကာကွယ်ဖို့ အမိုးအကာနှင့် အဝန်းအဝိုင်းတစ်ခု ရှိရင် တော်ပြီပေါ့။

အခုတော့ ...

ခိုလှုံရာ အသိုက်အမြုံတစ်ခုအဖြစ်ထက် ဝင့်ကြွားတုပြိုင်စရာ ပကာသနတစ်ခုလို ဖြစ်နေခဲ့သည်ကို သူ သဘောမကျမိ။



မှတ်မိသလောက်တော့ ဒီအိမ်နှင့်ပတ်သက်ပြီး သူ ယခုလို ခံစားမိခဲ့သည်မှာ ဒါပထမဆုံးအကြိမ်ဖြစ်လေသည်။

ဘာကြောင့်များ ယခင်က အတော်မက်မောခဲ့သော အရာတစ်ခုအပေါ် ထိုသို့ သဘောထားပြောင်းသွားရသလဲတော့ သူမပြောပြတတ်ပါ။

သိပ်မကြာခင် နေ့ရက်များကပင် သူ ထို့ကဲ့သို့သော အိမ်ကြီးအိမ်ကောင်းမျိုးမှာ နေထိုင်လိုစိတ်တို့ အပြင်းအထန် ရှိနေခဲ့ဖူးသည်ကို အမှတ်ရမိသေး၏။

ယခုမူ သူ့အမြင် သူ့အတွေးချင်းက ပြောင်းပြန်လို ခြားနားသွားခဲ့ပြီ။

ကလျာကိုရော၊ ခင်လေးကိုရော မတွေ့ရသည်နှင့် ခပ်ပျင်းပျင်းရှိသဖြင့် သူ အိပ်များပင် ငိုက်လာခဲ့မိပါသည်။

ဆရာကတော့ အတွင်းခန်းတွင်မြို့စားကြီးကို ဟောပြောကောင်းနေဆဲ။

ပြေည့်တစ်ယောက်မှာ မှန်စီရွှေချ အိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မဟာအတွင်းမှာ ငြိမ်းငွေ့လှစွာ စိတ်အိုက်၊ အိပ်ငိုက်နေမိပါတော့သည်။



[၈]

တကယ်တော့ …

ဟိုတစ်နေ့က အကြားအမြင်လိုလို ဟောပြောမိခဲ့သည့် အကြောင်းအရာများအား ပြည့်ကိုယ်တိုင်ပင် မေ့လျော့ချင်သလိုလို ဖြစ်နေခဲ့ရလေပြီ။

ထို့ကြောင့် လူတွေလာပြောကြသည့်အခါ သူ ရုတ်တရက် ကြောင်အမ်းသွားရခြင်းဖြစ်၏။

အများစုကတော့ ဆရာ့ကိုပဲ ဦးတည်ပြောလာကြခြင်း ဖြစ်ပါသည်။

"ဟိုတစ်နေ့က မှန်လိုက်တာ ဆရာရယ်"

ဟု ပြောလာသည့်အခါ ဆရာပင် ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုပြောမှန်းမသိအောင် ဖြစ်သွားရ၏။ တစ်ချို့က လည်း …

"အဲဒီလို မကြာမကြာဟောပေးပါဆရာရယ်"

တဲ့။ တစ်ချို့ကတော့ တည့်တည့်ပင် ပြောလေ၏။

"ဆရာတပည့်က ဆရာပညာအပြည့်ရထားတာပဲနော်၊ သူ့ကို စတ်သွင်းပြီးပြောနိုင်းတာ အတော့်ကိုမှန်တာပဲ"

ထိုအခါမှပင် ပြေညီ့တို့ ဆရာတပည့်နှစ်ယောက်လုံးမှာ လူတွေ ဘာကိုဆိုလိုမှန်း သဘောပေါက်သွားကြ၏။

ဟန်ဆောင်ကောင်းသော ဆရာကတော့ တပြုံးပြုံးနှင့် …

"ခင်ဗျားတို့ အဆင်ပြေရင်ပြီးတာပဲ"

ဟု ချော်လဲရောထိုင်ပြုသည်။

ပြီးတော့ အဓိပ္ပါယ်ပါသော မျက်လုံးများဖြင့် ပြေညီ့အားလှမ်းကြည့်ရင်း ပြုံးတုံးတုံးလုပ်ပြ၏။



လူတွေကွယ်ရာကျမှ ပြေညီ့အား တီးတိုးဖြင့်

"မင်း ဟိုနေ့က တော်တော်ရမ်းကြိတ်လိုက်တယ် ထင်တယ်၊ လူတွေ တော်တော် ဘဝင်ခိုက်သွားကြတယ်ကွ"

ဟု ပခုံးကိုပုတ်ရင်း ချီးကျူးသည်။ တဆက်တည်းပင် အနည်းငယ်စိုးရိမ်ဟန်ဖြင့် …

… သိပ်တော့လည်း ဖွပ်မလုပ်နဲ့ကွ၊ တော်ကြာ ကိုယ် ရမ်းဟောလိုက်တာတွေက တက်တက်စင်အောင်လွဲသွားလို့ လူကဲ့ရဲ့စရာ ဖြစ်နေဦးမယ်"

ဟု သတိပေးလေသည်။

ပြေညီ့ကတော့ ဘာမှမတုံ့ပြန်မိ။

ခါတိုင်းကတော့ ဒါမျိုးဆို မေးသူ အရိပ်အခြေကြည့်ကာ သူ ဖြီးဖြန်းနေကျပါ။

ယခု အဖြစ်ကတော့ …

သူ ရမ်းကြိတ်လိုက်တာလည်း မဟုတ်။

ရမ်းဟောလိုက်တာလည်း လုံးဝ မဟုတ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖာသာ သေချာသိနေမိ၏။

ဒါဆို ဘယ်လိုဖြစ်ရတာလဲ ဆိုရင်တော့ သူ့မှာလည်း အဖြေမရှိပါ။

ယခုတလော သူကြုံတွေ့နေရသော ထူးထူးဆန်းဆန်း အဖြစ်အပျက်များစွာအတိုင်း ယခုအဖြစ်မှာလည်း သူ့အတွက် ပဟေဠိတစ်ခုသာ ဖြစ်ပါလေသည်။



[၉]

ပြည့်တို့အတွက် အားလပ်ချိန်ဆိုသည်မှာ အင်မတန် ရှားပါးလှပါချေသည်။

သူ့ဆရာ့ဓာတ်နန်းတွင် ဗေဒင်လာမေးသူများမှာ ဘယ်တော့မှ မပြတ်လပ်သည်မို့ ညမိုးချုပ်ချိန်မှပင် သူတို့ အနားရတတ်ကြသည်ဖြစ်၏။

ဒီနေ့တော့ ရှားရှားပါးပါး သူအားလပ်ခွင့်ရခဲ့သည်။ ဆရာက ယင်း၏ မိဘများနေထိုင်ခဲ့ရာ ရွာဆီပြန်သွားမည်ဖြစ်သဖြင့် ဓာတ်နန်းကို တစ်ရက်ပိတ်ထားခဲ့၏။

ထို့ကြောင့် အချိန်အားတုန်းလေး ဟိုဟိုဒီဒီ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားမည်ဟူသော အကြံဖြင့် ပြေညို့ထွက်လာခဲ့ လိုက်သည်။

ထွက်လာစကတော့ ရည်ရွယ်ချက် မယ်မယ် ရရ မရှိလှပါ။

သို့သော် သွားရင်းသွားရင်း ခြေလှမ်းများ ဦးတည်မိနေရာကို သတိပြုလိုက်မိစဉ်မှာတော့ သူ့ ကိုယ်သူ အံ့ဩသွားခဲ့ရလေသည်။

ဟင်! ဟိုကောင်မလေးတွေနေရာဘက် ရောက် လာပါပေါ့လား။

တစ်ခါက သူတို့ဂမုန်းခြံထဲတွင် အပင်တွေ လာဝင်ခိုးသော ကောင်မလေး၏အသွင်ကိုပင် မြင် ယောင်လိုက်မိသေးတော့၏။

ထိုကောင်မလေးတွေသည် **'တောလေ'** ခေါ် ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာတတ်သော အုပ် စု တစ်စုမှဖြစ်ပြီး ယခု ယင်းတို့ အခြေချနေသောနေရာ ကိုလည်း သူကြုံပြီး သိရှိထားခဲ့သည်။

ယခု ...



ခြေလှမ်းတွေက ထိုနေရာဘက် အမှတ်မဲ့ ဦးတည်နေမိသဖြင့် သူ ရောက်လာခဲ့ရလေပြီ။

အဝေးကြီးကတည်းကပင် လှည်းအုပ်စုကြီးကို မြင်တွေ့နေရ၏။

ဆက်၍လျှောက်လာသောအခါ လှုပ်ရှားနေ သော လူသူတို့အသွင်ကို မြင်တွေ့လာရ၏။

ထို့နောက် ...

သီချင်းတကြော်ကြော် သီဆိုနေကြသံများ။

တစ်ချို့ကလည်း စကားတပြောပြောရှိနေကြ လေ၏။

ပြေညို့စိတ်ထဲ ပျော်သလိုပင် ဖြစ်လာမိခဲ့သည်။

ဟိုတစ်နေ့က ကောင်မလေးကိုတော့ ရှာမတွေ့ မိသေး။

သူတို့မှာ ...

လှည်းတွေအစီးစီး စီတန်းလျက် ကုက္ကိုလ်ပင်စု အောက်၌ စခန်းချနေထိုင်ကြခြင်း ဖြစ်လေသည်။

ခြုံပုတ်ကြီးတစ်ခုဆီသို့ ပြေညို့ ဖြတ်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



မှာပင် ခေါ်သံတစ်ခုလိုလိုကို ကြားလိုက်ရ၏။ ပထမ မသဲကွဲသေး။ နောက်မှ ပီပီသသထပ်ကြားရပြန်သည်။

"ဟေ့ လူကြီး၊ ခေါ်နေတာ ဒီမှာဗျ"

အော်ခေါ်သံကြောင့် ပြေည့် လှည့်ကြည့်မိသောအခါ ခြံနံဘေး လှည်းအပျက်တစ်ခုပေါ် ခြေချထိုင်နေသော လူငယ်တစ်စုအား မြင်တွေ့လိုက်ရလေ၏။

ယင်းတို့ အလယ်တွင်တော့ ဟိုတစ်နေ့က ကောင်မလေး။

ပြေည့်က ပြုံးပြလိုက်သော်လည်း သူမကတော့ ရှုတည်တည်ပင် ပြန်ကြည့်လေ၏။

"ဘာလာ လုပ်တာလဲဗျ၊ ဒီကို"

"မင်းဆီလာတာ"

နောက်ချင်စိတ်ပေါ်လာသဖြင့် သူမအား လက်ညှိုးထိုးကာ ပြေည့် ပြောလိုက်မိသည်။

နံဘေးမှ လူငယ်လေးကများကလည်း တစ်မျိုးအဓိပ္ပါယ်ပေါက်သွားပြီး စချင်သလိုဟန်ဖြင့် သူမကို ဝိုင်းကြည့်ကြသည်။



"မဟုတ်ဘူးနော်၊ သူနဲ့ ငါက ဘာမှ မပတ်သက်ဘူး၊ ဟေ့လူကြီး ရှင်းရှင်းပြောဗျာ၊ ဒီကို ဘာကိစ္စလာရတာလဲလို့"

လက်ကလေးတခါခါဖြင့် သူမရှင်းလင်းရှာပါသည်။ ပိုရယ်ချင်သောစိတ်သည် လိုက်တက်လာမိခဲ့၏။

"မင်းပဲ ဟိုတစ်နေ့ကယူသွားတဲ့ ဂမုန်းပင်တွေ အကြွေးပြန်ဆပ်မယ်ဆို အဲဒါ လာယူတာ"

"ဟာ"

ကောင်မလေး အကြံအိုက်သွားပုံပေါ်၏။ အသာစီးရလက်စနှင့် သူဆက်၍ ဖိပြောသည်။

"ပြန်ပေးမယ်ဆို အခုပေးလိုက်လေ၊ ငါက အချိန် သိပ်ရှိတာမဟုတ်ဘူး၊ မြန်မြန် လုပ်ကွာ"

ကောင်မလေးမှာ အိုးတိုးအမ်းတမ်းဖြစ်နေရာမှ "ဂမုန်းပင်တွေ ပြန်ပေးဖို့ မပြောပါဘူးဗျာ" ဟု ငြင်းလေသည်။

"အသေအချာကို မင်း ပြောခဲ့ပါတယ်ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့ …ခုယူသွားတဲ့အပင်တွေ အကြွေးမှတ်ထား၊ နောက်တော့ပြန်ဆပ်မယ် ဆိုတာလေ၊ ကဲပေးပေတော့ ခုပဲပေး"

"ဟာ ဒီလိုတော့ ချက်ချင်းကြီးဘယ်ရမလဲဗျ နဲနဲပါးပါးအချိန်ပေးဦးမှပေါ့"

"အချိန်ပေးခဲ့ပါတယ်ကွာ၊ မင်း ယူသွားတာပဲ ဘယ်လောက်ကြာပြီလဲ၊ ဘာမှအဆက်အသွယ် မလုပ်လို့ ငါ့မှာ လိုက်လာရတာ"

"ဒီနေ့တော့ မရသေးဘူးဗျာ"

"ရတယ်လေ၊ ဒါဆို ဘယ်နေ့ရမလဲ၊ အသေအချာသာပြော"

"ခင်ဗျား အပင်တွေက ဘယ်မှာ ပြန်ရှာရမှာလဲဗျ"

"တောထဲမှာ ရှာပေါ့"

"ဟာ … တောက ဒီလောက်အကျယ်ကြီးဟာ ဘယ်လို ရှာလို့ တွေ့မှာလဲ"

"မင်းပဲ အရင်ကပြောတော့ … တန်ဖိုးမရှိတဲ့



အပင်လေးတွေဆို၊ တောထဲမှာ အလကားရှာလို့ ရတယ်ဆို၊ ရှာပေါ့"

"ခင်ဗျားကလဲ ယောက်ျားကြီးတန်မဲ့နဲ့ သူများ စကားတွေ မှတ်ထားပြီး အခွင့်ရတာနဲ့ ပြန်တွယ်တော့တာပဲ"

"မင်းကလည်း မိန်းကလေးတန်မဲ့နဲ့ ကတိတွေ လွယ်လွယ်ပေးပြီး လွယ်လွယ် ပြန်ဖျက်ပစ်တော့တာပဲ"

"အံမယ် ကျွန်တော် ခင်ဗျားကို ဘာကတိမှ မပေးဘူးပါဘူးနော်"

"ဟာ ဂမုန်းပင်တွေ ပြန်ပေးဖို့ မင်းပြောတယ်လေ၊ အဲဒါကတိပေါ့"

"အဲဒါက … ဒီလိုပဲ ပြောလိုက်တာပါ၊ ကတိ မဟုတ်ပါဘူး"

"ဟောကြည့် မင်းညစ်ပြီ၊ ဒါဆို မင်းက အပင်တွေ ပြန်မပေးတော့ဘူးပေါ့"

"မပေးဘူး ဆိုရင်ရော၊ ခင်ဗျားက ဘာလုပ်

www.burmeseclassic.com



မလဲဗျာ''

ကောင်မလေး၏ မျက်နှာတွင် ဂျစ်ကန်ကန်၊ ညစ်ကျယ်ကျယ် အသွင်လေးကို မြင်တွေ့ရ၏။

''မပေးရဲ မပေးကြည့်ပါလား''

''မပေးဘူးဗျာ၊ ကဲ ခင်ဗျား ဘာလုပ်မလဲ''

ဟိုတစ်နေ့က သူနှင့် မျက်နှာချင်းဆိုင် စတွေ့စဉ် ကောင်မလေး ကြောက်ရွံ့ခဲ့သည့်အဖြစ်ကို ပြန်အမှတ်ရလိုက်မိ၏။

''မပေးရင် ငါက ကြိမ်စာတိုက်လိုက်မှာပေါ့''

ကောင်မလေးတင်မက အနားတွင်ရှိနေသော လူငယ်လေးများပါ ရွံ့တွန့်တွန့် ဖြစ်သွားသည်ကို မြင်ရ၏။ ကောင်မလေးက သိပ်တော့ မလျှော့ချင်သေး။

''ခင်ဗျားက ကြိမ်စာတိုက်နိုင်လို့လား''

ဟု မရဲတရဲ ပြောလေသေး၏။ စချင်၊ နောက်ချင်စိတ်က ကြီးစိုးနေသဖြင့် ဆက်ခြောက်လိုက်ဦးမည်ဟု စဉ်းစားလိုက်မိသည်။

''အမယ်၊ မင်းက လူကိုမယုံတဲ့ သဘော



လား''

ထိုအခါ ကောင်မလေးနား၌ ဝိုင်းအုံနေကြသော လူငယ်လေးများက ကောင်မလေးအား တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြလေသည်။

''မမငှရေ … မယုံမရှိနဲ့နော်၊ သူက ဟိုမှော်ဆရာကြီးတပည့်မဟုတ်လား၊ တကယ်စွမ်းချင်စွမ်းနေမှာဗျ''

ကောင်မလေးက လက်ဝါးကာရင်း ခံတန်တန်အမူရာလေးအတိုင်းရှိနေဆဲ။

''ကဲ ဘယ်လိုလဲ ဂမုန်းပင်တွေ ပြန်ပေးမလားမပေးဘူးလား''

''ဖြစ်ချင်ရာဖြစ် မပေးဘူးဗျာ''

''ဒီလောက်ဖြစ်လှတာ အကြောင်းပြုရသေးတာပေါ့၊ ကဲ ဆိုင်ရာများ ခုပဲ ဒါဏ်ခတ်လိုက်စမ်း''

မှင်မောင်းအပြည့်ဖြင့် ခပ်တည်တည်ကြိမ်းဝါးလိုက်လေသည်။ တကယ်ကတော့ ကောင်မလေးအား

www.burmeseclassic.com

www.burmeseclassic.com



သက်သက်မကြောက်ကြောက်အောင် နှောက်ပြောင်ခြင်းသာဖြစ်ပါသည်။

ထိုစဉ်မှာပင် ...

ထူးဆန်းလှသော ကိစ္စတစ်ရပ်သည် ဖြစ်ပေါ်လာခဲ့ချေ၏။

ကောင်မလေးတို့မှာ လှည်းပျက်ပေါ် ထိုင်နေကြခြင်း ဖြစ်ရာ ...

ပြေည့် ကြိမ်းဝါးလိုက်သည်နှင့်ပင် သူတို့ ထိုင်နေခဲ့သော လှည်းသည် ဝုန်းကနဲ ပြုတ်ကျပါလေတော့၏။ တိုက်ဆိုင်လွန်းလှသည်ဟု ဆိုရပေမည်။

ပြေည့် စကားကလည်းအဆုံး လှည်းပြုတ်ကျသည်က ကွက်တိပင်။ သိပ် မနာသွားကြသော်လည်း ကောင်မလေးတို့မှာ မြေပေါ်ကိုးယို့ကားယား အိမ်ခြေပျက်စွာ ပြုတ်ကျလေတော့၏။

ကောင်မလေးမှာ အတော်ရှက်သွားဟန်တူသည်။ ခြေကားယားလက်ကားယား ပြုတ်ကျသည်မို့ နာလည်း နာသွားဟန်တူ၏။



ပြေည့်အား ကြောက်ရွံ့သွားသလို မျက်နှာများကတော့ သူတို့အားလုံးဆီတွင် အထင်အရှားပေါ်လာကြသည်။

ကောင်မလေးမှာ စကားများ ထစ်ငေါ့နေကာ ဘာပြောရမှန်းမသိ ဖြစ်နေချေ၏။

ပြေည့်ကိုယ်တိုင်လည်း ဘာလုပ်ရမယ်မှန်းမသိ ဖြစ်ရသည်ပင်။ သူ လိုချင်သည်က ထိုရလာဒ်မျိုး မဟုတ်။ နှောက်ရင်းပြောင်ရင်းက မဟုတ်တာလာဖြစ်ရသည်။ အမြန်သာ ထိုနေရာမှလစ်ထွက်ရန် စဉ်းစားလိုက်မိတော့၏။

"ဟို ဂမုန်းတွေရဖို့က ကျွန်တော်တို့ဆက်ဆက်ရှာဖွေပြီး ပြန်ပေးပါ့မယ်"

ကောင်မလေးဘေးက ချာတိတ်တွေအသွင်မှာ ခုနေ ပြေည့်ကသာ ထပ်ခြောက်လိုက်လျှင် ဖနောင့်နဲ့တင်ပါး တစ်သားထဲကျအောင် ပြေးကြမယ့်ပုံမျိုး။နှောက်ချင်စိတ်ကျန်သေးသော်လည်း ဆက်မနှောက်လိုတော့။

"ရပါတယ်၊ ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုသာ ပြောရင်း လှည့်ထွက်ခဲ့လိုက်၏။

သွားခါနီးလဲ မြေပေါ်မှ ခုတိုင်မထပဲနေသေးဆဲ ဖြစ်သည့် ကောင်မလေးကိုတော့ လှန့်သည့်သဘော အံကြိတ်ပြရင်း မျက်စိတစ်ချက်မှိတ်ပြခဲ့လိုက်၏။

ကြောက်နေပုံရသော်လည်း ကောင်မလေးမှာ သိပ်တော့မခေလှ။ သူ့ကို ပြန်ကာ မျက်လုံးပြူးပြောင်ပြလေသည်။

သူမှာ ...

သဘောကျစွာဖြင့် ပြုံးရယ်သွားမိသည်မှာ...

အိမ်သို့ ပြန်ရောက်သည့်တိုင်အောင်ပင် ဖြစ်ပါလေတော့သည်။



[၁၀]

ကောင်မလေး၏အမည်မှာ ငုဝါထွေးဟုခေါ်ကြောင်း ပြေည့် မကြာခင် သိခွင့်ရခဲ့ပါလေသည်။

ဟိုတစ်နေ့က သူမနှင့် အတူထိုင်နေခဲ့သော ချာတိတ်တွေက ဂမုန်းတွေပြန်လာပေးရင်း ပြောပြကြခြင်း ဖြစ်၏။

ကောင်မလေးအကြောင်း မေးကြည့်တော့ ကြောက်လို့ လိုက်မလာဘူးတဲ့။ ကြောက်ခြင်းထက် သူမဘက်က အရှုံးပေးရသလို ဖြစ်ခြင်းကြောင့် မခံချင်ခြင်းက ပိုပေလိမ့်မည်။

ဂမုန်းတွေ ပြန်မပေးတော့ဘူးလို့ အတိုက်အခံ

www.burmeseclassic.com

www.burmeseclassic.com



ပြောထားပြီးကာမှ နောက်ဆုံး ပြန်လာပေးရတာမဟုတ်လား။

ရောက်လာကြသော ချာတိတ်လေးတွေကတော့ အတော်လေး သဘောကောင်းပါသည်။ အစပိုင်းသာ ခပ်ရွံ့ရွံ့ရှိနေသော်လည်း စကားအနည်းငယ်ပြောပြီးသည်နှင့်ပင် ပြေည့်နှင့် အဖွဲ့ကျသွားကြလေ၏။

ငုဝါတွေးဆိုသော ကောင်မလေး၏ အကြောင်းများကိုလည်း သူတို့ကပင် လိုလိုလားလား ပြောပြကြသည်။

ပြေည့်ဆီမှ သူတို့က ပြုစားခြင်း၊ စေစားခြင်းတို့နှင့် ပတ်သက်သော လောကီပညာများကို စိတ်ဝင်စားသည်။ သူတို့ဆီမှ ပြေည့်က ငုဝါတွေးနှင့်ပတ်သက်သည်များကို စိတ်ဝင်တစားမေးမိလေ၏။

"အကို ဟိုတစ်နေ့က ပြုစားသွားတာ သိပ်ဆန်းတယ်ဗျာ"

ဆိုသည့်အခါ ပြေည့်ပင် အစပိုင်း၌ ကြောင်တောင်တောင် ဖြစ်မိလေ၏။



နောက်မှ ဟိုတစ်နေ့က သူတို့ လှည်းပေါ်မှ ပြုတ်ကျသောအဖြစ်ကို ရည်ရွယ်ပြောနေမှန်း သိလေတော့သည်။

"အဲဒါက တိုက်ဆိုင်သွားတာပါကွာ"

ဆိုလည်း မရ။

"ကျွန်တော်ကို အဲဒီပေါ် တက်တက်ဆော့လာခဲ့တာ ကြာပြီဗျ၊ ပျက်နေပေမယ့် သိပ်ခိုင်တဲ့ လှည်းကြီး အစ်ကိုလုပ်လို့သာမဟုတ်ရင် ဘယ်လိုမှကို ပြုတ်ကျစရာမရှိဘူး"

"တကယ်ပါ ငါ့ဘာမှကို မစွမ်းတာပါကွာ"

ဆိုသော် ...

"အစ်ကိုကသာ မစွမ်းဘူးပြောနေ၊ မငုက တော့ အဲဒီတုန်းက တော်တော်နဲ့ ထလို့တောင် မရလို့ ဗိုင်းပြီး တွဲခေါ်ရတယ်"

ဟု ပြောပြကြ၏။

"ဒီလောက်လေး ထိုင်ရက်ကျရုံလေးနဲ့ အဲဒီလောက်တောင်ဖြစ်ရလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့၊ အစ်ကို ဘယ်လိုလုပ်လိုက်မှန်းမသိလို့ ကျွန်တော်တို့က အံ့သြနေတာ လုပ်စမ်းပါဗျာ၊ ကျွန်တော်တို့ကိုလည်း အဲဒီပြုစား နည်းလေး နည်းနည်းလောက်သင်စမ်းပါ၊ ကျွန်တော်တို့က မျက်နှာမဲ့တွေ မဟုတ်လား၊ လူတိုင်းရဲ့ အနှိမ်ကို ခံနေရတာဗျ"

ပြေည့်မှာ ဘယ်လိုရှင်းပြရမှန်းပင် မသိအောင်ဖြစ်ခဲ့ရပါလေသည်။ စကားလမ်းကြောင်းကိုသာ ပြောင်းဖို့လုပ်ရ၏။

"ငဝါထွေးအကြောင်း ငါ့ကို ပြောပြပါလားကွာ"

"အစ်ကိုက ဘာသိချင်လို့လဲ"

"ဒီလိုပါပဲ၊ သူနဲ့ ပတ်သက်သမျှတွေပေါ့"

ချာတိတ်တွေက ပြောပြကြရှာပါသည်။ ပြီးသော် သူ့ကိုလည်း အတင်းပြန်မေး၏။ ဟိုနေ့ကပြုစားတဲ့ ပညာလေးပေးစမ်းပါတဲ့။

ပြေည့်မှာ ပါးစပ်ထဲတွေ့ရာ လျှောက်ပြောရ



တော့သည်ပေါ့။

သူကသာ ဖြစ်ကတတ်ဆန်း ပြောသော်လည်း ချာတိတ်တွေကတော့ တလေးတနက်ပင် နားထောင်ပါလေသည်။

ပါးစပ်အပေါင်းသားကိုယ်စီဖြင့် လိုက်လံမှတ်သားနေကြသော မျက်နှာများကို ကြည့်ကာသူချက်ချင်းပင် ဆရာအား ကိုယ်ချင်းစာသွားမိခဲ့လေသည်။

လောကီပညာရှင်အလုပ်ဆိုသည်မှာ တကယ့်ကို မလွယ်ပါလား။

လူတွေ၏ အံ့သြချင်နေသော ဆန္ဒ၊ မျှော်လင့်ချင်နေသောစိတ်အတွက် ကိုယ်စိတ်မပါသည်များ လုပ်ပြရကာ ကိုယ်မပြောချင်သည်များ ပြောရလေသည်။

ကိုယ်ပိုင်မျက်နှာ အပျောက်ဆုံးခံကာ တပါးသူအလိုကျ ဖြည့်စွမ်းပေးနေရသော အဖြစ်မျိုးပင်။ ထို့အတွက် ဗေဒင်ဟောခ၊ ယတြာချေခစသဖြင့် အမည်များပေးကာ အခကြေးငွေယူကြသည်။

လူတို့၏ မျှော်လင့်ချက်ကို ဖြည့်စွမ်းပေးရသည့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အတွက် ယူသောအခကြေးငွေမှာ ထိုက်တန်ပါပေသည်။

ချာတိတ်တွေကို နောက်ဆုံးစကားတစ်ခွန်းတော့ ပြောဖြစ်အောင် ထည့်ပြောဖြစ်လိုက်သေး၏။

"ငါပြောတာတွေလုပ်လို့ စွမ်းမစွမ်းတော့မသိဘူး၊ မင်းတို့ရဲ့ မျက်နှာငယ်နေရတဲ့ သိမ်ငယ်စိတ်ကိုတော့ ပြောင်းလဲနိုင်မှာကျိန်းသေတယ်"

ချာတိတ်တွေ နားလည်မလည်တော့မသိ။ သူ့ကို ရှိသေအထင်ကြီးဟန် အသွင်များကတော့ မျက်နှာထက် အထင်းသား ပေါ်လွင်နေပါတော့သည်။



[၁၁]

ထိုနေ့သည် ပြည့်တစ်ယောက် ချောက်ထဲမတော်တဆ ကျသွားခဲ့သည်မှ စတင်ရေတွက်သော် တစ်လပြည့်မြောက်ခဲ့သောနေ့ ဖြစ်လေသည်။

ထို့အတူပင် ပြည့်ရင်ထဲ မဖြေရှင်းနိုင်သော ပဟေဠိများ ပြည့်လျှံလာသောနေ့။

သူကြုံနေရသော မသိခြင်းများအပေါ် အဖြေရှာလိုစိတ် ပြင်းပြမိသောနေ့လည်း ဖြစ်ချေသည်။

သို့ဖြင့် …

ချောက်ကမ်းပါးအောက်ခြေသို့ သူ ပြန်သွားရန် ဆုံးဖြတ်မိခဲ့ခြင်းဖြစ်၏။ အရာအားလုံးမှာ ထိုနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



စတင်ခဲ့တာ မဟုတ်လား။

ချောက်ကမ်းပါးနှုတ်ခမ်းဝမှ အတွင်းသို့ ခက်ခက်ခဲခဲ သူ ဆင်းခဲ့ရသည်။ သူ့ခြေလက်တို့ တစ်ခုလုံး ပွန်းရာခြစ်ရာတွေနှင့် ပြည့်နှက်လျက်။ ပြုတ်ကျသွားတော့မလို အကြိမ်ကြိမ်ဖြစ်နေ၍ သူမှာ အတော်သတိထား ဆင်းခဲ့ရလေသည်။

ဟိုတစ်နေ့ကတော့ ညနေဝင်ရီတရောမှာမှ သတိရလာခြင်းဖြစ်သဖြင့် ချောက်ကမ်းပါး၏ မြင်ကွင်းကို သတိထားမကြည့်ဖြစ်ခဲ့။ ယခုမှ သေချာတွေ့ရတော့ အတော်သာယာတာပဲဟု စိတ်ထဲက အံ့သြဘနန်းဖြစ်မိသည်။

ချောက်ထဲဆင်းနေစဉ်တုန်းက ခြေချော်လက်ချော်ဖြစ်မှာစိုး၍ သေချာမကြည့်နိုင်ခဲ့သော်လည်း ချောက်အောက်ခြေရောက်မှပင် ပတ်ဝန်းကျင်အား ရင်သပ်ရှုမော ငေးမျှော်မိတော့၏။

ပန်းပေါင်းစုံ၏ ရနံ့တို့ကလည်း သင်းပျံ့ထုံစွာ ပျံ့လွင့်လာသည်။



ပြေည့်သည် သဘာဝအလှအပအား ငေးမော၍အားရမှပင် ချောက်ထဲမှ သဲလွန်စကိုရှာကြည့်မိသည်။

သာမာန်ချောက်တစ်ခု၏ မြင်ကွင်းမျိုးပင်ဖြစ်ပါသည်။ လူသူကင်းမဲ့နေသည်မှလွဲ၍ ဘာမှထူးထူးခြားခြားမရှိလှပါ။ ဟိုတစ်နေ့က ဝိုးတဝါးမြင်ကွင်းကို သတိရလိုက်မိသဖြင့် ကြိုးကြာတွေကိုလည်း ရှာကြည့်မိသေး၏။

တစ်ကောင်တစ်လေမှ မတွေ့ရ။

တစ်ခုခု တွေ့လေနိုးဖြင့် ချောက်ကလျှောက်သွားမိသောအခါ စမ်းချောင်းလေးတစ်ခုကို တွေ့လိုက်ရလေ၏။

စမ်းချောင်းအတိုင်း လျှောက်သွားသောအခါ လမ်းသည် ကျောက်တုံးကျောက်ခဲကလေးများဖြင့် ထူပြောလာ၏။

ဆက်သွားရကောင်းမလား လှည့်ပြန်ရမလား စဉ်းစားတွေဝေဆဲမှာပင် မလှမ်းမကမ်း၌ ထူးခြားသော ကျောက်ဖျာငယ်တစ်ချပ်ကို သွားမြင်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖျာပေါ်တွင် ထုံးလိုလို၊ သစ်စေးလိုလို အရာဖြင့် စာတစ်ချို့ရေးသားထားလေသည်။

အနီးသို့တိုးကပ်သွားပြီး စာကို ဖတ်ကြည့်လိုက်၏။

သေးပေါင်းခတဲ့ သူ၊
ပညာနှပြီးတိုင် ဖြီးမြောက်သည်၊
ထိုနေ့၌ သတ္တဝါကယ်သည်။

သူ ချောက်ထဲပြုတ်ကျခဲ့သည်မှာ တန်ဆောင်မုန်း လပြည့်နေ့ပင်ဖြစ်ကြောင်း အမှတ်ရနေမိသည်။

ဒါဆို ဒီစာက သူ့အတွက်ရေးထားတာလား။

ရေးသူကရော ဘယ်သူများလဲ။

ဒါဏ်ရာဗရပွဖြင့် ချောက်ထဲပြုတ်ကျခဲ့သူကို အနာရွတ်ကလေးစိုးစဉ်းမှ မကျန်အောင် ကုသနိုင်တယ်ဆိုလျှင်တော့ ထိုသူမှာ ထူးခြားအစွမ်း ထက်လွန်းလှချေသည်။ ဘယ်လို လူစားမျိုးများလဲ။

ကျောက်ဖျာကလေးအနီးတွင်ပင် ရပ်တန့်ရင်း အသေအချာ သူ တွေးတောကြည့်နေမိသည်။



ထိုနေရာမှ တူရူသို့မျှော်ကြည့်မိသောအခါ တဲအိမ်အိုလေးတစ်ခုကို သွားတွေ့လိုက်ရ၏။

ဒီတဲအိမ်လေးမှာ စုံစမ်းရမယ်။

တဲအိမ်ငယ်ဆီ လျှောက်သွားရင်း ခုန ကျောက်ဖျာဆီ မရောက်ခင်က ထိုတဲငယ်ကို သူမမြင်ခဲ့ခြင်းအားလည်း အမှတ်ရမိလိုက်လေ၏။

တဲငယ်မှာ တံခါးတပ်ဆင်ထားခြင်းမရှိ။

"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

ဟု တကြော်ကြော်အော်ခေါ်ရင်းသားမှ သူ အိမ်ကလေးထဲသို့ပင် တစ်စွန်းတစ်စ ဝင်ရောက်ခဲ့မိလေသည်။

"အိမ်ရှင်တို့၊ ဘယ်သူမှ မရှိကြဘူးလားဗျာ"

"ကိုယ်နှင့်မဆိုင်ခွင့်မပိုင် ကျူးလွန်ပိုင်နက်မပြုရ"

လူမရှိဘူး ထင်မိရာမှ အိမ်ကလေးထဲမှ စကားသံတစ်စွန်းတစ်စ ထွက်ပေါ်လာသည်ကို ကြားရလေသည်။ သူသော် လူရိပ် ရှုရောင်တော့ မတွေ့မိပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ အိမ်ရှင်၊ ခင်ဗျားက ဘယ်မှာတုန်းဗျ"

"ငါဟာ ငါနေသင့်တဲ့အရပ်မှာ နေတာပေါ့ကွာ"

"ကျွန်တော် တစ်ခုမေးချင်လို့ပါ၊ ခင်ဗျားက ဒီနေရာမှာ နေတာကြာပြီလား ဟင်"

"မေးချင်တာကို တိုက်ရိုက်မမေးပဲ မဆိုင်တာတွေ လျှောက်ပြောနေတာ ပညာမဲ့တာပဲ"

အိမ်ကလေးမှာ မှောင်လည်းမမှောင် လင်းလဲမလင်းလှသော အနေအထားမျိုးဖြစ်ချေသည်။သေးလည်းသေးလွန်းလှသည်ဖြစ်ရာ လူတစ်ယောက် ပုန်းဗို့ကွယ်ဖို့တော့ သိပ်ကျဉ်းမြောင်းလွန်းနေချေ၏။

သို့ဖြစ်လျက်နဲ့မှ ဘာလို့များ ပြောသူကို မတွေ့ရသလဲ၊ သူမသိ။ အိမ်ထဲမှာ အံဝှက်တစ်ခုခုရှိနေ၍များလား မပြောတတ်ပါချေ။ သိချင်သော ဆန္ဒစောနေသည်မို့ ဘာမှ ထပ်တွန့်မတက်နိုင်ပဲ သူ ဆက်မေးလိုက်မိသည်။

"ကျွန်တော် လွှမ်းခဲ့တဲ့တစ်လလောက်က ဒီ



ချောက်ကမ်းပါးအောက် ပြုတ်ကျခဲ့ပါတယ်၊ ဒါပေမယ့် ညနေမှာ ပြန်သတိရလာတော့ ပွန်းရာ၊ ခြစ်ရာလေးတောင်မတွေ့ပဲ ပြန်ကောင်းသွားခဲ့တယ်၊ အဲဒီ ကိစ္စအတွက် စုံစမ်းချင်လို့လာတာပါ"

"ဒီ ကမ်းပါးကို ဘယ်လိုခေါ်သလဲ၊ မင်းသိသလား"

"မသိဘူး ခင်ဗျ"

"မှတ်ထား **ဝိဇ္ဇာကမ်းပါး**လို့ခေါ်တယ်"

"အဲဒါနဲ့ ကျွန်တော့်ကိစ္စ ဘယ်လိုများ သက်ဆိုင် ..."

"ဒီ ဝိဇ္ဇာကမ်းပါးမှာ ထူးဆန်းအံ့သြစရာတွေဟာ အများကြီးဖြစ်လာတတ်တယ်၊ အထူးသဖြင့် တန်ဆောင်မုန်းလပြည့်ညလိုမျိုးမှာ ဆိုရင်ပေါ့"

"ကျွန်တော်သိချင်တာက ..."

ပြေညို့ စကားစပြောလိုက်စဉ်တိုင်းမှာပင်

www.burmeseclassic.com

www.burmeseclassic.com



ဟိုက ဖြတ်ဖြတ်ဝင်ပြောလေ၏။

“တစ်ခါတလေမှာ တစ်ချို့ကိစ္စတွေက သိတာထက် မသိပဲနေလိုက်တာက ပိုကောင်းတယ်ကွ၊ မင်းအသိဉာဏ်က သိဖို့ သင်တော်လာတဲ့အချိန်ကျရင် အလိုလိုသိလာပါလိမ့်မယ်”

“ကျွန်တော့်ကို တစ်ယောက်ယောက်က ကယ်လိုက်တာများလားဟင်”

“တစ်ယောက်ယောက် ဆိုတာက ပညတ်ချက်တွေပါ”

“ဟို ကျွန်တော့်ကိုကယ်တာ ခင်ဗျားလား”

“မဟုတ်ဘူး”

“ကယ်တဲ့သူတော့ ရှိတယ်ပေါ့”

“အဲဒီမေးခွန်းကို ငါဖြေပြီးပြီ”

နောက်တစ်ခွန်းထပ်မေးရန် ပြင်မိ၏။ အသံရှင်က အလောသုံးဆယ်ဖြစ်သွားလေသည်။

“ကဲ ကဲ ပြန်တော့၊ ပြန်တော့၊ မကြာခင်မိုးအကြီးအကျယ်ရွာတော့မယ်”



ဒီအိမ်ကလေးထဲတွင် စကားပြောရာမှ မိုးကြီးရွာလာတော့မည်ကို ဘယ်လိုများသိသလဲ စဉ်းစားလို့မရပါ။ သို့သော် သူ ထိုသို့ပြောပြီးမကြာခင်မှာပင် အဝေးမှ မိုးခြိမ်းသံများကို စတင်ကြားရလေတော့သည်။

အင်တင်တင်ဖြင့် ရပ်နေမိစဉ် အိမ်ထဲမှ အသံရှင်က ထပ်မံ၍ လောဆော်ပြန်၏။

“သွားတော့လေ ဘာလို့ မသွားသေးတာလဲ၊ သွား သွား မြန်မြန်သွားတော့”

ထိုအသံ၏အရှိန်အဝါကို သူ မရှန်းဖယ်နိုင်။

ဆုတ်ကန်ကန်ဖြင့်ပင် အိမ်ကလေးအပြင် ထွက်ခဲ့ရလေ၏။ ကျောက်သားမြေပေါ် သူခြေချလိုက်မိချိန်မှာပင် အနောက်တောင်ဆီမှ မိုးခြိမ်းလိုက်သံကြီးကို စတင်၍ ကြားရလေတော့၏။

ငြိမ်အေးညင်သာစွာစီးနေသော စမ်းချောင်းကလေးသည် တမုဟုတ်ချင်းပင် အဟုန်ပြင်းသော ရေအလျှင်ကို ဆောင်ယူလာချေ၏။

ကျောက်တုံးပေါ်သော လမ်းကလေး ... ဘ...

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကာ ချောက်ကမ်းပါးနံရံကို စတင်တက်စပြုသည်။

မိုးတို့က ပို၍ ပို၍ မှောင်လာချေသည်။

ရေတွေအလုံးအရင်းနှင့် စီးလာနေသံကို မသဲမကွဲ ကြားလာရ၏။ ရေစက်ပေါက်လေးများ တစ်ပေါက်စ နှစ်ပေါက်စမှ တဖွဲဖွဲကျဆင်းလာသည်။

ဤနေရာတွင် မိုးကြီး သည်းမည်းစွာ ရွာပေတော့မည်။

အာရုံထဲပေါ်လာသော အလိုလို သိစိတ်ကလောဆော်၏။ တောင်ကျရေထဲ မျောပါမသွားချင်ရင် မြန်မြန်တက်။

ချောက်နံရံအား ကုတ်ခြစ်တွယ်တက်ရင်း နောက်သို့ သံယောဇဉ်မကင်းစွာ လှည့်ကြည့်မိသေးသည်။ တဲအိမ်ကလေးထဲမှလူ ဘယ်လိုများရှိလိမ့်မလဲ။

သို့သော် ...

ထူးဆန်းလှစွာပင် ...

တဲအိမ်ကလေးမှာ သူမြင်ကွင်းထဲက ပျောက်ကွယ်၍နေလေ၏။



ချောက်နံရံကို ကုတ်တွယ်တက်လျက်သားမို့ မြင်ကွင်းမကောင်းလို့များ မမြင်ရတာလား။ ထိုသူ၏ အန္တရာယ်အတွက်တော့ စိတ်ပူပန်စရာမရှိဟု တွေးမိသည်။ သူ့အသံတွင်ပင် အားအရှိန် တစုံတရာပါနေသလို အရာရာကိုလည်း ထိုးဖောက် သိမြင်တတ်သူမျိုး မဟုတ်လား။

ချောက်နှုတ်ခမ်းပေါ်ရောက်အောင်သာ သွက်သွက် ဆက်တက်ခဲ့လိုက်၏။

တော်ပါသေးသည်။

အတက်လမ်းဖြစ်သည်မို့ ခြေသိပ်မချော်။ အလာတုန်းကထက် မြန်ဆန်စွာ ကမ်းပါးပေါ် ပြန်ရောက်လာခဲ့လေ၏။

အပေါ်ရောက်သည်နှင့် ...

အမောပင်မဖြေနိုင်အားပဲ ချောက်တွင်းမှ တဲငယ်လေးကို ငုံ့ကြည့်လိုက်သည်။

ဟင်ကနဲ ဖြစ်သွားရ၏။

ချောက်အောက်ခြေမှ စမ်းချောင်းကလေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါသမာန်ကြီးသော ရေစီးကြောင်းကြီးတစ်ခုအသွင်သို့ ရောက်ရှိနေခဲ့လေပြီ။

ဝဲဂယက်များ ဟီးထလျက်။ သူဖြတ်သန်းသွားသောအရာမှန်သမျှကို ဝါးမြိုခေါ်ဆောင်သွားချေ၏။ ချောက်အောက်ခြေတစ်ခုလုံး ရေတို့ဖုံးလွှမ်းလျက် ဘာကိုမှ မမြင်ရတော့။

သူသာ ခုထိထိုနေရာတွင် ရှိနေဆဲဆိုပါက ခုချိန်လောက်ဆို အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲနေပေရော့မည်။

တဲအိမ်ငယ်လေးတွင်းမှအသံရှင်က သူ့ကိုကယ်လိုက်ခြင်းဖြစ်လေ၏။

ထို တဲအိမ်ငယ်လေးကိုတော့ ခုနရေမလွှမ်းခင်ကတည်းကပင် မမြင်ခဲ့တော့သည်ကို ပြန်တွေးမိသည့်အတွက် စိတ်သက်သာရာရသွားမိသည်။

ဒါပေမယ့် တဲအိမ်ကြီးတစ်ခုလုံးက ဘယ်ကိုများ ပျောက်သွားရပါသနည်း။ သူမသိပါ။

တဲအိမ်ထဲမှလူကရော ဘယ်သူလဲ။



သူပြောလိုက်သည်များကရော၊ ဝိဇ္ဇာကမ်းပါးဆိုတာလည်း ပါလိုက်သေး၏။ ပြောလေသမျှ ပြေည့်တစ်ခုမှ ရေရေရာရာ နားမလည်။

စမ်းချောင်းနံဘေး ကျောက်ဖျာငယ်ပေါ်မှာကလည်း တွေးရခက်သော စာတစ်ချို့ရှိနေသေး၏။

ထိုသို့ဖြင့်ပင် ပဟေဠိပေါင်းများစွာဖြင့် ချောက်အောက်ဆင်းသက်ခဲ့သော ပြေည့်သည် ချောက်ထဲမှ ပြန်တက်လာသောအခါတွင်တော့ နောက်ထပ်ပိုများသော ပဟေဠိများကို ရင်မှာပိုက်၍သာ အိမ်ပြန်ခဲ့ရပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[၁၂]

နောက်ထပ် ရက်များမကြာမီမှာပင် ပြေည့် အိပ်မက်မက်၏။

အိပ်မက်ထဲတွင် ...

ပိတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးတစ် ပါးပေါ်လာပြီး သူ့သိလိုသည်များ ပြောပြလေတော့သည်။

"ငါ့ သား မင်းကို ငါကယ်ခဲ့တာကွဲ့"

ဟုပြောစဥ်မှာပင် ဘာကိုဆိုလိုမှန်း သူ သဘောပေါက်လိုက်ပါသည်။

"ဒီလောက်ချောက်ထဲ အရှိန်ပြင်းပြင်းပြုတ်ကျတဲ့သူကို ဘာဒါဏ်ရာမှမရအောင် ကယ်နိုင်



တယ်ဆိုတော့ အဘက အတော်စွမ်းတာပဲ နတ်သိကြားများလား ဟင်"

ဆိုသော် အိပ်မက်ထဲမှ အဘိုးကြီးက ရယ်လေ၏။

"နတ်သိကြား မဟုတ်ရပါဘူးကွယ်၊ လူစင်စစ်ပါပဲ၊ လူထူးလို့တော့ ဆိုနိုင်မှာပေါ့လေ၊ ကယ်နိုင် မနိုင်တဲ့ ပုဂ္ဂိုလ်မျိုးပေါ့"

"လူမစွမ်း၊ နတ်မဆိုတာပဲ ကြားဖူးပါတယ် ခုတော့ လူမစွမ်းလူမ ဖြစ်နေပါပေါ့လား"

"ဒါတင် ဘယ်ဟုတ်သေးလို့လဲ၊ တစ်ခါတလေ နတ်မစွမ်း လူမ ဆိုတာမျိုးတောင် ရှိသေးသကွဲ့"

နားမလည်သဖြင့် ပြေည့် ဆက်မမေးတော့ပါ။ သူ သိလိုသည်ကိုသာ ပြောင်းပြောဖြစ်လေ၏။

"ဟို ချောက်ထဲက အိမ်ကလေးမှာ တွေ့တာ အဘပဲလားဟင်"

"မဟုတ်ဘူးကွဲ့၊ သူက အစောင့်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့ကို ဘာလို့ကယ်ရတာလဲ ဟင်"

"ပဥ္စာန်းဆက်လို့ပဲ လွယ်လွယ်မှတ်လိုက်ပါ တော့ကွယ်၊ ကဲ ကဲ မေးနေတာတွေ တော်ကြ စို့ရဲ့၊ လူကလေးကို ပြစရာရှိသကွဲ့"

ချက်ချင်းပင် ပုဂ္ဂိုလ်ကြီးမှာ ပြေည့်အိပ်မက်ထဲမှ ပျောက်ကွယ်သွားကာ မြင်ကွင်းတစ်ကွက်ကို မြင်လာခဲ့ရလေ၏။

ကြည့်နေရင်းပင် ဝိုးတဝါးအသွင်မှ တစစပီပြင်ထင်ရှား၍လာသည်။

ပြေည့်အံ့သြသွားသလို လန့်လည်း လန့်သွားမိလေ၏။ သူ့သတ်ကုန်းတစ်ခု၏ မြင်ကွင်းကို သူမြင်နေရခြင်းဖြစ်သည်။

ထို သူသတ်ကုန်းပေါ်တွင် သူရယ်၊ သူ့ဆရာရယ် ရောက်နေလေ၏။ ဆရာ့ကို နှောင်ကြိုးများဆိုင်း တုပ် ပှား၏။ သူက နံဘေးတွင် သဲအူပြတ်မျှ ငိုကြွေး နေသည်။

ထို ခဏမှာပင် ပါးကွပ်သားတို့က သူ့ဆရာ



အားဆွဲခေါ်သွားကာ ကုန်းမြင့်တစ်ခုဝယ် ဒူးတုပ်စေတော့၏။

ထို့နောက် အမိန့်ပေးလိုက်သံ စူးစူးရှရှ။
နေရောင်မှာ လက်ကနဲဖြစ်သွားသော ဒါးသွား။
ပြတ်ထွက်သွားသော ဆရာ့ဦးခေါင်းနှင့် စိမ်း
စိမ်းစိုစို မြမြက်ခင်းပေါ်ဝယ် ရွှဲစိုသွားသောသွေးများ။
မကြည့်ရဲတော့သလို သူမျက်နှာလွှဲလိုက်၏။
မျက်ရည်များ တားမနိုင်စီးမရ ကျဆင်းလာရင်း
သူလည်း အိပ်ရာမှ နိုးလာခဲ့ချေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



အပြောရခက်နေသော်လည်း သူ့ဆရာအား သူ့ထိုအကြောင်း ပြောပြဖြစ်ခဲ့ပါသည်။

မျှော်လင့်ထားသည့်အတိုင်းပင် သူ့ဆရာက အရေးမစိုက်လှစွာ တုံ့ပြန်၏။

"ဒီတော့ ငါက ဘာလုပ်ရမှာတုန်း"

"ကျွန်တော်က ဆရာသတိထားဖို့ ပြောချင်တာပါ ဆရာ"

"မလိုပါဘူးကွာ၊ မင်းရဲ့ ဂယောင်ချောက်ချား အိပ်မက်လေးအတွက်နဲ့ ငါက အရှုးချီးပန်းဖြစ်ရတော့မှာလား၊ အလကား အပိုစာဒါးတွေ"



"ဂယောင်ချောက်ချားမဟုတ်ဘူး ဆရာရဲ့၊ ကျွန်တော် အသေအချာကို ထင်ထင်ရှားရှား မက်တာ"

"သွားစမ်းပါကွာ၊ အိပ်မက်ဟာ အိပ်မက်ပဲပေါ့၊ တကယ်မှ မဟုတ်တာ ဘာမြင်မြင် ဘာဂရုစိုက်ရမှာလဲ၊ ဒီမှာ ပြေည့် မင်းကိုငါ တစ်ခုပြောဦးမယ်၊ မင်းက အခုတလော မော်ဆရာရှူးရောဂါ စွဲကပ်နေတယ်"

"ဗျာ မော်ဆရာရှူးရောဂါ ဟုတ်လား"

"အေး ဟုတ်တယ်၊ ကိုယ် ရမ်းသန်းပြီးဟောလိုက်တာက နည်းနည်းလေး မှန်သွားတာနဲ့ ကိုယ့်ကိုယ်ကို အကြားအမြင်ပဲရသွားသလိုလို ထင်သွားတာမျိုးလေ၊ တကယ့် ထွက်ရပ်လမ်းပေါက် ပုဂ္ဂိုလ်ကြီးလို ကိုယ့်ကိုယ်ကို ထင်ပြီးမဟုတ်တာတွေ လျှောက်လုပ်ရော၊ အဲဒီတော့ ရှူးပြီပေါ့၊ အရှိအတိုင်းမြင်စမ်းပါ ပြေည့်ရာ၊ ငါတို့ဟာ ဘာမှမဟုတ်ဘူး၊ အဲဒါကိုသိယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ မမေ့နဲ့၊ သူများကို ညာရင်ညာ ကိုယ့်ကိုယ်ကိုတော့ ဘယ်တော့မှ မညာလေနဲ့ကွ"

"မဟုတ်ဘူး ဆရာ့အထင်မှားနေပြီဆရာ၊ ကျွန်တော်က ဘဝင်မြင့်သွားတာလဲ မဟုတ်ပါဘူး ဘယ်သူ့ကိုမှလည်း မညာတတ်ပါဘူး ဆရာ မြင်တာကို မြင်တဲ့အတိုင်းပြောတာပါ"

"မင်းတော့ ခက်နေပါပြီ၊ ကဲဒီလောက်တောင် ဖြစ်လှဟာ ပြောစမ်း ငါ့ခဏနေရင် ဘာဖြစ်မလဲဆိုတာ"

ဆရာက တမင်ရွဲ့ကာမေး၏။ မရည်ရွယ်ပါဘဲ ပြေည့်နှုတ်မှ ထင်ရာစကားတစ်ခွန်း ထွက်သွားလေတော့သည်။

"ဆရာ့ဆီ အပူသည်တစ်ယောက် ရောက်လာလိမ့်မယ်"

"ဟော့ကောင် ကြည့်ကျက်လည်းပြောဦးကွ၊ ဒီလောက်ညပိုင်းကြီးမှာ ဘယ်သူကမှ ငါ့ဆီ ရောက်လာမှာ မဟုတ်ဘူး"



"ကျွန်တော်တော့ အဲဒီလို ထင်တာပဲ ဆရာရယ်"

✸

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် …

သူတို့နေရာသို့ မမျှော်လင့်ပဲ ရောက်လာသူမှာ ငုဝါထွေး ဖြစ်ပါသည်။ ငိုကြီးချက်မနှင့် ရောက်ရှိလာခြင်းဖြစ်၏။

"ကယ်ပါဦးရှင် ကျွန်မတို့ဆီက ဦးရီး တက်သွားလို့"

ဟူသော အသံကိုကြားရသောအခါ ဆရာတပည့်နှစ်ယောက်လုံး ခေါင်းထောင်ကြည့်မိကြ၏။

ပြေည့်မှာ စောစောက သူပြောလိုက်မိသည်ကို ချက်ချင်းသတိရမိသွား၏။ သူ့ဆရာလည်း ထို့အတူ



သတိရလိုက်ပုံရသော်ငြား ချက်ချင်းပင် အိန္ဒြေပြန်ဆည်ကာ မျက်နှာထားကို ပြင်လိုက်လေသည်။

အပူသည်တစ်ယောက် ရောက်လာသည်ဆိုသော သူ့ဟောကိန်းကတော့ မှန်နေလေပြီ။

သို့သော် ဂုဏ်ယူနေဖို့ အချိန်မရ။ ရောက်လာသူမှာ ငုဝါထွေးဖြစ်နေမှန်းသိသောအခါ သူ စိတ်လှုပ်ရှားသွား မိရလေသည်။

"မိန်းကလေး ဘာကိစ္စလဲကွဲ့"

ဆရာ ဆီးမေးသည်ကို ငုဝါထွေးက မငံ့မရဲဖြေ၏။

"ဟို ကျွန်မတို့ဆီက ဦးရီးတစ်ယောက် ဖျားနေရာက ရုတ်တရက် တက်သွားလို့ပါ၊ ဆရာကြီးများ လိုက်ကြည့်ပေးနိုင်မလားလို့"

"မင်း မှားနေပြီကွဲ့၊ ငါက မှော်ဆရာနော်၊ ဆေးဆရာ မဟုတ်ဘူး"

"ဟုတ်ကဲ့ ကျွန်မသိပါတယ်ရှင့်၊ ဒါပေမယ့် ဆေးလည်း တစ်ခါတလေကုတယ် ကြားလို့

www.burmeseclassic.com



ပါ"

"ဒါက ပယောဂလိုမျိုးတွေသာ ကုတာရောဂါ ကုတာမဟုတ်ဘူး"

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ထက်တော့ ပိုနားလည်မှာပေါ့ရှင် လာပါ လူနာက သေလုမျောပါးဖြစ်နေတာမို့ပါ"

"မဖြစ်ပါဘူး မိန်းကလေးရယ် တခြား ဆေးဆရာတွေဆီသာ သွားပါကွာ၊ သွား သွား ... ငါ့မှာလဲ အလုပ်တွေ မအားဘူးကွာ၊ သွားပါတော့"

"ဆေးဆရာခေါ်ဖို့က ကျွန်မတို့လည်း သိပ်မတတ်နိုင်သူတွေမို့ပါရှင်၊ ဖြစ်နိုင်ရင် လိုက်ကြည့်ပေးပါ၊ နေရာလည်းနီးတော့ အပန်းသိပ်ကြီးမှာ မဟုတ်ပါဘူး"

"နေရာနီးရအောင် မင်းတို့က ဘယ်ကမို့လဲ"

"ဟိုးရှေ့ မလှမ်းမကမ်းက အပင်စုအောက်မှာ လှည်းဝိုင်းကြီးနဲ့ နေကြတာပါ"



ငုဝါထွေး၏ ထိုပြောစကားသည် ဆရာ့အား သဘောထားပို၍ တင်းမာသွားခဲ့စေ၏။

"မလိုက်နိုင်ဘူးကွယ်၊ ငါ အပြတ်ပြောပြီးသား ပဲ၊ သွားတော့ကွယ် သွားတော့"

ဆရာက အတင်းပင် မောင်းနှင်လွှတ်ပါလေတော့သည်။

ငပြည့်မှာ တစ်ခုခုဝင်ပြောချင်သော်လည်း ဘာပြောရမယ်မှန်း မသိ။ တစ်ခုခု ဝင်ကူညီချင်သော်ငြား သယ်လိုကူညီရမှန်းမသိ ဖြစ်နေရလေ၏။

သူ မစွမ်းနိုင်သောကိစ္စ ဖြစ်နေသည်ကိုး။

မတတ်သာတော့သည့် နောက်ဆုံး၌ ငုဝါထွေးမှာ မကြည်မသာဖြင့်ပင် ပြန်သွားရလေသည်။

ဆရာက မြည်တွန်တောက်တီးနေသေး၏။

"ဘယ်နှယ့် ငါ့များ ဘာထင်နေတယ် မသိဘူး၊ ဒီလိုတေလေတွေကများ ဆေးကုဖို့လာခေါ်နေသေးတယ်၊ ငါက ကုလည်း မကုတတ်ဘူး၊ ဒီလို အဆင့်မျိုးတော့ ကုတတ်တာတောင်

www.burmeseclassic.com

www.burmeseclassic.com



မကုဘူး”

ပြေည့်မှာ ဝင်ကူညီချင်သော်ငြား သူမစွမ်းသာသောကိစ္စဖြစ်၍ ဘာမှ မလုပ်နိုင်ခဲ့ပါ။

ထွက်ခွာသော ငဝါထွေး၏ ကျောပြင်ကိုသာ စိတ်မကောင်းစွာ စိုက်ကြည့်ရင်း သက်ပြင်းတို့ အကြိမ်ကြိမ်ချမိလေသည်။

ဆရာ့အား အမှတ်မထင်ပြောလိုက်မိသော သူ့ဟောကိန်းကတော့ မှန်နေလေပြီ။ သို့သော် သူဝမ်းမသာမိ။ သူပြောမိသည့်အတိုင်း တကယ်ရောက်လာသော အပူသည်မှာ ငဝါထွေးဖြစ်နေ၍ပင် ဖြစ်ပါသည်။



[၁၃]

အတော်ထူးခြားသော တိုက်ဆိုင်မှုပင် ဖြစ်ပါသည်။ ငဝါထွေးလာခေါ်အပြီး နောက်တစ်နေ့မှာပင် မြို့ဝန်မင်းအိမ်ကလည်း ထိုကိစ္စမျိုးအတွက်ပင် လာခေါ်လေ၏။

မြို့ဝန်မင်းခယ်မ ရုတ်တရက် ထူးဆန်းစွာ ဖျားနာလာလို့ လိုက်ကြည့်ပေးပါတဲ့။

ငဝါထွေးတို့ လာခေါ်သည်ကို တေလေတွေဟု မကုလိုကြောင်းပြောခဲ့သော ဆရာမှာ ယခုအခါမှာတော့ ဗျာပျာသလဲပင် လက်ခံစကားပြောလေသည်။

ပြေည့်ကပင် ပြောမိသေး၏။

“ကျွန်တော်တို့က ဆေးမှမကုတတ်တာပဲ၊ ဖြစ်

www.burmeseclassic.com



ပါမလား ဆရာ''

ဆိုသော် ဆရာက မျက်နှာထိ မျက်နှာထားဖြင့်

''နေစမ်းပါ၊ မင်းမသိပါဘူးကွာ''

တဲ့။ ပြီးတော့ မျက်နှာကို အပျူပြာဆုံးပြုံးရင်း

''ဆရာကတော့ ကိစ္စလေးရှိနေလို့မို့ မလိုက်တော့ဘူး၊ ဒီက ဆရာ့တပည့်လေးပဲ လိုက်လိမ့်မယ်၊ ယတြာလေး ဘာလေးချေ အဆိုးအညံ့လေး ဘာလေး ပျောက်အောင်လုပ်ရ မဟုတ်လား၊ ဆရာ့တပည့်ဆို ပင်ပင်ပန်းပန်းလည်း လုပ်နိုင်တာမို့ ပို အဆင်ပြေပါလိမ့်မယ်''

ဟု သူ့ကို ထည့်လွှတ်လေတော့သည်။ သူ အတော်လေး အံ့အားသင့်သွားမိ၏။ ဆရာက လူကြွယ်ရာ ခေါ်ကာ သူ့ကိုရှင်းပြသည်။

''ဒါဟာ မင်းအတွက် အကွက်ကောင်းပဲကွ၊ မြို့ဝန်ခယ်မ ခင်လေးနဲ့ပိုပြီးရင်းနှီးအောင်လုပ်ပေတော့၊ ဟိုတစ်နေ့က တလေလေးတွေလာ ခေါ်တော့မှ ငါလည်း ဒီအကြံကိုရမိတာ''



''ဆရာပြောတာ ကျွန်တော် နားမရှင်းဘူး''

''အေ့ပါ၊ ပြည့်ရာ၊ ငါက မင်းလို မတော်တဆ မှန်သွားအောင် တောင်ပြောမြောက်ပြော လျှောက်မပြောတတ်ပေမယ့် လူတွေနားအောင် ဖျားအောင်တော့ လက်တွေ့ ခုတ်ရိုက် ခုတ်ဆင်လုပ်နိုင်တယ်ကွ''

''ဆရာ ဆိုလိုတာက ....

''ကဲပါ သွားမှာ မြန်မြန်သာ လိုက်သွားစမ်းပါကွာ''

ပြည့်မှာ ဆရာ့က အတင်းတွန်းထုတ်သောကြောင့် မေးချင်သည်ကို ဆုံးအောင်ဆက်မမေးနိုင်ပဲ ထွက်လာခဲ့ရလေသည်။

သို့သော် ဆရာပြောပုံအရတော့ မြို့ဝန်ခယ်မ ခင်လေး အခုလို ဖျားနာအောင် သူပဲလုပ်လိုက်သလိုပါပဲ၊ ဟိုတစ်နေ့က ပြည့်ဟောချက် မှန်သွားသည်ကို မခံချင်စိတ်နဲ့များ ရှက်ရမ်းရမ်းပြီး ပြောလိုက်သလားမသိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကသာ ခင်လေးနှင့် ရင်းနှီးဖို့ ရည်ရွယ်ချက်နှင့် စေလွှတ်လိုက်သော်လည်း ပြည့်မှာ ခင်လေးအား စကားပင်မပြောဖြစ်ခဲ့ပါချေ။

သူ အိမ်ရောက်သွားတော့ ဆေးဆရာတစ်ဦးက ခင်လေးကို ကုသနေသည်နှင့်ဆုံ၏။

ဧည့်ခန်းဆောင်တွင် တစ်ယောက်တည်း ထိုင်စောင့်ရင်း ဟိုဟိုဒီဒီငေးမိနေစဉ် ကလျာက ထူးထူးခြားခြား သူ့ကိုစကားတွေလာပြောလေ၏။

"ပျင်းနေပြီလား ဟင်"

ကလျာမှာ သူ့ကို ထိုသို့ဧည့်ခံဖို့ဝေးစွ။ အဖက်



ပင်မလုပ်တတ်သူမို့ အနည်းငယ်အံ့ဩသွားမိလေသည်။

"ဪ ရပါတယ်ခင်ဗျ၊ မပျင်းပါဘူး"

"ကလျာတို့ရဲ့ အိမ်တော်အတွင်းပိုင်းကို လိုက်ပြမယ်လေ၊ မခင်လေး ဆေးကုတာကို စောင့်နေတုန်းမှာ အငြိမ်းပြေပေါ့"

"ဟုတ်ကဲ့ ခင်ဗျ"

မကောင်းတတ်သဖြင့်သာ လိုက်ပါလာရသော်လည်း သူ့စိတ်တော့ သိပ်မပါမိပါ။

အထင်ကြီးမက်မောတတ်သူ့အဖို့ဆိုလျှင် မြို့ဝန်မင်းအိမ် အတွင်းပိုင်းမှာ အတော်အံ့ချီးဖွယ်ရာပင်တည်း။

ပန်းပုရုပ်ကြွများ၊ မှန်စီရွှေချလက်ရာများဖြင့် အနုပညာလက်ရာတွေက အပုံအပင်။ မြင်မြင်လေရာ နေရာအနှံ့မှာလည်း ရွှေရောင် ငွေရောင်များဖြင့် တဖိတ်ဖိတ် လက်ပနေလေတော့၏။

သိပ် ထူးခြားနှစ်လိုဖွယ်မရှိသော သူ့အသွင်ကို ကလျာက ရိပ်မိပုံပေါ်၏။

"သိပ် စိတ်မဝင်စားဖူးနဲ့ တူတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဒီလိုပါပဲ"

"တခြားသူတွေဆိုရင် ကလျာတို့အိမ်ထဲရောက်တာနဲ့ ဟာကနဲ ဟင်ကနဲ ဖြစ်သွားတတ်ကြတာချည်းပဲ၊ ဟိုပစ္စည်းကိုင်ကြည့် ဒီပစ္စည်းကိုင်ကြည့် ပြီးတော့ ပါးစပ်ကလည်း ဟိုမေး ဒီမေးနဲ့"

"အရင်ကလိုဆိုရင်တော့ ကျွန်တော်စိတ်ဝင်စားမိမှာပါ၊ အခုက ကျွန်တော်အမြင်တစ်မျိုး မြင်မိတယ်"

"ဟုတ်လား၊ ပြောပြပါဦး"

"ကျွန်တော်တွေးမိတာလေးပါ၊ မှန်မယ်လို့တော့ တစ်ထစ်ချမပြောလိုပါဘူးနော်၊ လူတွေကလေ ဘာလို့များ ဒီလို မလိုလားအပ်တဲ့အရာတွေကို ပုံကြီးချဲ့နေရသလဲ မသိဘူး"

"ကျွန်မ သိပ်နားမလည်ဘူး ရှင့်"

"ဥပမာ ရွှေငွေဆိုပါတော့ဗျာ၊ ဒါတွေဟာ မြေကြီးထဲကရတဲ့ အတုံးအခဲပါပဲ၊ အဲဒါကိုများဘာ



လို့ အလုအယက်ဖြစ်နေရတာလဲ"

"ဒါကတော့ တန်ဖိုးရှိတာကိုး ရှင့်"

"အဲဒီတန်ဖိုးကို ဘယ်သူကသတ်မှတ်တာလဲ၊ လူတွေကပဲ သတ်မှတ်တာ မဟုတ်လား၊ ဘာလို့များ ကျွန်တော်တို့ လူသားတွေဟာ ကိုယ်သတ်မှတ်ထားတဲ့ တန်ဖိုးတွေထဲမှာပဲ ပြန်အကျဉ်းကျကုန်သလဲ မသိဘူးနော်"

"အဟင်း ဟင်း၊ ရှင်ပြောတာတွေက နက်နဲလာပြီ၊ ကျွန်မတောင် လိုက်မမီချင်တော့ဘူး"

"ရှင်း ရှင်းလေးပါဗျာ၊ ရွှေငွေဆိုရင် လူတွေက သတ်မှတ်ထားတဲ့ တန်ဖိုးပဲရှိတာပါ တကယ်တမ်း သူ့ရဲ့ တန်ဖိုးအစစ်မရှိမဲ့ရှိပါဘူး၊ လူတွေကသာ ဒါတွေကို တန်ဖိုးမရှိဘူးလို့ သတ်မှတ်ကြည့်၊ မြေပေါ်မှာတောင် ဒီတိုင်းပြန့်ကြဲနေကြဦးမှာ၊ ကျွန်တော်ကြားဖူးတာက ရွှေထွက်တဲ့ လူရိုင်းဒေသတွေမှာဆိုရင် ရွှေတုံးတွေကို လမ်းခင်းဖို့တောင် အသုံးပြုပစ်တယ်ဆိုပဲ၊ အခုတော့

www.burmeseclassic.com



ကျွန်တော်တို့က အဲဒီအတွက် သတ်ကြသေကြ ဖြစ်နေကြတာ ရူးသွပ်နေကြသလိုပဲ''

''ဒါပေမယ့် ရွှေငွေတွေက စနစ်တကျအသုံး ပြုတတ်ရင်၊ စနစ်တကျလည်း အသုံးပြုမယ်ဆို ရင် လှတယ် အကြမ်းခံနိုင်တယ်လေ၊ ဒီအိမ်မှာ ပဲ ကြည့်ပါလား၊ ရွှေအစစ်နဲ့ တန်ဆာဆင်ထား တဲ့ ပစ္စည်းတွေဟာ ဘယ်လောက် ပိုသားနား သလဲလို့''

''ဟုတ်ပါတယ် အဲဒါတွေကြောင့် ပိုလှသွား နိုင်တယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် ဒီလို ပိုလှရုံ၊ အမြင်ကောင်းရုံလောက်အတွက်နဲ့ လူ သားတွေရဲ့ ဘဝတွေ အသက်တွေ ပေးရမယ် ဆိုရင် မှုတပါရဲ့လား၊ ဒီလို ရွှေငွေတွေအတွက် သေကြကြေကျ ဘဝပျက်ကြတာတွေ အများ ကြီးနော်''

''ရှင်ပြောသလိုဆိုရင်တော့ ရှင်က ဒါတွေကို မမက်သလိုပါပဲ''



''အရင်တုန်းကတော့ မက်မောခဲ့ဖူးပါတယ်၊ အခုတော့ အမြင်ပြောင်းသွားပြီ၊ လူပဲလေ၊ လွယ်လွယ်ကူကူ တရားနည်းလမ်းကျကျရမယ် ဆိုရင်တော့ လိုချင်သေးတာပေါ့၊ ဒါပေမယ့် အဲဒါကို ဦးထိပ်မထားတော့ဘူး၊ အဲဒီအတွက် လည်း ကိုယ့်ကိုယ်တိုင်ရော ဘယ်သူ့ကိုမှ အထိ ခိုက်၊ အနာကျင်မခံစေချင်တော့ဘူး၊ တကယ် တော့ ဒီလောကထဲ ရှိသမျှအားလုံးထဲမှာ လူ သားအဖြစ်ကသာ တကယ်တန်ဖိုးရှိပြီးတကယ် မြင့်မြတ်ပါတယ်ဗျာ''

ခင်လေးကို ဆေးကုပေးသောဆရာ ထွက်လာ သည်ကို မြင်သောကြောင့် ထိုနေရာမှာပင်စကားစပြတ် သွားကြလေသည်။

သို့သော် သူ့စကားအပြီး လှမ်းကြည့်မိသော ကလျာမျက်ဝန်းများတွင် အထင်ကြီးလေးစားသွားဟန် တစ်စွန်းတစ်စကို လှစ်ကနဲမြင်လိုက်ရလေသည်။

ဖဖဖဖ

www.burmeseclassic.com

www.burmeseclassic.com



[၁၄]

နောက်တစ်နေ့မှာတော့ ငုဝါထွေးတို့ဆီ သူ သွားဖြစ်ခဲ့ပါသည်။

ဒီတစ်ခါတော့ ငုပါထွေးအား အဆင့်သင့်ပင် တွေ့ရလေ၏။ သစ်ပင်ကြီးတစ်ပင်၏ သစ်မြစ်ဆုံအောက်တွင် ထိုင်လျက် မျက်နှာ မကြည်မလင်နှင့် ရှိနေလေ၏။

သူ့ကို မြင်သည်နှင့်ပင် ငုဝါထွေးမှာငေါက်ကနဲ ထလာလေသည်။

"ဟော့ လူကြီး ဘာလာလုပ်ပြန်တာလဲ၊ ခင်ဗျား အပင်တွေ ပြန်ပေးပြီးပြီ မဟုတ်လား"

"အပင်တွေ ပြန်တောင်းရအောင် လာတာမ



ဟုတ်ပါဘူးကွာ၊ ဟိုနေ့ မင်း ဦးလေးဆိုတာ သက်သာရဲ့လား သိချင်လို့လာတာပါ"

"သေပြီဗျ၊ ခင်ဗျားက အခုမှ တရေးနိုးလာ ယောင်မနေနဲ့တော့"

"ဟာ စိတ်မကောင်းစရာပဲ၊ ငါ့ဆရာကလည်း အဲဒီနေ့က လိုက်မကြည့်ဘူးကွာ၊ သူကြည့်ရင် တစ်မျိုးဖြစ်ကောင်းဖြစ်မှာ အခုတော့ စိတ်မကောင်းပါဘူးကွာ"

"မဆိုင်ပါဘူးဗျာ၊ အဲဒီနေ့က သူလိုက်ခဲ့ရင် တောင်မှလည်း ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ပြန်ရောက်တော့ အသက်မမီတော့ဘူးဗျ"

"ဪ ဖြစ်မှ ဖြစ်ရလေ၊ မင်းတော့ ဦးလေးတစ်ယောက်လုံးဆုံးသွားတာမို့ အတော် စိတ်မကောင်း ဖြစ်မှာပဲ၊ မင်းမှာ ဆွေမျိုးသားချင်း ဆိုလို့ အဲဒီဦးလေးပဲရှိတာလားဟင်"

ဟိုတစ်နေ့ကချာတိတ်တွေကို မေးကြည့်စဉ်

www.burmeseclassic.com

www.burmeseclassic.com



သူမကို တစ်ကောင်ကြွက်လိုလိုပြောသွားသည်အား ပြန်အမှတ်ရမိလိုက်၏။ ကြည့်ရတာ သူမနှင့် ထိုဦးလေး နှစ်ယောက်သာ ရှိလိမ့်မည်ဟု ထင်မြင်မိလေသည်။

“ဟာ ဘယ်ကလာ ကျွန်တော့်ဦးလေး ဆုံးရှာလဲ၊ ကျွန်တော့မှာဆွေမျိုးသားချင်းတစ်ယောက်မှ မရှိဘူးဗျ၊ တကယ့်တစ်ကောင်ကြွက် စစ်စစ်”

“မသိဘူးလေ၊ မင်းပဲ ဟိုနေ့က ငါ့ဆရာကိုလာခေါ်တော့ မင်းရဲ ဦးလေးနေမကောင်းလို့ ဆိုပြီး ပြောလိုက်သလားလို့”

“ကျွန်တော့ ဦးရီးလို့ပြောတာပါဗျ၊ ဒီလိုပဲခင်ရာဆွေမျိုး လုပ်နေရတာပေါ့၊ အတူနေတာကြာတော့လည်း တကယ့်ဆွေမျိုးတွေလို သံယောဇဉ် ဖြစ်နေပါပြီဗျာ”

“ဒါဆို ဆွေမျိုးသားချင်းတယောက်မှ မရှိပဲနဲ့ မင်း ဒီအုပ်စုကြီးနဲ့ အတူနေနေတာပေါ့”

“ဟုတ်တယ်လေ၊ အဲဒီတော့ ဘာဖြစ်လဲ၊ အ



မယ် ဒီလူတွေက ဆွေမျိုးမဟုတ်ပေမယ့် အစစအရာရာ စိတ်ချရတယ်၊ ခင်ဗျားတို့ လူယဉ်ကျေးတွေလောကမှာလို အချင်းချင်းကောက်ကျစ် ပြိုင်ဆိုင်ကြတာတွေ လုံးဝမရှိဘူးဗျ”

ထိုသို့ဖြင့်ပင် ငုဝါထွေးနှင့် သူ စကားတွေအတော်များများ ပြောဖြစ်ခဲ့ကြ၏။

ခဏနေလို့ ဟိုနေ့က အပင်တွေလာပေးသော ချာတိတ်လေးတွေ အနားရောက်လာသောအခါ စကားဝိုင်းက ပို၍ပင် မြိုင်ဆိုင်၍သွားလေသည်။

ငပြည့်မှာ သူတို့နှင့် အရမ်းရင်းနှီးသွားခဲ့သလို သူတို့စရိုက်၊ သူတို့ဘဝကိုလည်း သဘောကျကျေနပ်စိတ်များ တဖွားဖွားဖြစ်ပေါ်မိပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[၁၅]

ပြေည့်ဖို့ မေ့လျော့တောင်နေသလို ဖြစ်ခဲ့ရသော်လည်း ဆရာကတော့ ခင်လေးနှင့်ကိစ္စကို အားကြိုးမာန်တက်ရှိနေဆဲဖြစ်ပါသည်။

တစ်နေ့တစ်မျိုးဆိုသလို မရိုးရအောင် အနည်းနည်း ကြံစည်၍နေသည်။

ထိုသို့ဖြင့်ပင် …

တစ်ရက်မှာတော့ ဆရာ့အကြံအစည်၏ အမြင့်ဆုံးအဆင့်ဆိုရမည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့ပါရလေတော့သည်။

✸



ထိုနေ့က …

ဖြစ်ချင်တော့ ခင်လေးမှာ တစ်ယောက်ထဲ ဆရာ့ထံ လာရောက်ခဲ့လေ၏။

သူမ လာသည်မှာ ခါတိုင်းလို အကြားအမြင်လေး ဘာလေးမေး၊ ဓာတ်ရိုက်ဓာတ်ဆင်ကလေးပြုရန်ဖြစ်သော်လည်း ဆရာက ဓာတ်ခန်းတွင် လူရှင်းသွားသည်အထိ အချိန်ကြာအောင်ဆွဲထားခဲ့သည်။

ပြီးတော့ ပြေည့်ကို ကွယ်ရာခေါ်ကာ တီးတိုးပြောပြလေသည်။

"အကွက်ကောင်းတော့ ဆိုက်ပြီ ပေ့ာကောင်"

www.burmeseclassic.com

www.burmeseclassic.com



“ဘာလို့လဲ ဆရာ”

“သူတို့အိမ်မှာ မြို့စားမင်းမရှိဘူး၊ သုံးလေးရက်လောက် ခရီးထွက်သွားတယ်တဲ့၊ မြို့စားသမီးကလည်း မြို့စားမင်းရဲ့ ဝတ္ထုရားအချို့ကို ကိုယ်စား ဝင်ဆောင်ရွက်ပေးရမှာမို့ အလုပ်ရှုပ်နေလိမ့်မယ်၊ အိမ်မှာ ရှိချင်မှတောင်ရှိမှာ၊ အခုပဲ မလိုက်နိုင်တာ ကြည့်ပါလား၊ ဒါ မင်းဖို့ အခွင့်အရေးပဲကွ”

“ကျွန်တော်က ဘာလုပ်ရမှာလဲ၊ ကျွန်တော် မလုပ်တတ်ဘူး ဆရာရယ်”

“အသာနေစမ်းပါ၊ ငါ စီမံပါ့မယ်၊ မင်းက မီးစင်ကြည့် ကရုံပဲ”

ဆရာက ထိုသို့ပြောပြီး ဓာတ်ခန်းထဲရှိ ခင်လေးရှိရာ ပြန်ဝင်သွားလေသည်။

ခဏအကြာမှာတော့ ဆရာက သူ့အားခင်လေးကို ပြန်ပို့ရန်ခိုင်း၏။ တဆက်တည်းပင် စကားတစ်ခွန်းကိုလည်း တီးတိုး မှာလိုက်လေသည်။



“ငါ သူ့ကို စိတ်ပြောင်းဆေးတိုက်ထားတယ်၊ ခဏနေတာနဲ့ ထူးခြားလာလိမ့်မယ်၊ မင်းကြည့်လုပ်ရားပေတော့”

“ကျွန် … ကျွန်တော်က ဘယ်လိုလုပ်ရမှာလဲ ဆရာ”

“မင်းနဲ့ ငြိစွန်းသွားအောင် လုပ်ပေါ့ကွ၊ ဒုန်းမဝေးစမ်းနဲ့ … သွား သွား လိုက်ပို့လိုက်တော့၊ တော်ကြာလေးနေတာနဲ့ ဆေးစွမ်းပြလာလိမ့်မယ်”

ထိုးစံအတိုင်းပင် ဆရာက အတင်းတွန်းလွှတ်ပြန်သဖြင့် ပြေည့်မှာ ထွက်သွားရပြန်သည်။

သို့သော် ဒီတစ်ခါကတော့ ခါတိုင်းအချိန်များထက် ပို၍ဆိုးသည်။ စိတ်မပါ လက်မပါ ဖြစ်မိရုံမက ကြောက်ကြောက်ရွံ့ရွံ့လည်း ဖြစ်မိလေ၏။

ဒီတစ်ခါ ဆရာ့အစီအစဉ်ကလည်း အားလုံးထဲမှာ အဆိုးဝါးဆုံး မဟုတ်လား။

✸

www.burmeseclassic.com

www.burmeseclassic.com



မြင်းရထားပေါ်ရောက်ပြီး မကြာမီမှာပင် ဆရာဆေးက အစွမ်းပြလေသည်လားမသိ။ ခင်လေးတစ်ယောက် မူးဝေလာသလိုလို မူပျက်လာပါလေတော့သည်။

ဘေးနားတွင်ရှိနေသော ပြည့်ကို စိမ်းစိမ်းရှားရှားကြည့်ကာ တစ်မျိုးပြောင်းလဲနေသောအသံဖြင့် ...

"ကျွန်မ မူးလွန်းလို့ပါ၊ ခဏလောက်မှီနေပါရစေနော်"

ဟု ဆိုလေတော့သည်။

ပြည့် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာ



ပင် ခင်လေးက သူ့ပခုံးပေါ် ခေါင်းမှီလာလေတော့သည်။

ထိုသို့ဖြင့် ...

လမ်းတလျှောက်လုံးပင် ပြည့်မှာ စိတ်ကျဉ်းကြပ်စွာ လိုက်ပါခဲ့ရတော့သည်။

စိတ်ထဲကလည်း ကြိတ်၍ဆုတောင်းမိသည်။

ခင်လေး ဒီ့ထက်ပိုကဲ မလာပါစေနဲ့။

သူနှင့် မဖြစ်သင့်တာတွေ မဖြစ်ကုန်ရပါစေနဲ့ ... ဟု။

သူ့ဆုတောင်း ပြည့်သည်ဟုပင် ဆိုရမည်လားမသိပါ။

ခင်လေးတစ်ယောက် ဖို့ထက်တော့ ပိုဆိုးမလာခဲ့ပါချေ။ သို့သော် မြို့ဝန်မင်းအိမ်တော် ရောက်သောအခါ စိတ်ကျဉ်းကျပ်စရာ ကြုံရပြန်၏။

အိမ်တော်တွင် အစေခံတစ်ချို့မှလွဲ၍ လူတစ်ယောက်မှမရှိ ဖြစ်နေခြင်းပင်။ ခင်လေးက မူးနေသေးသည်ဆို၍ ကိုယ်တိုင် အိမ်ပေါ် တွဲတင်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရောက်လို့ သူပြန်ဖို့ ပြောမည်ကြံစဉ်မှာ ပင် ခင်လေးမှာ ရုတ်တရက် ငြိုးညှုလေတော့၏။

"ပူတယ် ပူတယ်၊ အမယ်လေး ရင်တွေ ပူလာ လိုက်တာနော်"

သူ့ကိုယ်သူ လက်ကလေးဖြင့် တဖျပ်ဖျပ်ခတ် ၏။

ပြေည့်က အနီး၌ အသင့်တွေ့ရသော ယပ် တောင်တစ်ခုကို ယူပေးသောအခါ ယပ်တောင်ဖြင့် လည်း ခတ်လေ၏။

သို့သော် အပူငြိမ်းပုံမရ။

ပြေည့်မှာ ပြူးပြူးပျာပျာ ဖြစ်သွားပြီး ခင်လေး အား သူမ၏ အိပ်ဆောင်သို့ ပို့ရန် စီမံမိတော့သည်။

အရေးထဲမှပင် အစေခံတွေကလည်း အနား မရှိ။ ခင်လေး ယခုဖြစ်နေပုံကိုလည်း မမြင်သွားကြ လိုသည်နှင့် သူကိုယ်တိုင်ပင် ပို့ဖြစ်ခဲ့သည်။

ယင်းမှာ သူ့အမှားပင် ဖြစ်ချေတော့၏။

ကိုယ်ခန္ဓာလေးမှာ ကောက်ကြောင်း တို့ အထင်းသားပေါ်လွင်နေလေ၏။

လှပသော၊ မို့မောက် ပြည့်တင်းသော အရှိုက် အဝန်းများက မကြည့်ချင် မြင်မိလျက်သား ဆိုဘိသကဲ့ သို့ ...

မျက်လွှာကို အတင်းချသည်။ သို့သော်ချ၍မရ။

www.burmeseclassic.com

www.burmeseclassic.com



အံကို တင်းတင်းကြိတ်၏။ သို့သော် သူ့မှာသာ ဓာချွေးတွေ ပျံလာမိလေသည်။

ထိုစဉ်မှာပင် နဂိုက ခပ်ဟဟထားမိသော တံခါးရွက်မှာလည်း လေတိုးသဖြင့် ဝုန်းကနဲ စေ့ပိတ်သွားလေတော့၏။

အလုံပိတ်အခန်းတွင်း၌ သူနှင့် ခင်လေးနှစ်ယောက်တည်း။ ဒီထဲမှာ ခင်လေးကလည်း သိစိတ်ပျောက်သကဲ့သို့ဖြစ်ကာ ကိုယ်နေဟန်ပျက်ယွင်း၍ နေချေသေး၏။

အတန်ကြာ၊

အချိန်တွေ အတော်ကြာသည်အထိပင်

ပြည့်တစ်ယောက် ထိုနေရာ၌ တောင့်တောင့်ကြီး ရပ်တည်နေမိ၏။

ဆန္ဒစိတ်နှင့် ဆင်ခြင်တုံတရားတို့ အပြင်းအထန် အားပြိုင်နေခဲ့ကြသည်။ အံကိုလည်း တဖြည်းဖြည်း ပို၍ ပို၍ တင်းတင်းကြိတ်ထားလိုက်သည်မှာ ညောင်းညာလုမတတ်ပင်။



နောက်ဆုံး ...

စိတ်မီးလျှံ၏ အရှိန်အမြင့်ဆုံး၌ ...

ပြည့်ရင်ထဲ သတိတစ်ချက် ဖျပ်ကနဲ ဝင်လာခဲ့ရသည်။

**"အရာအားလုံးဟာ တဒင်္ဂပါပဲ"**

သူလည်း တဒင်္ဂအာရုံကို ဖွတ်ဖြတ် ထိန်းချုပ်လိုက်၏။

ဝုန်းကနဲ ထိုအခန်းထဲမှ လှည့်ထွက်လာခဲ့လိုက်သည်။

တံခါးဝကို ဖွင့်လှစ်ကာ လှည့်လိုက်မိစဉ်မှာပင် အပြင်မှာ အသင့်ရောက်နေသူတစ်ယောက်ကြောင့် အံ့အားသင့်သွားခဲ့လေ၏။

"ဟင်၊ ကလျာ"

"မခင်လေး ဘာဖြစ်လို့လဲ ဟင်"

"နေနဲ့နဲ့ မကောင်းတာပါ၊ မကြာခင် သက်သာ သွားပါလိမ့်မယ်၊ ကလျာရောက်နေတာ ကြာပြီလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့၊ မခင်လေးကို အိပ်ခန်းထဲ တွဲပို့လိုက်စဉ်ကတည်းကပဲ"

"ဒါနဲ့များ ကလျာရယ်"

"ဘာလို့လဲ ဟင်"

"ဘြော် ဝင်လာခဲ့ရောပေါ့လို့"

"ရုတ်တရက် ဘာဖြစ်မှန်းမသိလို့လေ၊ ကျွန်မကလည်း အိမ်တော်မှာ ကျန်ခဲ့တာတစ်ခုရှိလို့ လာပြန်ယူတာ၊ ခဏနေပြန်သွားရမှာမို့ ဝင်မလာလိုက်တာပါ"

ဟုတ်ရဲ့လား။ တစ်ကယ်တမ်းမှာ သူဘာလုပ်မလဲ စောင့်ကြည့်လို၍များ အပြင်က အသာ အကဲခတ်နေခြင်းလားဟု ထင်မြင်လိုက်မိပါသည်။

မိန်းကလေးတွေရဲ့စိတ်က မှန်းရအခက်သားလေ။ ကလျာက အခုမှ မေးဖြစ်ဟန်ဖြင့် ...

... မခင်လေးရော၊ သက်သာရဲ့လားရှင်"

"သက်သာပါတယ်၊ မကြာခင်သက်သာသွားမှာပါ"



"သူလဲ ခင်ပွန်းဆုံးပြီးစမို့ ထင်ပါရဲ့၊ စိတ်ရဲ့ဖိဆီးမှုက ပိုများနေသလားပဲ၊ အမြဲလိုတရှောင်ရှောင် ဖြစ်နေတော့တယ်"

ခေါင်းညိတ်ပြလိုက်သည်။ သူမ ဒီလိုကောက်ချက်ချသည်မို့ တော်သေးသည်ပေါ့။ ခန္ဓာကိုယ်သည် ခဏအတွင်းမှာပင် အရှိန်း ပင်ပန်းသွားသည်သို့ရှိချေ၏။

"ကျွန်တော့် ပြန်ဦးမယ်နော်"

ဟု နှုတ်ဆက်စကားဆိုမိသည်။

ကလျာက ...

"နေဦးလေ ကျွန်မလည်း မကြာခင် အပြင်ပြန်ထွက်မှာ၊ မြင်းရထားနဲ့လိုက်ပို့မှာပေါ့"

ဆိုသော်လည်း ငြင်းပယ်လိုက်၏။

"ရတယ် ကျွန်တော့်ဖာသာပဲ ပြန်တော့မယ်"

ခပ်သွက်သွက်ပင် အိမ်တော်ပေါ်မှ ဆင်းသည်။

လမ်းတလျှောက်၌ ကိုယ့်ကိုယ်ကို အောင်နိုင်သူတစ်ယောက်သဖွယ် ခံစားနေရလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၏ ယခုလို တုံ့ပြန်ခြင်းကိုတော့ သူ မျှော်လင့်ခဲ့ပြီးသား ဖြစ်ပါသည်။

သို့သော် ယခုလောက်ထိ ပြင်းထန်မည်ဟုတော့ မထင်မိခဲ့။

ခင်လေးနှင့် ဘာမှပြီးစွန်းလာခြင်းမရှိခဲ့ကြောင်း ကျိုးကြောင်းစုံကို သိရှိသွားပြီးနောက်၌ ဆရာမှာ ယမ်းပုံမီးကျ ဒေါသထွက်လေတော့၏။

သူ့ကို အကြောင်းစုံရှင်းပြခိုင်း၍ နောက်တစ်ခေါက် ထပ်ပြောရသည်။ ပြောအပြီး၌ တစ်ပါတည်းပင်

"ကျွန်တော် အဲဒီကိစ္စတွေ ထပ်မလုပ်ချင်တော့ဘူး ဆရာ"

ဟု အပြတ်ပြောလိုက်လေ၏။

ဒေါသလက်စနှင့် ဖြစ်ချင်သလောက်သာ ဖြစ်ပေစေတော့။ ဒီတစ်ကြိမ်တော့ ပြတ်သားဖို့လိုပြီဟု သူထင်မိသည်။

ဆရာက မျက်ထောင့်နီကြီးဖြင့်ကြည့်ကာ ဝုန်းကနဲ ထရပ်သည်။ သူ့အားတစ်ခုခုလုပ်တော့မည်ဟု ထင်သော်လည်း ဘာမှတော့ မလုပ်။

တင်းတင်းမာမာကြည့်ကာ တက်တစ်ချက်ပြင်းပြင်းခေါက်ရင်း ရုတ်တရက် ထ,ထွက်သွားလေတော့သည်။

✸



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာသွားမှပင် ဆရာပြန်ရောက်လာခဲ့သည်။ သို့သော် ထူးဆန်းစွာပင် သူ့အား ဒေါသတို့ ကွယ်ပျောက်သွားသလိုရှိ၏။

အိမ်ထဲဝင်အလာ၌ သူ့ကို တစ်ချက်လှမ်းကြည့်လိုက်သော မျက်ဝန်းတို့တွင် ဒေါသတို့ မတွေ့ရ။ မလုံမလဲဟန်လိုလိုသာ မြင်သဖြင့် သူ့အံ့သြသွားမိလေသည်။

ဆရာနှင့်အတူ အထုပ်ကြီးတစ်ထုပ်လည်း ပါလာသည်ကို တွေ့ရသည်။

ပုံစံကတော့ ဆေးလွယ်အိပ်လိုလိုဝါပဲ။



သို့သော် ပြည့်တင်းဖောင်းကားလွန်းနေ၏။ ဆရာသည် ထိုလွယ်အိပ်အား ကိုင်ရက်သားမှ ဘယ်ထားရမယ်မှန်း မသိ။ နောက်မှ အိမ်ပြင် ခြံဝင်းထဲ ထိုအထုပ်ကြီးကိုင်လျက် ဆင်းသွားလေ၏။

အတန်ကြာ သူ ပြန်တက်လာသောအခါမှာတော့ ထိုအထုပ်ကြီးပါမလာခဲ့တော့ပါ။

ထိုအထုပ်ထဲမှာ ဘာတွေများပါသလဲ၊ သူမသိ။

သို့သော် ထိုအထုပ်အားမြင်ရသည်မှာ မကောင်းဆိုးရွားတစ်ကောင်ကို မြင်ရသလိုပင် သူ့စိတ်ထဲ သရိုးသရီးဖြစ်မိလေသည်။

ဘာကြောင့် သူ့ထိုသို့ ခံစားရသလဲတော့ သူ မရှင်းပြတတ်ပါ။

သို့သော် ရက်များမကြာမီမှာပင် ...

ထိုသို့ ခံစားလိုက်မိရခြင်း၏ အကြောင်းရင်းအစုံကို ပြည့်တမံယောက် တုန်လှုပ်စွာ သိရှိခဲ့ရပါလေတော့သည်။

www.burmeseclassic.com



[၁၆]

အရင်ဆုံး …

သူတို့ဆီ ရဲမက်တွေ ရောက်လာခဲ့သည်။

''မြို့ဝန်မင်း အမိန့်အရ ရှာဖွေချင်လို့''

တဲ့။ ထိုအခါ ဆရာမှာ မျက်စိမျက်နှာကို ပျက်နေလေတော့၏။

ရဲမက်တွေက အိမ်အနှံ့ပင် ရှာကြလေတော့သည်။

သူတို့ရှာလေသမျှ နေရာတိုင်းသို့လည်း ဆရာမှာ နောက်မှတကောက်ကောက်။ နောက်ဆုံး ခြံထဲ ဆင်းရှာမည်ပြုသောအခါ ဆရာ့ တုန်လှုပ်မှုမှာ အတော်



သိသာခဲ့လေတော့သည်။

''ဘာ ဘာ လုပ်ကြဦးမလို့လည်း ဟင်''

ရဲမက် အကြီးအကဲက ပြော၏။

''ခြံထဲ ဆင်းရှာမလို့လေ''

''ခြံထဲမှာ ဘာရှိမှာ မို့လို့လဲ''

''ဒါကတော့ တွေ့ရင် သိလိမ့်မပေါ့''

ရဲမက်တွေကလည်း အတော်ကို ပါးနပ်ပါသည်။

လှည့်ပတ်ရှာဖွေပြီး မကြာခင်မှာပင် ခပ်မို့မို့ဖြစ်နေသော မြေနေရာတစ်ခုကို တွေ့ကြလေ၏။

''ဒီနေရာဟာ အခုမှ ပြန်ဖုံးထားပုံပေါ်တယ်၊ ဒီထဲမှာ တစ်ခုခုရှိလိမ့်မယ်နဲ့တူတယ်''

''ဒါဆိုလည်း တူးကြည့်လေကွာ''

ဆရာအား လှမ်းကြည့်မိတော့ ချွေးပြိုက်ပြိုက်ကျနေလေပြီ။

မြေမို့မို့အား ရဲမက်တွေ တူးဖော်ကြရာ ခဏချင်းပင် အထဲမှ အထုပ်တစ်ထုပ် ထွက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပြေည့် အံ့ဩသွားမိသည်။

မြေကြီးထဲမှ ထွက်ပေါ်လာသည်မှာ ဟိုတစ်နေ့က ဆေးလွယ်အိပ်လိုလို အထုပ်ဖြစ်နေသောကြောင့်ပင်။

ရဲမက်တစ်ယောက်က ထိုလွယ်အိတ်ထဲရှိသည်တို့ကို ဆွဲထုတ်လိုက်သောအခါ ရွှေ ငွေ အသုံးအဆောင်ပစ္စည်းများ ကျလာလေသည်။

ယင်းတို့မှာ …

မြို့ဝန်မင်းအိမ်တော်မှ အသုံးအဆောင်များ ဖြစ်နေပါလေတော့သည်။

✸



ပြေည့်နှင့် ဆရာ့ကို ခွဲခြားချုပ်နှောင်ထားလေ၏။

အချုပ်တိုက်ထဲတွင် အနေအစားဆင်းရဲလိုက်သည့်ဖြစ်ချင်း။ ပြေည့်ကတော့ အရာရာကို တတ်နိုင်သမျှ မျှမျှတတ နှလုံးသွင်းတတ်အောင် ကြိုးစားပါသည်။

ဖြစ်သမျှအကြောင်း အကောင်းချည်းသာပေါ့။

ပြေည့်ကိုထားရာ အချုပ်တိုက် အပေါ်ဘက်တွင် ဖောက်ဝင်လာသော အလင်းရောင်ပျပျရှိ၏။ အချိန်အားရတုန်း တရားထိုင်သလို ထိုအလင်းရောင်ကို တစ်ချိန်လုံး ရှုမှတ်ငေးကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်သည် ပို ငြိမ်သထက် ငြိမ်လာခဲ့သည်။

ဒီထဲနေရသည်ကိုပင် အေးချမ်းသလို ခံစားလာရသည်။

ထိုအချိန်မှာပင် သူတို့အား မြို့ဝန်ကြီးက စစ်ဆေးရန် အခေါ်လွှတ်လေတော့၏။

မြို့ဝန်ရုံးအလည် ခန်းမဆောင်သို့ ပြေညို့မှာ လက်ပြန်ကြိုးတုပ်လျက်သား ပါသွားခဲ့သည်။

ဆရာက ထိုနေရာသို့ ကြိုရောက်နေခဲ့သည်။ မြို့ဝန်မင်းရောက်အလာကို ဒူးတုပ်လျက်သားကိုယ်စီဖြင့် စောင့်ဆိုင်းနေရင်းမှ ဆရာနှင့်သူ တီးတိုး စကားပြောခွင့်ရခဲ့ပါလေသည်။ သူက စပြောခဲ့ခြင်းဖြစ်၏။

"ဆရာရယ်၊ ဘာတွေများ သွားလုပ်လိုက်တာတုန်း"

"ဒီလိုပေါ့ကွာ၊ မင်းအသုံးမကျတော့လည်း ငါ့ဖာသာ ကြံရတော့တာပေါ့"

"အဲဒီနေ့က အိမ်ကထွက်သွားတော့ ဆရာအဲဒီအိမ်ကို တန်းသွားတာပဲလား"



"ဟုတ်တယ်၊ မင်းပြောတဲ့စကားထဲမှာ အိမ်မှာ အစေခံတစ်ချို့ကလွဲလို့ ဘယ်သူမှ မရှိဘူးဆိုတာနဲ့ ငါ အဲဒီကို သွားခဲ့တာ"

"အဲဒါနဲ့ အဲဒီပစ္စည်းတွေကို ဆရာ ... ဆရာ"

"ခိုးခဲ့တယ်လို့ ရဲရဲပြောစမ်းပါကွာ၊ဟုတ်တယ် ငါခိုးခဲ့တယ်၊ လိုချင်တာကိုးကွ၊ မရရတဲ့နည်းနဲ့ ယူရတော့မှာပေါ့၊ ဒါပေမယ့် ဒီလောက်မြန်မြန် ဆန်ဆန်ကြီး ရိပ်မိသွားလိမ့်မယ်လို့ မထင်ခဲ့ရိုးအမှန်ပဲ၊ ငါက ဖျောက်ဖျက်ဖုံးကွယ်ဖို့ ရှောင်သွားဖို့ အချိန်ရလိမ့်ဦးမယ်ထင်တာ၊ ဒါပေမယ့် အခုကိုလည်း ငါ့မှာအကြံရှိပါသေးတယ်လေ"

သူတို့ပြောနေစဉ်မှာပင် မြို့ဝန်မင်းရောက်လာ၍ စကားစပြတ်သွားကြ၏။

မြို့ဝန်မင်းက ထူးခြားစွာပင် ပြေညို့အား အရင်ကြည့်ကာ စကားဆိုလေ၏။

"မောင်မင်းက ဒီကိစ္စမှာ မပတ်သက်ကြောင်း ငါ့သမီးတော်က ထောက်ခံပေးထားတယ်၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီနေ့စစ်မေးစရာတွေပြီးရင် ပြန်လို့ရပါပြီ၊ ဒါပေမယ့် မေးတာကိုတော့ မှန်မှန်ဖြေစေချင်တယ်"

"ကောင်းလှပါပြီ အရှင်"

ထို့နောက် ဆရာဘက် လှည့်သွားပြန်၏။

"ကဲ မောင်မင်းကတော့ ငါ့အိမ်တော်ကပစ္စည်းတွေကို ခိုးယူခဲ့တယ် မဟုတ်လား"

"မဟုတ်ပါ ကျွန်တော် ခိုးယူခဲ့ခြင်းမဟုတ်ပါ မြို့စားမင်း"

ဆရာ့စကားကြောင့် ပြည့်တင်မက မြို့စားမင်းပါ အံ့အားသင့်သွားခဲ့လေသည်။

"ဟင် လက်ပူးလက်ကြပ်မိခဲ့တာတောင် ငြင်းချင်သေးသလား"

"ကျွန်တော်မျိုးကို အရှင့် ခယ်မ ခင်လေးက ပေးလိုက်ခြင်းသာဖြစ်ပါတယ်၊ ဒါကြောင့်ကျွန်တော် ခိုးယူခဲ့ခြင်းမဟုတ်ပါ"

"ဟင် စကားကို အတော် ဗလောင်းဗလဲ ပြော



လှချည့်၊ ခင်လေးက အဲဒီအချိန်မှာတုန်းက မူးဝေ သိစိတ်ပျောက်မတတ် ဖြစ်နေတယ်ဆို၊ သူက ဘယ့်နှယ့် ပေးမလဲ၊ သူပေးရင်တောင် မှလဲ မင်းက ယူစရာလား၊ ပေးလို့ယူတယ်ဆိုရင်လည်း မင်းအိမ်ခြံမြေထဲမှာ ဝှက်ထားစရာမရှိဘူးလေ၊ ဒါကိုက မရိုးသားမှုကိုပြနေတာပဲ မပြေးသော် ကန်ရာရှိနေပါပြီ မောင်မင်းရယ်"

"ကျွန်တော်မျိုး ဝှက်ထားခြင်းမဟုတ်ပါ၊ မြေမြှုပ်ပစ်ခြင်းသာ ဖြစ်ပါတယ်"

"ဝှက်တာနဲ့ မြေမြှုပ်တာ အတူတူပေါ့၊ ငြင်းမနေပါနဲ့လေ"

"မတူပါ ဘုရား၊ ကျွန်တော်က အရှင်တို့အိမ်မှာ ဘေးဆိုး ကံဆိုးတွေ ကျရောက်မှာ စိုးလို့ ကာကွယ်ပေးတဲ့သဘောနဲ့ ကံနိမ့်စေတဲ့ ပစ္စည်းတွေကို ဆောင်ယူသွားပြီး မြေမြှုပ်ဓာတ်နှိမ်ထားပေးတာပါ"

"တော် တော်၊ မောင်မင်း လှည့်ဖျားကောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်း စွပ်လှည့်ဖျားမနေနဲ့တော့ ငါဟာ မင်း ပြောလေသမျှ ယုံမယ့်သူတွေထဲမှာ မပါဘူး။ မင်းအကြောင်း ငါအားလုံးစုံစမ်းပြီးပြီ၊ မင်းဟာ လောကီပညာကို ဗန်းပြပြီး လိမ်စားနေသူတစ်ယောက်ပေပဲ''

ဆရာမှာ ယပ်ပြောချင်နေသေးသော်လည်း မြို့ဝန်မင်း၏ တင်းမာခက်ထန်သော မျက်နှာထားကို မြင်၍ ခေါင်းပြန်ငုံ့လိုက်လေသည်။

မြို့ဝန်က ပြေညံ့ဘက် လှည့်ကြည့်လာသည်။

''မောင်မင်းကရော ဘာပြောဖို့ရှိသေးလဲ၊ ငါဟာ မြို့ဝန်ဖြစ်ပေမယ့် တရားမျှတ,တယ်လို့ နာမည်ကောင်းရချင်တယ်၊ ဒီကိစ္စဟာ ငါနဲ့ တိုက်ရိုက်ပတ်သက်နေတော့ ပိုဆိုးတာပေါ့၊ ဒီတော့ မောင်မင်းဆရာအကြောင်း မောင်မင်း အသိဆုံးဖြစ်မှာပ၊ အများရှေ့မှာ မောင်မင်း က သိသမျှဖွင့်ချပြီး သက်သေလုပ်ပေးစေချင် တယ်''



ပြေညံ့မှာ တုန်ကနဲပင် ဖြစ်သွားမိလေသည်။

ကိုယ့်ဆရာလည်းပင်း ကိုယ်ကြိုးကွင်းစွပ်ရမည့် ကိစ္စပါလား။

တိုသို့မလုပ်လျှင်လည်း မြို့ဝန်မင်း၏အမျက် ဒေါသက သူ့အပေါ်အချိန်မရွေး ကျရောက်လာနိုင်ပေ သည်။ မတော်က အသက်အန္တရာယ်ပင် စိုးရိမ်ရ လောက်သည် မဟုတ်လား။

ပြေညံ့မှာ ချီတုံချတုံဖြစ်နေမိ၏။

တစ်ဖက်မှာက ကိုယ့် ကျေးဇူးရှင်။

တစ်ဖက်မှာကျပြန်တော့ ကိုယ့် အသက်ဘေး။

ခဏတာလောက် တွေနေမိပြီးမှ သူ ဆုံးဖြတ် ချက်တစ်ခုကို ချလိုက်မိလေတော့သည်။ ခေါင်းမော့ ရင်ကော့၍ သူလျှောက်တင်လိုက်လေ၏။

''ကျွန်တော့်ဆရာ ပြောတာ မှန်ပါလိမ့်မယ် ဘုရား၊ တကယ်ကို အရှင်တို့အကျိုးအတွက် သူ အဲဒီပစ္စည်းတွေယူသွားပေးတာဖြစ်မှာပါ''

မြို့ဝန်ကြီး၏ မျက်နှာမှာ မည်းကနဲ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို မြင်လိုက်ရလေ၏။

"ဟင် မောင်မင်းကပါ ဒီစကားမျိုးပြောရသလား၊ မောင်မင်းကိုပါ အလိုတူ အလိုပါလို့ မှတ်လိုက်ရမလား"

"သည်းခံပါ မြို့စားကြီးဘုရား၊ လောကီပညာ အရ အရှင်မသိနိုင်တာတွေ ရှိပါတယ်၊ ဒါတွေကို သတ်မှုပါဦး ဘုရား"

မြို့စားကြီးက ခေါင်းကိုသွက်သွက်ခါသည်။

"ဟိတ်၊ ငါ့ကို အဲဒီစကားမျိုးတွေ လာပြောမနေနဲ့စမ်း၊ မင်းတို့ပညာဆိုတာကအတုအယောင်ပေပဲ၊ တကယ် အစမ်းသပ်ခံနိုင်တာမျိုးမှ မဟုတ်ဘာ၊ အကောင်အထည်မရှိတဲ့ အရာမျိုးနဲ့ သက်သေလာပြမနေနဲ့"

"အစမ်းသပ်ခံနိုင်ပါတယ် ဘုရား၊ ကြိုက်ရာနည်းမျိုးနဲ့ စမ်းသပ်ပါ"

သူ့စကားကြောင့် ဆရာပင် ဖျပ်ကနဲလှည့်ကြည့်သည်ကို တွေ့ရ၏။ ပွဲဝင်မိမှတော့ ရဲရပေတော့မည်။



မြို့ဝန်ကြီးက ငိုယ်ကိုညွှတ်ကိုင်းကာ သူ့အား အသေအချာကြည့်လေသည်။

"မောင်မင်း တကယ်ပြောတာနော် မင်းတို့ပညာက အစမ်းသပ်ခံနိုင်တယ်လို့၊ သင့်စကားကို ပြန်ပြင်လိုက ပြင်ရန်အချိန်ရှိသေးတယ်"

"မှန်လှပါ၊ မပြင်လိုတော့ပါ ဘုရား"

"ကောင်းပြီလေ၊ ဒီလိုဆိုတော့လည်း စမ်းကြည့်ရတာပေါ့၊ နံနက်ဖန် မြို့တော်ရင်ပြင်မှာ စစ်ဆေးမယ်၊ မောင်မင်းက စိန်ခေါ်လာတာမို့ မောင်မင်းကိုပဲ စမ်းသပ်မယ်၊ ပြောတဲ့အတိုင်း မှန်ရင် မင်းဆရာကိုပါလွှတ်ပေးပြီး မင်းကိုသူ ကောင်းပြုမယ်၊ အေး မမှန်လို့ကတော့ မင်းတို့ နှစ်ယောက်လုံးကို တစ်လက်စတည်း ကွက်မျက် ပစ်မယ်ကွဲ့၊ ကဲ ရဲမက်တွေ ဒင်းတို့ကို အချုပ်တိုက်ဆီ ပြန်ခေါ်သွားလိုက်ကြပါ"

ရဲမက်တွေက သူတို့ကို လာခေါ်သွားကြသည်။ ဆရာနှင့် သူ့အား တခြားစီ။

www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာခါနီး လှမ်းကြည့်သော ဆရာ့မျက်ဝန်းများတွင် ကျေးဇူးတင်သလိုဟန်နှင့်အတူ စိုးရိမ်ဟန်တစ်စွန်းတစ်စကိုလည်း မြင်ယောင်မိလေ၏။

သူကတော့ ဘာကြောင့်ရယ် မသိ။

မနက်ဖြန် စမ်းသပ်ခြင်းအား အောင်အောင်မြင်မြင် ဖြတ်ကျော်နိုင်မည်ဟု သေချာသလို ခံစားနေမိခဲ့လေသည်။



[၁၇]

မြို့တော်ရင်ပြင်တွင် လူတွေ ပြည့်ကြပ်လုခမန်းရှိ၏။ ကြည့်ရတာ သူတို့ပွဲအကြောင်း မြို့ဝန်မင်းက ကြော်ငြာမောင်းခတ်ထားပုံပေါ်သည်။

မှန်ရင် မှန်စေ။ မမှန်ပါကလည်း လူတွေရှေ့မှာ အရှက်ကွဲစေပေါ့။

ပြေည့်မှာ လူတွေ၏ စပ်စပ်စုစု မျက်ဝန်းများအား ရင်မဆိုင်လိုသည်နှင့် ခေါင်းငုံ့ကာသာ လျှောက်လာခဲ့လိုက်သည်။

ဒါတောင်မှ လူအုပ်ရှေ့ ဖြတ်လျှောက်လာစဉ် လူတွေ၏ အသံဗလံများက နားထဲ ထိုးဖောက်ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာကြလေ၏။

"အဲဒီကောင်လေးပေါ့ မြို့ဝန်မင်းကို သူ့ပညာနဲ့ စိန်ခေါ်တယ်ဆိုတာ"

"ဟယ် ငယ်ငယ်လေးနော်၊ ဘာလို့များ သူက စိန်ခေါ်ရတာလဲ"

"ကြားတာတော့ သူတို့ မြို့ဝန်အိမ်ကပစ္စည်းခိုး တာကို မိသွားလို့ ရက်ရက်ရမ်းရမ်းတယ်ဆိုလားပဲ"

"မဆင်မခြင်ရှိလိုက်တာနော်၊ အခုလိုဆိုတော့ သူသေမယ့် လမ်းကိုရွေးလိုက်သလိုပေါ့"

"အေးလေ အတော်မိုက်မဲတာပဲ"

ပြေည့်မှာ ဘုမသိ ဘမသိ ဝေဖန်နေသည်များ ကို မကြားလို၍ နားပင် ပိတ်ထားချင်မိတော့သည်။

လူတွေကိုပင် ချက်ချင်း အမြင်ကတ်လာသလို ဖြစ်သွားမိ၏။

ထိုစဉ်မှာပင် မှတ်မိနေသော အသံလေးတစ်ခု က အာမနာပပြောနေသံများ ကြားမှ ရှိုးမြဲစွာ ထွက်ပေါ် လာလေတော့သည်။



"ဟေ့ လူကြီး"

ဖျပ်ကနဲ လှမ်းကြည့်လိုက်သောအခါ ငဝါထွေး နှင့် ချာတိတ်တစ်သိုက်။ သူတို့အားလုံးက သူ့အား ဖော် ရွေစွာ ပြုံးပြနေကြလေ၏။

"ကျွန်တော်တို့ ခင်ဗျားကို အားပေးနေတယ် သိလား၊ ဘာဖြစ်လို့ ခင်ဗျား ဒီလို ဆုံးဖြတ်ခဲ့ တာလည်းတော့ မသိဘူး၊ ဒါပေမယ့် ခင်ဗျား ဘက်မှာ ကျွန်တော်တို့ရှိတယ်၊ ခင်ဗျား မှန်လိမ့် မယ်လို့လည်း ယုံကြည်တယ်"

ထိုစကားကို ငဝါထွေးက အများကြားအောင် အော်ပြောခြင်းဖြစ်သည်။

နဂိုက ထင်ချင်သလို ထင်ကာ၊ ဝေဖန်ချင်သ လို ဝေဖန်နေသူများမှာ အသံတွေ ရုတ်ချည်းတိတ်ကုန် ကြသည်။ ငဝါထွေးတို့ကိုလည်း မလိုတမာမျက်ဝန်းများ ဖြင့် လှမ်းကြည့်လေသည်။

သူတို့အုပ်စုကတော့ ဘာကိုမှ ဂရုစိုက်ပုံမရ။ ပြေည့်သို့ပင် အားပေးကြောင်း သင်္ကေတအ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ် လက်သီးဆုပ်ပြလိုက်သေး၏။

ရဲမက်တွေက ခပ်သွက်သွက်ဆွဲခေါ်သွားသည်မို့ ပြေည့်မှာ သူတို့ကို ကျေးဇူးတင်ကြောင်း ပြောချင်သော်လည်း အခွင့်မသာလိုက်။ သို့သော် သူ့မျက်လုံးများမှ လှိုက်လှိုက်လှဲလှဲ အရိပ်သင်္ကေတများကိုမူ သူတို့မြင်သွားလောက်ပါပေသည်။

✸

မဏ္ဍပ်ထိုးထားသောနေရာအတွင်းရှိ မြို့ဝန်မင်းရှေ့ ရောက်သောအခါ ဆရာလည်း အသင့်ရောက်နေသည်ကို တွေ့ရ၏။ သို့သော် ဒီပွဲမှာ သူက အဓိက။

သူ့ကို မြို့ဝန်ထိုင်နေရာတည့်တည့်ရှေ့တွင် နေရာချပေး၏။ ဘေးဝဲယာမှာကလည်း မြို့မျက်နှာဖုံး အရေးပါသူများ ဝန်းရံလျက်။

အားလုံး၏အလယ်တည့်တည့်ရှိ စားပွဲပေါ်တွင် ငွေရောင်အုပ်ဆောင်းတစ်ခုကို တွေ့၏။



ယင်းမှာ ဒီနေ့ သူ့ကို စမ်းသပ်မည့်ကိစ္စနှင့် တနည်းတဖုံ ပတ်သက်နေလိမ့်မည်ဟု တွေးလိုက်မိစဉ်မှာပင် မြို့ဝန်မင်းပြောလိုက်သံကို ကြားရလေတော့သည်။

"ကဲ မောင်မင်းကို ရှင်းရှင်းလင်းလင်းပဲ စမ်းသပ်မယ်၊ အဲဒီ ရှေ့က ငွေအုပ်ဆောင်းထဲမှာ ဘာရှိသလဲ မှန်အောင်ပြောပေတော့၊ မှန်ရင် မောင်မင်းပညာ တကယ်စစ်မှန်တယ်လို့ သတ်မှတ်မယ်"

မမှန်ရင် ဘာဖြစ်မယ်ဆိုတာကိုတော့ ထည့်ပြောမသွား။ သို့သော် သေခြင်းမှလွဲ၍ အခြားနည်းလမ်းမရှိသည်ကို နားလည်းလိုက်မိလေသည်။

ငွေရောင်အုပ်ဆောင်းဆီကို တည့်တည့် သေချာစွာ ကြည့်လိုက်မိ၏။ တင်းမာပြောင်လက်သော သတ္တုသား မျက်နှာပြင်သည် သူ့အား ပြောင်လှောင်နေဘိသကဲ့သို့။

ဟန်ကိုယ့်ဖို့သာ မာန်တင်းရသော်လည်း ဒီထဲ

www.burmeseclassic.com

www.burmeseclassic.com



ဘာရှိသည်ကို တပ်အပ်သေချာစွာသိနိုင်ဖို့နည်း သူမှာ မရှိသည်ဖြစ်၏။

လူတွေကို ဟောရပြောရသလို လူကဲခတ်လို့ ရတာမျိုးလည်း မဟုတ်။ ဆရာသင်ပေးခဲ့သမျှမှာလည်း လိမ်နည်း ညာနည်း၊ ရှိုးရွမ်းနည်းတွေသာမဟုတ်လား။

စိတ်အိုက်သလို ရှိလာသဖြင့် ငွေအုပ်ဆောင်းမှ တဒင်္ဂ မျက်နှာလွှဲလိုက်မိ၏။ မြို့ဝန်မင်း၏ ရှောင်ပြောင် သရော်သလို မျက်နှာထားကို မြင်လိုက်မိသည်။

ထိုမှ လွှဲဖယ်မိပြန်သောအခါ

အမှတ်မထင်တွေ့လိုက်ရသည်က ...

ကလျာ။

မြို့ဝန်မင်းနောက်ကျောဘက် ခပ်လှမ်းလှမ်းမှနေ၍ သူအား တစ်ခုခုပြောချင်ဟန် ရှိလေသည်။

သူ ဗိုဏ်၍ အာရုံစူးစိုက်ကြည့်သည်။

ကလျာမှာ ပါးစပ်တွေက လှုပ်လှုပ်ရွရွနှင့်။

သူ့အား အဖြေပြောပြနေခြင်း ဖြစ်လေတော့သည်။



အနည်းငယ် ကွာလှမ်းခြားသော်လည်း သူ ကောင်းစွာ မြင်တွေ့ရပါသည်။ ကံကောင်းသည်မှာ သူကလည်း တော်ရုံ လှုပ်ပါးစပ်လှုပ်ပုံကို ကြည့်၍ အဓိပ္ပါယ် ဖော်နိုင်သော အစွမ်းရှိနေခြင်းပင်။

အသံထွက်ပြောခြင်း မဟုတ်သော်လည်း ကလျာက စကားလုံးပီသအောင် အဓိပ္ပါယ်ဖော်ပြတတ်ပါသည်။

သူမပြောပြနေသော အဖြေမှာ ...

**စိန်လည်ဆွဲ**

ဟူ၍ ဖြစ်လေသည်။

ပြည့်မှာ ဝမ်းသာသွားလိုက်မိသည့်ဖြစ်ချင်း။

သူပဲ တကယ်သိသလိုလိုနှင့် မြို့ဝန်ကြီးအား ခပ်တည်တည် ပြောနိုင်ပေတော့မည်။

သူရော သူ့ဆရာပါ အသက်ဘေးက လွတ်ပြီပေါ့။

ငွေရောင်အုပ်ဆောင်းကို ခပ်တည်တည် ပြန်ကြည့်သည်။ ပြီးတော့ အာရုံယူသလို စူးစိုက်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြောချလိုက်ရန်ပြင်၏။

သို့သော် ...

ထိုစဉ်မှာပင် ...

သူ့ရင်ထဲ လင်းကနဲ ဖြစ်သွားသလို ထင်မြင်လိုက်မိသည်။

ကြည့်နေမိသော မျက်စိရှေ့မှ ငွေရောင်အုပ်ဆောင်းအကာသည် ရုတ်တရက် ပါးလျသွားသည်သို့။

သူ့သဏ္ဍာန်တွင် ...

ငွေအုပ်ဆောင်းကို ဖြတ်လျက် ဒိုးယိုပေါက်မြင်မိလေသည်။ ထိုအထဲ၌ သံအုပ်ဆောင်းတစ်ခုရှိနေလေ၏။

ထို သံအုပ်ဆောင်းကိုဖြတ်ပြီး ထပ်မံမြင်ယောင်ပြန်သည်။ ကြေးအုပ်ဆောင်းတစ်ခု ဖြစ်နေလေ၏။

ကြေးအုပ်ဆောင်းအား ဖြတ်သန်းပြန်သောအခါ နောက်ထပ် ငွေအုပ်ဆောင်းတစ်ခု။ ယင်း၏ အထဲတွင်တော့ ရွှေအုပ်ဆောင်း။ ထိုအထဲတွင် ...

ပြေညှို့မှာ အံ့ဩသွားမိလေ၏။



နောက်ဆုံးအဆင့် ,ရွှေအုပ်ဆောင်းအတွင်းတွင် ဘာမှ ရှိမနေသည်ကို သူမြင်လိုက်ရသောကြောင့် ဖြစ်ချေသည်။

သူမျှား အာရုံမှာနေသလား ပြန်ကြည့်လိုက်မိသည်။ မဟုတ်။ သူမြင်ရသည်က ရှင်းရှင်းကြီးပင်။

အတွင်းတကာ့အတွင်းဆုံး၌ ဘာဆိုဘာမှ ရှိမနေသည်ကိုသာ တွေ့လေ၏။

ဒါဆို ခုနက ကလျာ လှမ်းပြောတာကရော။

သူမကလည်း သူ့အတွက် တကယ်ပင် စိတ်ကောင်းစေတနာနှင့် ပြောခြင်းဖြစ်ကြောင်း သိသာပါသည်။ ကြားထဲမှာ တစ်ခုခုတော့ မှားနေလေပြီ။

ကလျာ ပြောပြသည်ကိုပဲ ဖြေရမလား။

ကိုယ့်အာရုံမှာပေါ်လာတာ ဖြေရမလား၊ ဝေခွဲမရ။ အခက်ကြုံစွာဖြင့်ပင် သူ့ခေါ်ချွေးတွေ ပျံလာမိခဲ့လေ၏။

မြို့ဝန်ကြီးကလည်း ယင်းအဖြစ်ကို သတိထားမိဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်လဲမောင်မင်း၊ ဖော်ထုတ်လို့ မရ တော့ဘူး မဟုတ်လား"

ပြည့်မှာ ရုတ်တရက် စကားမတုံ့ပြန်နိုင်။ ဘာကို ပြောရမည်မှန်း အပြင်းအထန်ဆုံးဖြတ်နေရလေ၏။

စိတ်ရှုပ်ထွေးစွာ ကောင်းကင်ထက်မော့ ကြည့်လိုက်မိ၏။

တိုက်တိုက်ဆိုင်ဆိုင် အဝေးကောင်းကင်တွင် ပျံသန်းသွားသော ကြိုးကြာငှက်လေးတစ်ကောင်းကို လှမ်းမြင်လိုက်မိ၏။

ကြည့်နေရင်းပင် ထိုကြိုးကြာကို အနီးကပ်မြင် လာရသလို ရှိ၏။ မှန်ပြောင်းဖြင့် ဆွဲချုံလိုက်သည်သို့။

အကွာအဝေးချင်း နီးမသွားသော်လည်း အမြင် အားဖြင့် ချက်ချင်းအနီးရောက်လာသလို ထင်ရလေ၏။ ကြိုးကြာအနီးမှ ကပ်ကာလိုက်ပျံနေရသလို သူ့အတောင် ပံ အစွန်းအစလေးတွေကအစ၊ သူ့နှုတ်သီးဖျားကလေး များအား လေတိုးပုံ၊ ခြေချောင်းလေးများအား ကုတ်ထား



ပုံတို့ကိုပင် အသေးစိတ်မြင်ယောင်နေရသကဲ့သို့ ရှိချေ ၏။

ထိုမှ မျက်နှာလွှဲသော် ...

ငွေအုပ်ဆောင်းဆီ အကြည့်ပြန်ရောက်ခဲ့၏။

လုံးဝ မပြောင်းလဲ။ အထဲတွင် ဘာမှ မရှိသော မြင်ကွင်းကိုသာ မြင်နေရဆဲ။ ပို၍ပင် ရှင်းပြတ်လာသကဲ့ သို့ ရှိချေ၏။

ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချလိုက်မိသည်။

မျက်နှာမော့ကာ မြို့ဝန်မင်းဆီသို့ကြည့်၏။

ထိုစဉ် မြို့ဝန်မင်းက လှမ်းမေးလိုက်သည်နှင့် လည်း တိုင်ဆိုင်နေလေသည်။

"ကဲ ဖြေနိုင်ကဖြေပေတော့ မောင်မင်း၊ အချိန် တွေ လင့်လှပြီ"

"မှန်လှပါ၊ အထဲတွင် ဘာမှ မရှိကြောင်းပါ ဘုရား"

"ဟင်"

"ဘယ်လို ပြောလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ အဖြေစကားကြောင့် အားလုံးအံ့အားသင့်သွားကြလေ၏။ ကလျာမှာ စိတ်မကောင်းဖြစ်သွားသလို ခေါင်းတယမ်းယမ်း။

သူက ရဲရဲဝံ့ဝံ့ပင် ဆက်လက်လျှောက်တင်လေ၏။

"ဟောဒီက ငွေအုပ်ဆောင်းထဲမှာ၊ သံအုပ်ဆောင်း တစ်ထပ် ရှိပါသေးတယ်၊ သံအုပ်ဆောင်းထဲမှာတော့ ကြေးအုပ်ဆောင်း ရှိတယ်၊ ကြေးအုပ်ဆောင်းရဲ့ အောက်မှာမှ နောက်ထပ်ငွေအုပ်ဆောင်း၊ အဲဒီ အထဲမှာတော့ ရွှေအုပ်ဆောင်းရှိပါတယ်၊ ဒါပါပဲ၊ အဲဒါတွေကလွဲလို့ နောက်ထပ်ဘာမှ မရှိတော့ပါဘူး၊ အတွင်းဘက်အကျဆုံး ဖြစ်တဲ့ ရွှေအုပ်ဆောင်းထဲမှာ ဘာမှရှိမနေတော့ပါဘူး အရှင်"

"မောင်မင်း သေချာတယ်နော်"

"သေချာပါတယ်"

"ကောင်းပြီလေ၊ မောင်မင်းစကား မှန်မမှန်



အားလုံးသိအောင် ဖွင့်ကြည့်ကြသေးတာပေါ့"

မြို့ဝန်မင်းက စားပွဲရှေ့ လျှောက်လာကာ အုပ်ဆောင်းကို ကိုယ်တိုင်ဖွင့်လှစ်လေ၏။

ငွေအုပ်ဆောင်းအောက်ကို ဖွင့်လှစ်သောအခါ ပြေည့် ပြောသည့်အတိုင်း သံအုပ်ဆောင်း ထွက်ပေါ်လာလေ၏။

သံအုပ်ဆောင်းအောက်တွင်မူ ကြေးအုပ်ဆောင်း။

လူတွေအများကြီးမှာ အသက်ပင် မရှူနိုင်ကြ။

အုပ်ဆောင်းတစ်ထပ်ကို ဖွင့်လှစ်လိုက်လေတိုင်း အံ့အားသင့်သွားသလို ဟာကနဲ ဟင်ကနဲ အသံများ ထွက်ပေါ်လာကြလေသည်။

ပြေည့်ပြောသည့်အတိုင်း အတိအကျမှန်နေသည်ကိုး။

ကြေးအောက်မှာ ငွေ၊ ငွေအောက်မှ ရွှေအုပ်ဆောင်းအထိရောက်သောအခါ ပရိသတ်မှာ တိုင်ပင်ထားကြသလိုပင် ငြိမ်ကျသွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ အသံမပြုနိုင်ကြ။

အသက်ရှူသံလေး ခပ်ပြင်းပြင်းကိုပင် ပီပီ သ သ ကြားနေရသလို ရှိချေသည်။ လူတိုင်း၏ တဒိုင်းဒိုင်း ရင်ခုန်သံသည် လူရိုင်းဗုံသံများလို လက်ရှိ အခြေအနေ ကို စည်းချက်လိုက်နေသည်သို့ ရှိ၏။

မြို့စားကြီး၏ ရွှေအုပ်ဆောင်းဆီ တရွေ့ရွေ့တိုး သွားသောလက်ကို အနေးပြကွက်လို အသေးစိတ် မြင် နေရလေသည်။

ရွှေအုပ်ဆောင်းနှင့် မြို့စားမင်းလက် ထိတွေ့ လိုက်၏။ အုပ်ဆောင်းကို ဖြည်းညင်းစွာ ဖွင့်လှစ်သည်။

တဖြည်းဖြည်း ...

တရွေ့ရွေ့နှင့် ...

ရွှေအုပ်ဆောင်းသည် အများရှေ့မှာပင် တစ်စစ ပွင့်ဟလာလေတော့၏။

မြို့စားကြီးက

ရွှေအုပ်ဆောင်းအား အပြီးသတ် ဖွင့်လှန်ချ လိုက်သည်။



အားလုံး 'ဟာ' ကနဲ ဖြစ်သွားကြ၏။

ရွှေအုပ်ဆောင်းအောက် တင်းမာပြောင်ရှင်းနေ သော စားပွဲမျက်နှာပြင်က အထင်းသား။

ထို စားပွဲပေါ်တွင်တော့ ...

ပြည့်ပြောသည့်အတိုင်း တသွေမတိမ်း ...

ဘာဆိုဘာမှ ရှိမနေခဲ့ပါချေ။

✸

www.burmeseclassic.com

www.burmeseclassic.com



လူတွေ အုပ်အုပ်ကြွက်ကြွက် ဆူညံလှုပ်ရှားနေမှုအား မြို့စားကြီးက လက်မြှောက်ပြကာ ငြိမ်သက်စေလိုက်သည်။

လူသံများ တဖန်ငြိမ်ကျသွားလေမှ မြို့စားကြီးမှာ ပြေည့်နှင့်တကွ လူသူပရိသတ်တို့အား ဝေ့ဝဲကြည့်ရှု၍ တစ်ခွန်းချင်း စကားတို့ ဆိုလေတော့သည်။

"ဒီသူငယ်ရဲ့ ပြောကြားမှုဟာ မှန်ကန်လှပါပေတယ်၊ ပထမတော့ ဒီထဲမှာ ထည့်ထားတဲ့အရာတစ်ခုရှိတယ်၊ နောက်မှ သတင်းပေါက်ကြားမှာစိုးလို့ နောက်ဆုံးအချိန်ကို ကပ်ပြီး ငါပြောင်းလိုက်တာ၊ ဒါ့ကြောင့် အထဲမှာ ဘာမှ မရှိ



တော့တာပေါ့၊ ဒီအကြောင်း ငါကလွဲပြီး ဘယ်သူမှ မသိဘူး၊ ဒါကိုတသွေမတိမ်း မှန်အောင်ဖြေဆိုနိုင်တဲ့အတွက် ဒီသူငယ်နဲ့တကွ သူ့ဆရာကိုပါ အပြစ်မှ လွှတ်ပြီး ဆုတော်လာဘ်တော်များ ချီးမြှင့်မယ်"

လူအုပ်ကြီး၏ တပြိုင်တည်း ကောင်းချီးသြဘာပေးလိုက်ကြသံများမှာ တခဲနက် ဟိန်းညံ့စွာ ထွက်ပေါ်လာလေတော့သည်။ ယခုတော့လည်း သူ့ကို အာမနာပ ပြောမည့်သူတွေ မရှိတော့ပါလား။

လက်ခုပ်တီးနေသူများထဲတွင် ကလျာတစ်ယောက်သည်လည်း ပြုံးရွှင်စွာ ပါဝင်နေသည်ကိုတွေ့၏။

ပြေည့်မှာ ဘယ်သူ့ကိုမှ အာရုံမထားနိုင်သေးဘဲ နောက်ဘက်လှည့်ကာ တွေလိုသူကို ရှာမိသည်။

ပြုံးနေသောမျက်နှာများနှင့် အထင်ကြီးနှစ်လိုဟန်အသွင်များကိုသာ မြင်တွေ့ရ၏။

ငဝါထွေးတို့ကိုမူ ဘယ်လိုမှ ရှာဖွေမတွေ့ရှိတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆုလာဘ်များ ဖွင့်ပိုက်ကာ ပြည့်တို့ဆရာ တပည့် ပြန်ထွက်လာကြစဉ်မှာပင် နောက်မှ လှမ်းခေါ် လိုက်သံ တစ်ခုကြောင့် ခြေလှမ်းများ တုန့်သွားရလေ၏။

လှည့်ကြည့်သောအခါ မြင်လိုက်ရသည်က ကလျာ …

ပြုံးရင်းအနားလျှောက်လာသော ကလျာကို သူက ဦးအောင် စကားစပြောလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ကလျာ"

"အို မဟုတ်တာ၊ ကလျာ့ကြောင့်သာ ဆိုရင် ရှင် ခုလောက်ရှိ ဒုက္ခတွေနေလောက်ပြီပဲ၊ ရှင့်



အစွမ်းကြောင့်သာ အရာရာအောင်မြင်နိုင်ခဲ့တာ မဟုတ်လား၊ ကလျာ့ ကျေးဇူးမတင်ပါနဲ့လေ"

"ဘာပဲဖြစ်ဖြစ် ကူညီချင်တဲ့အဖြစ်ကိုတော့ အသိအမှတ် ပြုရမှာပေါ့လေ၊ ကလျာ့အဖေ မြို့စားကြီးက နောက်ဆုံးမှ ပြောင်းလိုက်တာကို ကလျာမှ မသိတာပဲ"

ထိုစဉ်မှာပင် ဆရာက …

"စကားပြောနေကြဦးနော်၊ ဟိုနားလေး ခဏ"

ဟုဆိုကာ ရှောင်ထွက်ပေးသွားလေ၏။ ကလျာက စကားစပြောလိုက်သဖြင့် ပြည့်မှာ ဆရာ့ကို တားမြစ်ခွင့်မကြုံလိုက်ရပါ။

"ခုလို ပြောဖော်ရတဲ့အတွက် ကလျာကလည်း ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ဘဝမှာလေ ဘယ်ယောက်ျားကိုမှ အထင်မကြီးခဲ့ဖူးဘူး၊ အဖေကလွဲလို့ ဆိုပါတော့၊ အခု ရှင်နဲ့တွေ့တော့မှ အရင်ဆုံး ရှင့်ရဲ့ ဘာကိုမှ မမက်မောတဲ့ စိတ်ကို လေးစားမိတယ်၊ ပြီးတော့ မခင်လေး

www.burmeseclassic.com

www.burmeseclassic.com



ကို အခွင့်အရေးမယူတာ၊ အခု နောက်ဆုံး အကျဉ်းအကြပ်ထဲမှာတောင် ကိုယ်တကယ်ယုံကြည်တဲ့ အမှန်တရားကိုပဲ ရဲရဲဝံ့ဝံ့တင်ပြရဲခဲ့တဲ့ စိတ် …ဒါတွေအားလုံးဟာ တော်ရုံယောကျ်ားမျိုးဆီမှာ မရှိနိုင်ဘူးလို့ထင်တယ်''

''အဲဒီလိုတော့လဲ မဟုတ်ပါဘူးဗျာ၊အကြောင်းတိုက်ဆိုင်သွားလို့နေမှာပါ''

''ကိုယ့်ကိုယ်ကို နှိမ့်ချမနေပါနဲ့တော့ ရှင်ရယ်၊ ဒီလို အကြောင်းတိုက်ဆိုင်တော့မှပဲ ယောကျ်ားကောင်း စစ်မစစ်ကို သိနိုင်ကြတာ မဟုတ်လား၊ ကျွန်မလေ ရှင့်ကို ပြောစရာတစ်ခုရှိတယ်''

ကလျာလေသံနှင့် သူမမျက်လုံးထဲမှ အရိပ်အယောင်တို့ မြင်ကတည်းက သူမ၏ တိမ်းညွတ်မှုကို ခန့်မှန်းနိုင်ခဲ့လေပြီ။

ယခင်အခါများစွာက သူ အလွန်အမင်းလိုချင်တောင့်တမိသောအရာ ဖြစ်သော်လည်း ယခုတော့ ထူး



ခြား ကွဲပြားစွာပင် သူ့စိတ်မှာ ဘယ်လိုမှ မခံစားရပဲဖြစ်နေခဲ့လေ၏။ ကလျာကို မိတ်ဆွေကောင်းတစ်ဦးဟူသော အမြင်မျိုးထက် လုံးဝမပို။

သူ ဘာမှ မတုန့်ပြန်နိုင်ခင်မှာပင် ကလျာက စကားဆက်ကာ ပြောလေတော့သည်။

… ကျွန်မ မကြာခင်ကမှ သိခွင့်ရခဲ့တာပါ၊ ရှင် တစ်ခါက ကျွန်မကို နှင်းဆီပန်းတစ်ပွင့် အိမ်တိုင်ယာရောက် လာပေးဖူးတယ်လို့ ဆိုတယ်၊ ကျွန်မတို့ အိမ်တော်ရဲ့ ခြံစောင့်ကြီးကလည်း ကြောက်ရွံ့ပြီး ကျွန်မလက်ထဲအရောက် ထည့်မပေးဖြစ်ခဲ့ဘူး၊ အခုတောင် သူ့မှာ မဝံ့မရဲနဲ့ ပြောပြဖြစ်ခဲ့တာပါ၊ အဲဒါ ကျွန်မ ပြောချင်တာကတော့ အခုလို အချိန်မှာ ရှင်ပေးလိုခဲ့ရင် ရှင်ပေးမယ့်နှင်းဆီပွင့်ကို ကျွန်မ လိုက်လှိုက်လှဲလှဲ လက်ခံယူပါ့မယ် ဆိုတာကိုပါပဲ''

အတော်ပါးနပ်သော စကားပင် ဖြစ်ပါသည်။ အမိပွါယ်လည်း အတော်ပါ၏။ ပြည့်မှာ ရှုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



ဘာပြန်ပြောရမယ်မှန်းပင် မသိ။ အတန်ငယ် စဉ်းစားပြီးမှ ပြတ်သားစွာ ပြီးတော့ ယဉ်ကျေးစွာဖြင့် ပြေပြည့်တုံ့ပြန်လိုက်လေသည်။

"ကျွန်တော် အမှန်အတိုင်းပြောရရင်လေ၊ ဒီလောကကြီးကို ကြောက်သွားမိပြီ သိလား၊ အရမ်း ပူလောင်လွန်းဘယ်၊ လောကထဲက ကောင်းမြတ်တဲ့ အရေးနှန်သမျှ ကိုယ်တစ်ယောက်တည်း ရချင်ကြတယ်၊ သိပ်စကားလုံးအကြီးကြီးတွေ မပြောချင်ပါဘူး၊ ဒါပေမယ့် လောကထဲက လူတိုင်းဟာ ကိုယ့်ဖို့ချည်းကိုယ်လုပ်ကြရင်း ပြန်လမ်းမရှိတဲ့ ချောက်နက်ကြီးဆီ တရွေ့ရွေ့ဆင်းသက်နေကြသလိုပဲ၊ ကျွန်တော်တော့ ဒီလောကထဲက ထွက်ပြေးဖို့ ကြိုးစားတော့မယ်၊ ဒါကြောင့် ကလျာကို တစ်ပါတည်း နှုတ်ဆက်ခဲ့ပါတယ်"

ကလျာမှာ မျက်နှာကလေးတစ်ချက်ပျက်သလိုဖြစ်သွားသော်လည်း ချက်ချင်း အိနြေ္ဒပြန်ဆည်လိုက်နိုင်သည်။



"ကောင်းပါပြီလေ၊ အခု တစ်ကြိမ်မှာလည်း ကိုယ်မှန်တယ်ထင်ရာလျှောက်လှမ်းဝံ့တဲ့ သတ္တိအတွက် ကျွန်မချီးကျူးပါတယ်၊ ကံမကုန်ရင်တော့ ပြန်ဆုံကြသေးတာပေါ့"

"ဟုတ်ကဲ့ပါ၊ အခုတော့ သွားပါဦးမယ်နော်"

"ကောင်းပါပြီရှင်"

ချက်ချင်းပင် ကျောခိုင်း လှည့်ထွက်လာခဲ့လိုက်သည်။

တကယ်တော့ ပူလောင်မှုများပြည့်နှက်နေရာ လောကကြီးအား လုံးဝနောက်ဆံမတင်းပဲ ကျောခိုင်းခဲ့လိုက်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[၁၈]

အိမ်ပြန်ရောက်၍ သူ့ပစ္စည်းလေးအနည်းငယ်အား သိမ်းဆည်းထုပ်ပိုးနေသည်ကို ဆရာမြင်သည့်အခါ အံ့ဩသွားပုံရလေသည်။

"ဘာလုပ်မလို့ကွ"

"ကျွန်တော် ထွက်သွားတော့မလို့ပါ"

ဘယ်သွားမှာလည်းဟု ဆရာ မမေး။ သို့သော် သူ့ကို တားမြစ်လေသည်။

"မင်း ငါ့ကို စိတ်ထဲ တစ်မျိုးဖြစ်နေတယ်နဲ့ တူတယ်၊ ငါလုပ်မိတာတွေဟာ မှားချင်လည်း မှားမယ်၊ မှန်ချင်လည်း မှန်မယ်၊ တကယ်တော့



မှန်တယ် မှားတယ်ဆိုတာ ရလာဒ်တွေပေါ်မူတည်ပြီး ဆုံးဖြတ်ကြတာပါကွာ၊ မင်းနိုင်ရင် မင်းဟာ သူ့ရဲကောင်းပဲ၊ အေး အဆင့်မသင့်လို့ ရှုံးနိမ့်ခဲ့ရင်တော့ မင်းဟာ ဗီလိန်ပေါ့၊ တကယ်တော့ လူတွေရဲ့ လက်ခုပ်သံတွေရော ကဲ့ရဲ့ရှုံ့ချခြင်းတွေရောဟာ အကျိုးတရားခြင်း သိပ်ကွာခြားလှတာ မဟုတ်ပါဘူးကွာ"

"ကျွန်တော် ဆရာ့ကို စိတ်ထဲ ဘယ်လိုမှ မဖြစ်ပါဘူး ဆရာ၊ ဟိုးတုန်းကတည်းကနေ အခုထိ ဖခင်တစ်ယောက်လို သဘောထားဆဲပါ"

"ဒါဆိုလည်း မင်းမသွားပါနဲ့၊ အခုဆို မင်းဟာ ဒီမြို့တော်မှာ လူတွေ အထင်ကြီး အယုံကြည်ဆုံး မှော်ဆရာ ဖြစ်နေခဲ့ပြီ၊ သိပ်မကြာခင်ပဲ မင်းဟာ တစ်တိုင်းပြည်လုံးမှာ လျှမ်းလျှမ်းတောက် ဖြစ်လာလိမ့်မယ်၊ အို ဒါတင်မကပါဘူးကွာ၊ ဒီခေတ်တစ်ခုလုံးမှာတောင် မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



အကျော်ကြားဆုံးသူ ဖြစ်သွားနိုင်တယ်၊ ငါ လည်း အသက်ထောက်လာပြီမို့ နောက် သိပ်မ ကြာခင် သိပ်ပြောပြောနိုင်တော့မှာ မဟုတ် ဘူး၊ မင်းကိုပဲ အားလုံးလွှဲတော့မှာပါ၊ ဆက်နေ ပြီး အောင်မြင်မှုတွေဆက်ခံစားပါဦး ငါတပည့် ရယ်''

''ခွင့်လွှတ်ပါ ဆရာ၊ ကျွန်တော် လိုချင်တာ အဲဒါတွေ မဟုတ်လို့ပါ''

ပါးစပ်က ပြေလည်းပြော ဆရာ့ကို ဦးချကန် တော့လိုက်သည်။ ယောကျ်ားသားချင်းဖြစ်သည်မို့ တစ် ယောက်၏ ပြတ်သားမှုကိုတစ်ယောက် မြင်တွေ့ ခံစား လိုက်နိုင်ပုံရသည်။

ဆရာက ဆက်ကာ ရှည်ရှည်ဝေးဝေး မတား မြစ်တော့။

ငပြည့် အိမ်ပေါ်မှ ဆင်းသက်လာခဲ့စဉ်မှာတော့ ဆရာ တစ်ခွန်းလှမ်းမေးသေးသည်။

''ဘယ်ကိုသွားမလို့လည်း''



''ငြိမ်းချမ်းမှုတွေရှိမယ့် နေရာကိုပါ''

ဆက်လျှောက်ခဲ့သော သူ့ခြေလှမ်းများမှာ ပေါ့ပါးခိုင်မာလွန်းလှပါချေသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် တွေ့လိုက်မိစဉ်၌ နှစ်ယောက်လုံး အံ့အားသင့်သွားခဲ့လေသည်။

သူကအရင် စမေးဖြစ်ခဲ့၏။

"မင်းတို့က ဘယ်သွားကြမလို့လဲ"

"ဪ"

ငုဝါထွေးမှာ အံ့ဩသလို အာမေဋိတ်ပြုကာ စကားဆက်မဆိုဖြစ်သေး။ ပြည့်နဲ့ ခင်မင်နေပြီဖြစ်သည့် ချာတိတ်အုပ်စုထဲမှ နှုတ်သွက်သောကောင်လေး တစ်ယောက်က ဝင်ပြောပြလေသည်။

"ကျွန်တော်တို့ ပြောင်းကြမလို့လေ၊ ဒီလိုပဲ



ကျွန်တော်တို့က တစ်နေရာမှာ တစ်ရာသီလောက် နေပြီးရင် အမြဲပြောင်းနေကျ၊ အခုဆို ဟိုနေ့တွေကတည်းက ပြောင်းဖို့ဟာ မမငု ကြောင့် မပြောင်းဖြစ်သေးတာ၊ သူက အစ်ကို တို့ပြဿနာပေါ်နေတာတွေ ပြီးမှ သွားပါရစေ ဆိုတာနဲ့၊ အစ်ကိုကရော ဘာကိစ္စ ဒီဘက်လာ တာလဲ ဟင်"

ပြည့် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည်။

"ငါလည်း မင်းတို့နဲ့ လိုက်ခဲ့ချင်လို့ပါ"

"ကျွန်တော်တို့က နေရာအတည်တကျမရှိဘူး နော်၊ ကြုံရာကျပန်း လျှောက်သွားနေတာ"

"ဝါ သိပြီးသားပါကွာ၊ တစ်ခုတော့ သိချင်တယ်၊ အသက်မွေးဝမ်းကျောင်းကျတော့ရော ဘာလုပ်ကြသလဲ"

"အမျိုးမျိုးပဲ ဗျ၊ သဘင်သည်တွေ ပါတယ်၊ ရောက်ရာအရပ်မှာ မျက်လှည့်လိုက်ပြတဲ့သူ၊

www.burmeseclassic.com

www.burmeseclassic.com



လက်လှည့်စက်ကလေးနဲ့ အဝတ်ချုပ်သူ ရှိနေတာပဲ၊ ကျွန်တော်တို့နဲ့လိုက်မယ်ဆို အစ်ကိုက ရော ဘာလုပ်မှာလည်း''

''ငါက ဆေးပင်တွေအကြောင်း အတော်သိတယ်ကွ၊ လူတွေအတွက် ရှားပါးဆေးပင်တွေ ရှာရောင်းမှာပေါ့''

ထိုစဉ် နောက်ထပ်ချာတိတ်တစ်ယောက်က ဝင်ပြောလိုက်လေ၏။

''အစ်ကိုက လောကီပညာတွေလည်း တတ်တယ်လေကွာ၊ အထပ်ထပ်ဖုံးကာထားတဲ့ထဲမှာ ရှိတဲ့အရာကိုတောင် မှန်အောင်မြင်နိုင်စွမ်းရှိခဲ့တာပဲ၊ အဲဒီပညာနဲ့လုပ်စားလို့လည်း ရတာပဲကွ''

''ဟေအေး၊ အဲဒါတော့ ငါမလုပ်ဘူးကွာ''

''ဘာလို့လဲ အစ်ကိုရဲ့''

''ပြောရရင် အရှည်ကြီးပေါ့ကွာ၊ လူတွေကို သူတို့အနာဂတ်မှာ ဘာတွေဖြစ်လာနိုင်တယ်ဆို



တာ ဟောပြောနိုင်လို့ကော ဘာထူးမှာမို့လည်း၊ တကယ်တော့ ကံကြမ္မာဆိုတာ လူကလုပ်တာ ပါကွာ၊ လူက အရာရာကို ပြောင်းလဲနိုင်ပါတယ်၊ ပြောရရင် ဟိုတစ်နေ့က ကြုံခဲ့တာတစ်ခုကို အိပ်မက်လို ငါ အသေးစိတ်တွေ့ပြီးသားကွ၊ ဒါပေမယ့် ငါပြောင်းလဲလိုက်နိုင်တယ်၊ ငါသာ ကံကြမ္မာကို ကြိုမြင်မိတဲ့အတိုင်း ဘာမှ ပြုပြင်ဖို့ အားမထုတ်ခဲ့ရင် ခုလောက်ရှိ ငါ့ဆရာ သေနေလောက်ပြီကွ၊ ဒီတော့ လူသားတွေအတွက် နောင် သူတို့ ဘာဖြစ်လာဖို့ရှိတယ်ဆိုတာ အရေးမကြီးဘူး၊ အဖြစ်အပျက်တွေပေါ် သူတို့ ဘယ်လိုကိုင်တွယ်လဲ ဆိုတာကပဲ အရေးကြီးတယ်၊ လောကကပေးတဲ့အရာတွေပေါ် လူတွေရဲ့ တုံ့ပြန်ကြိုးပမ်းမှုကသာ တကယ်တမ်း ကံကြမ္မာကို ဖြစ်ပေါ်လာစေတဲ့အရာတွေ ဖြစ်တယ်''

''အစ်ကိုပြောတာတွေ ကျွန်တော်တို့ သိပ်တော့

www.burmeseclassic.com

www.burmeseclassic.com



နားမလည်ဘူး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အစ်ကို လိုက်လာမှာကိုတော့ ကြိုဆိုပါတယ်၊ တစ်ခါတည်းသာ လိုက်ခဲ့ပေတော့"

"တစ်ယောက်ယောက်ဆီက သဘောတူညီမှု ယူဖို့မလိုဘူးလား"

"မလိုပါဘူးဗျာ၊ ကျွန်တော်တို့က အဲဒီလို ဘောင်အကြပ်အတည်းတွေကို မကြိုက်လို့ခုလို နေကြတာဗျ၊ နောက်ပြီး အစ်ကိုလိုက်လာတာလည်း မကောင်းတဲ့ကိစ္စမှ မဟုတ်ပဲ၊ ကျွန်တော်တို့က နေထိုင်ပုံသာ ရဲရင့်ပေမယ့် အတွေးအခေါ် မရဲရင့်သေးဘူး၊ အစ်ကိုက ကျွန်တော်တို့အားလုံးကို အများကြီး သင်ကြားပြသပေးရဦးမှာ"

သူတို့ စကားပြောနေစဉ်မှာပင် လှည်းအုပ်ကြီးသည် ထွက်စပြုလေပြီ။ ချာတိတ်တွေက သူတို့နှင့်ဆိုင်ရာလှည်းများသို့ အလျှိုအလျို ပြေးလိုက်သွားကြ၏။

ပြေည့်ကို သူတို့လှည်းတွေပေါ် လိုက်ဖို့ခေါ်သော်လည်း မလိုက်ခဲ့။



နောက်ဆုံး ...

အသေးဆုံးလှည်းလေးဖြစ်သော ငုဝါထွေး လိုက်ပါသည့် လှည်းပေါ် သူတက်လိုက်သည်။

ငုဝါထွေးက တစ်ချက် မျက်လုံးထောင့်ကပ်ကြည့်လိုက်သော်လည်း ဘာမှမပြော။

လှည်းထွက်စပြုပြီး မကြာခင်မှာပင် ငုဝါထွေးမှာ သီချင်းလေးတစ်အေးအေး ညီးကာလာလေ၏။

သူ မေးလိုက်မိသည်။

"ဘာသီချင်းဆိုနေတာလည်း ဟင်"

"ကျွန်တော်တို့ အုပ်စုထဲက လူတွေ အစဉ်အဆက် ဆိုခဲ့ကြတဲ့သီချင်းပါ၊ သီချင်းနာမည်လဲ မရှိဘူး၊ ရေးတဲ့သူလည်း မသိတော့ဘူး၊ ဒီလိုပဲ တစ်နေရာက တစ်နေရာပြောင်းရင် ဆိုတတ်ကြတဲ့သီချင်း ... စိတ်ဝင်စားရင်ဆိုပြမယ်လေ"

ငုဝါထွေးက သီချင်းလေးကို တစ်ခေါက်ပြန်ဆိုပြလေသည်။ သီချင်းဆိုသော်လည်း ကဗျာလေးနှင့်တူလှ၏။

www.burmeseclassic.com

www.burmeseclassic.com



အဆုံးမဲ့တဲ့
လောက လွင်ပြင်ကျယ်ကြီးထဲမှာ
နေရာတိုင်းဟာ ငါတို့နေရာ။

ရှင်သန်ဖို့အတွက် ကျောတစ်ခင်းစာ၊
စားသောက်ဖို့အတွက် တစ်နပ်စာ၊
လှုပ်လပ်ခြင်းဟာ လွဲလို့
ဘာမှ ငါတို့မတောင့်တာပါ။

လက်သီးဆုပ်တွေကို ဆုပ်ဖို့မလို၊
ဘာကိုမှ ငါတို့ မဆုပ်ကိုင်ပါ။
ဘယ်သူ့မှ ငါတို့ မထိုက်နိုက်ပါ။
လက်ဝါးဖြန့်ပြီး နွေးထွေးစွာ
ငါတို့နဲ့ လက်တွေချင်း ယှက်ထားလှည့်ပါ။

တောင်းကင်နဲ့ မြေပြင်ကြီးအတွင်းမှာ
နေရာရှိသမျှ ငါတို့သွားလာရင်း
အဝေးဆိုတဲ့ခရီး မဆုံးမချင်း လျှောက်ကြမှာ။
အဝေးဆိုတဲ့ခရီး မဆုံးမချင်း လျှောက်ကြမှာ။



ချက်ချင်းပင် သူ ထိုသီချင်းကို ကြိုက်သွားမိပြီး ငုဝါထွေးနှင့်အတူ လိုက်ဆိုမိခဲ့လေသည်။

သူတို့ဆိုသည်ကိုကြားကာ တခြားသူတွေက လည်း လိုက်ဆိုကြလေ၏။

ခဏအတွင်းမှာပင် ခရီးဆက်နေသော လှည်းအုပ်ကြီးတစ်ခုလုံး ထိုသီချင်းအား သံပြိုင်ဆိုမိလျက်သား ဖြစ်နေလေတော့သည်။



ဒဂုန်ကျော်စွာ

၂၂.၂.၂၀၀၉

ည ၁၁း၂၃ နာရီ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် နာမည် **ဒသသကျော်စွာ** ပါ။

ဒါပေမယ့် ဒီဝတ္ထုကိုတော့
**ဒတ္တကျော်စွာ** နာမည်နဲ့ ရေးပါတယ်။

ဒသသကျော်စွာဟာ
သရဲဝတ္ထုတွေနဲ့ ပရိသတ်လက်ခံခဲ့တာမို့
အဲဒီနာမည်နဲ့ သရဲဘလွဲပြီး ဘာမှ ရေးလို့မရပါဘူး။
သရဲတောင်မှလည်း အရမ်းကြောက်စရာကောင်းမှ၊
မြန်မာစစ်စစ်ဖြစ်မှ ဘဝင်ကျကြတယ်။
ထိတ်လန့်ခြောက်ခြားဖွယ် ရသကို
နည်းနည်းလေးမှ လျှော့လို့ မဖြစ်ပါဘူး။

ဒါကြောင့် အခုဒီဝတ္ထုကို နာမည်ပြောင်းရေးရတာပေါ့
ဒါပေမယ့် ကျွန်တော့် ဝတ္ထုတွေရဲ့ နှုန်းစံအတိုင်း
အရမ်းစိတ်ဝင်စားစရာကောင်းဖို့၊
ပထမဆုံးစာမျက်နှာကို စဖတ်မိတာနဲ့
လက်ကမချချင်အောင် ဆွဲခေါ်သွားဖို့၊
... တော့ အပြည့်အဝ အားထုတ်ထားပါတယ်။

ဒီဝတ္ထုဟာ သရဲဝတ္ထုမဟုတ်ပါဘူး။
ဒါပေမယ့် အံ့သြဆန်းကြယ်မှုရသကိုတော့
တကယ်ထိရောက်စွာ ပေးနိုင်လိမ့်မယ် ထင်ပါတယ်။

ဟိုးအရင် အချိန်ကာလတစ်ခုတုန်းက
မြန်မာပြည် အထက်ပိုင်းဒေသမှာ ...
ရွာလေးတစ်ရွာ ရှိခဲ့ဖူးတယ်။

အဖြစ်အပျက်တစ်ခုကြောင့်
အဲဒီရွာရဲ့ နာမည် ...
'သမန်းကျားရွာ' လို့ နာမည်ပြောင်းဖူးခဲ့ကြတယ်။

တကယ်တော့ ဒီအဖြစ်တွေအားလုံးဟာ
တောက်တီးတောက်တဲ့ လို့ခေါ်တဲ့
နာမည်ဆန်းဆန်း ညီအစ်ကိုနှစ်ယောက်က
အစပြုခဲ့ကြတာပါ။

# သမန်းကျားရွာ

# ဒတ္တကျော်စွာ

www.burmeseclassic.com